# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# နဝမပုံမှန်အစည်းအဝေး
# နဝမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | ပဲခူးမြို့တွင် အစိုးရစက်မှုလက်မှုသိပ္ပံသင်တန်းကျောင်း(AGTI)နှင့် ဆရာအတတ်သင်ပညာရေး ကောလိပ်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၆ | မန်တုံမြို့နယ် ပညာရေးမှူးရုံး၊ ရုံးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၇ | အခြေခံပညာရေးကဏ္ဍတွင် အမျိုးသားဆရာဦးရေ သိသာစွာကျဆင်းနေသည့်အတွက် အမျိုးသားဆရာ ဦးရေတိုးချဲ့ခန့်ထားရန် သင့်လျော်သော အစီအစဉ်များဆောင်ရွက်ထားခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၉ |
| ၈ | ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲမေးခွန်းများ ပုံစံပြောင်းမေးမြန်းရန် စီစဉ်ထားခြင်းနှင့်ဆက်စပ်၍ မည်သည့် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ချက်ချင်းပြောင်းလဲရန်စီစဉ်ထား သည်ကို သိလိုခြင်းနှင့် အလေ့အကျင့်ရရှိစေရန် ယခုနှစ်တွင် နဝမတန်းမှသာ စတင် ပြောင်းလဲပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၉ | တိုက်ကြီးမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုဖျက်ပြီးသော မြို့မ(၁) အ.မ.က(မူလွန်)ကျောင်းကို ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၁၀ | မုံရွာမြို့၊ အလုံရပ်ကွက်၊ မင်းဒေါင့်နယ်မြေ အ.မ.က(၄၂)ကျောင်းဝင်းဟောင်း မြေနေရာအား ကျောင်းပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |
| ၁၁ | ရပ်စောက်မြို့နယ်နှင့် ပင်းတယမြို့နယ် ဆက်သွယ်သွားလာသော မြို့နယ်ချင်းဆက် ကျေးလက်လမ်း ဖြစ်သည့် ကြာအင်း-မြောင်းတော်-သနပ်တောင်-ဝန်စို-ဖောင်းပြားလမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တွင် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း | ၂၁ |

| | | |
|---|---|---|
| | သည့်မေးခွန်း | |
| ၁၂ | ကွမ်းလုံမြို့ရှိ သံလွင်မြစ်ကူးကြိုးတံတားကြီးနှင့်စပ်လျဉ်း၍ မည်သို့စီစဉ် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၂ |
| ၁၃ | အိမ်မဲမြို့နယ်အတွက် အဓိကကျေးလက်လမ်းဖြစ်သည့် မယ်ဇလီစာဖြူစု-မှန်ကုန်းလမ်းကို ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်တင် ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၅ |
| ၁၄ | ရွှေကျင်မြို့နယ်၊ ရွှေကျင်-ဝင်းကံလမ်းပိုင်းရှိ ကွင်းဆိပ်-ကျုံချောင်း ၃ မိုင်ခွဲမြေသားတာဖို့လမ်းမကြီးပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း | ၂၇ |
| ၁၅ | ရခိုင်ပြည်နယ်၏ စီးပွားရေးအချက်အချာကျသော အဓိကဝင်ပေါက်ဖြစ်သည့် မင်းဘူး-အမ်း-စစ်တွေ လမ်းမကြီးအား ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ်သို့ အထူးစီမံကိန်း တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၃၂ |
| ၁၆ | ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ရှိ တုံးမဝ-ဘဲဒုံ မြေသားလမ်း (၁၁/-)မိုင် အနက် ကျန်ရှိသော (၂/၄)မိုင် အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၃၆ |
| ၁၇ | ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က မြန်မာ့ပညာရေး ဖွံ့ဖြိုး တိုးတက်မှု အရှိန်အဟုန် မြှင့်တင်နိုင်စေရန်အတွက် အဆင့်မြင့်ပညာ ကဏ္ဍတွင် သုတေသနရပ်ဝန်းကောင်းများ ဖော်ဆောင်ပေးပါရန်နှင့် သုတေသနဆောင်ရွက်သူ ပညာရှင်များအား သုတေသနရန်ပုံငွေ လုံ လောက်စွာ ထောက်ပံ့ချီးမြှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံး အဖြတ်ရယူခြင်း | ၃၈ |
| ၁၈ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော စာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း | ၄၅ |
| ၁၉ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမမပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း | ၇၁ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး

## နဝမနေ့ အစီအစဉ်

## [ ၁၄–၈–၂၀၁၈ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **ပဲခူးမြို့တွင် အစိုးရစက်မှုလက်မှု သိပ္ပံသင်တန်းကျောင်း(AGTI) နှင့် ဆရာအတတ်သင် ပညာရေး ကောလိပ် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်နန်းမိုး၊ မန်တုံ မဲဆန္ဒနယ်၏ **မန်တုံမြို့နယ် ပညာရေးမှူးရုံး၊ ရုံးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **အခြေခံပညာရေး ကဏ္ဍတွင် အမျိုးသားဆရာဦးရေ သိသာစွာကျဆင်းနေသည့်အတွက် အမျိုးသား ဆရာဦးရေ တိုးချဲ့ခန့်ထားရန် သင့်လျော်သော အစီအစဉ်များ ဆောင်ရွက် ထားခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်ကျော်ဦး၊ မိုင်းတုံ မဲဆန္ဒနယ်၏ **၂၀၁၈–၂၀၁၉ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲမေးခွန်းများ ပုံစံပြောင်း မေးမြန်းရန် စီစဉ်ထားခြင်းနှင့်ဆက်စပ်၍ မည်သည့်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ချက်ချင်းပြောင်းလဲရန် စီစဉ်ထားသည်ကိုသိလိုခြင်းနှင့် အလေ့အကျင့် ရရှိစေရန် ယခုနှစ်တွင် နဝမတန်းမှသာ စတင်ပြောင်းလဲပေးရန် အစီအစဉ်ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်မြင့်၊ တိုက်ကြီး မဲဆန္ဒနယ်၏ **တိုက်ကြီးမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ဖြိုဖျက်ပြီးသော မြို့မ (၁) အ.မ.က(မူလွန်)ကျောင်းကို ပြန်လည်ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးညွန့်အောင်၊ မုံရွာ မဲဆန္ဒနယ်၏ **မုံရွာမြို့၊ အလုံရပ်ကွက်၊ မင်းဒေါင့်နယ်မြေ အ.မ.က (၄၂) ကျောင်းဝင်းဟောင်းမြေနေရာအား ကျောင်းပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **ရပ်စောက်မြို့နယ်နှင့် ပင်းတယမြို့နယ် ဆက်သွယ်သွားလာသော မြို့နယ်ချင်းဆက် ကျေးလက်လမ်းဖြစ်သည့် ကြာအင်း–မြောင်းတော်– သနပ်တောင်– ဝန်စို–ဖောင်းပြားလမ်းကို ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးယန်ကျင်းကန်၊ ကွမ်းလုံ မဲဆန္ဒနယ်၏ **ကွမ်းလုံမြို့ရှိ သံလွင်မြစ်ကူးကြိုးတံတားကြီးနှင့်စပ်လျဉ်း၍ မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်၏ **အိမ်မဲမြို့နယ်အတွက် အဓိက ကျေးလက်လမ်းဖြစ်သည့် မယ်ဇလီစာဖြူစု–မုန်ကုန်းလမ်းကို ရာသီမရွေး သွားလာနိုင်သော လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၏ **ရွှေကျင်မြို့နယ်၊ ရွှေကျင်ဝင်းကဲလမ်းပိုင်းရှိ ကွမ်းဆိပ်–ကျုံချောင် သုံးမိုင်ခွဲ မြေသားတာဖို့လမ်းမကြီးပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဋ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်၏ စီးပွားရေးအချက်အချာကျသော အဓိကဝင်ပေါက်ဖြစ်သည့် မင်းဘူး–အမ်း–စစ်တွေ လမ်းမကြီးအား (၁၂)ပေ မှ (၁၈) ပေ အကျယ်ကတ္တရာလမ်းသို့မဟုတ် ကွန်ကရစ်လမ်းအဖြစ်သို့ အထူးစီမံကိန်းတစ်ရပ်အသွင်ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဌ) ဦးစိန်အောင်၊ ပလက်ဝ မဲဆန္ဒနယ်၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ရှိ တုံးမဝ–ဘဲဒုံ မြေသားလမ်း (၁၁/–) မိုင်အနက် ကျန်ရှိသော (၂/၄) မိုင်အား ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာဦးလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်က **"မြန်မာ့ပညာရေးဖွံ့ဖြိုး တိုးတက်မှု အရှိန်အဟုန် မြှင့်တင်နိုင်စေရန်အတွက် အဆင့်မြင့်ပညာကဏ္ဍတွင် သုတေသန ရပ်ဝန်းကောင်းများ ဖော်ဆောင်ပေးပါရန်နှင့် သုတေသန ဆောင်ရွက်သူ ပညာရှင်များအား သုတေသနရန်ပုံငွေ လုံလောက်စွာ ထောက်ပံ့ချီးမြှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် န၀မပုံမှန်အစည်းအဝေး န၀မနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး**
**နဝမနေ့မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၃ ရက်**
**(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)**
**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၅၈ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၃.၂၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

မူကြမ်း

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးခင်မောင်သိန်း၊ စစ်ကိုင်းမဲဆန္ဒနယ်ကကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၅၈ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၆၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် ခွင့် ၁၈ ရက်၊
(၂) မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် ခွင့် ၄ ရက်၊
(၃) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊
(၄) သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည် ခွင့် ၄ ရက်၊
(၅) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၂ ရက်၊
(၆) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊
(၇) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၇ ရက်၊
(၈) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊
(၉) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၁ ရက်၊
(၁၀) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊
(၁၁) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊
(၁၂) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း ခွင့် ၁ ရက်၊
(၁၃) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေး ခွင့် ၁ ရက်၊
(၁၄) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊
(၁၅) မြောင်မဲဆန္ဒနယ်မှ ဦးဌေးငွေ ခွင့် ၁ ရက်၊
(၁၆) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊
(၁၇) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်၊
(၁၈) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊

(၁၉) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၁ ရက်၊
(၂၀) ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊
(၂၁) ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ခွင့် ၁ ရက်၊
(၂၂) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၁ ရက်၊
(၂၃) မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် ခွင့် ၁ ရက်၊
(၂၄) ခန္တီးမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန် ခွင့် ၁ ရက်၊
(၂၅) တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း ခွင့် ၄ ရက်၊
(၂၆) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ ခွင့် ၄ ရက်၊
(၂၇) တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်(ခ)ဦးအောင်ပွင့် ခွင့် ၂ ရက်၊
(၂၈) ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း ခွင့် ၁ ရက်၊
(၂၉) မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် ခွင့် ၁ ရက်၊
(၃၀) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၄ ရက်၊
(၃၁) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊
(၃၂) ရေတာရှည်မဲဆန္ဒနယ်မှ ဦးကြည်မိုးနိုင် ခွင့် ၁ ရက်၊
(၃၃) ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး ခွင့် ၁ ရက်၊
(၃၄) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၁ ရက်၊
(၃၅) မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ခွင့် ၁ ရက်၊
(၃၆) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်၊
(၃၇) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊
(၃၈) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၁ ရက်၊
(၃၉) ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် ခွင့် ၂ ရက်၊
(၄၀) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၄ ရက်၊
(၄၁) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊
(၄၂) ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ ခွင့် ၄ ရက်၊
(၄၃) တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၄ ရက်၊
(၄၄) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ခွင့် ၁ ရက်၊
(၄၅) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၁ ရက်၊
(၄၆) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၁ ရက်၊
(၄၇) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊
(၄၈) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၄ ရက်၊
(၄၉) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊
(၅၀) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၁ ရက်၊
(၅၁) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၄ ရက်၊
(၅၂) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊

(၅၃) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက်၊
(၅၄) နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန် ခွင့် ၁ ရက်၊
(၅၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစောကျော်အောင် ခွင့် ၄ ရက်၊
(၅၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးကိုကို ခွင့် ၄ ရက်၊
(၅၇) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ခွင့် ၁ ရက်၊
(၅၈) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင် ခွင့် ၁ ရက်၊
(၅၉) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊
(၆၀) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၄ ရက်၊
(၆၁) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၁ ရက်၊
(၆၂) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၁ ရက်၊
(၆၃) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း ခွင့် ၄ ရက်၊
(၆၄) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊
(၆၅) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊
(၆၆) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊
(၆၇) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁၁ ရက်နှင့်
(၆၈) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၄ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၆၈ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၇၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၆၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်မှာ ဖြေဆိုရန်အသင့်ဖြစ်မေးခွန်းများ မြန်မြန်ဆန်ဆန်မေးမြန်း၊ ဖြေကြားနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**ပဲခူးမြို့တွင် အစိုးရစက်မှုလက်မှုသိပ္ပံသင်တန်းကျောင်း(AGTI)နှင့် ဆရာအတတ်သင်ပညာရေးကောလိပ်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ယခု ပထမဦးစွာ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ မေးမြန်းလိုတာကတော့ ပဲခူးခရိုင်၊ ပဲခူးမြို့မှာ AGTI သင်တန်းကျောင်းနှင့် ပညာရေးကောလိပ်တစ်ခုဖွင့်လှစ်ပေးရန်နှင့်ပတ်သက်လို့ မေးမြန်းလိုတာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီးရဲ့မြို့တော်ဖြစ်တဲ့ ပဲခူးမြို့ဟာ လူဦးရေ အထူထပ်ဆုံးနဲ့ အစည်ကားဆုံးမြို့ဖြစ်ပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်များထွန်းကားရာမြို့ဖြစ်သလို ရန်ကုန်-မန္တလေးလမ်းမနှင့် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်သွားတဲ့ လမ်းဆုံမြို့လည်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးမှာ ခရိုင်လေးခုရှိပါတယ်။ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ သာယာဝတီခရိုင်၊ ပြည်ခရိုင်ဆိုပြီးတော့ လေးခုရှိပါတယ်။ လူဦးရေက ငါးသန်းခန့်ရှိတဲ့အခါမှာ ပဲခူးခရိုင်မှာ လူဦးရေနှစ်သန်းခန့်ရှိပါတယ်။ သို့သော်လည်း ပဲခူးမြို့မှာတော့ တက္ကသိုလ်တစ်ခုတည်းရှိပြီးတော့ တောင်ငူမှာတော့ တက္ကသိုလ်၊ ကောလိပ်ခြောက်ခုထိရှိပါတယ်။ ပဲခူးခရိုင်အတွင်းမှာ များပြားလှတဲ့ ကျောင်းသူကျောင်းသားတွေနဲ့ ဆရာဆရာမတွေဟာ ဝေးလံတဲ့၊ စရိတ်စကများတဲ့ တောင်ငူတက္ကသိုလ်နဲ့ ပြည်တက္ကသိုလ်တွေမှာ အဆင့်မြင့်ပညာတွေကိုသွားရောက်ပြီးတော့ သင်ခဲ့ကြရပါတယ်။ စရိတ်မတတ်နိုင်တဲ့လူတွေ အဆင့်မြင့်ပညာတွေနဲ့ အလှမ်းဝေးခဲ့ရပါတယ်။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ဒါကတော့ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအရ ပဲခူးတိုင်းဒေသကြီးအတွင်းက ခရိုင်အလိုက် လူဦးရေစာရင်းပဲဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုထားတဲ့ ပဲခူးတိုင်းဒေသကြီးက ခရိုင်အလိုက် ကျောင်းသားများစာရင်းဖြစ်ပါတယ်။ သာယာဝတီနဲ့ ပြည်ခရိုင်နှစ်ခုပေါင်းဟာ ပဲခူးခရိုင်ရဲ့ ကျောင်းသားစာရင်းနဲ့ တူညီလောက်ဖြစ်ပါတယ်။ ဒါကတော့ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ခရိုင်အလိုက် တက္ကသိုလ်၊ ကောလိပ်များကို ဖော်ပြထားတာဖြစ်ပါတယ်။ လူဦးရေအများဆုံးဖြစ်တဲ့ ပဲခူးခရိုင်မှာတော့ တစ်ခုပဲရှိပြီးတော့ သာယာဝတီခရိုင်မှာ တက္ကသိုလ်၊ ကောလိပ်နှစ်ခု၊ ပြည်ခရိုင်မှာလေးခုနှင့် တောင်ငူခရိုင်မှာတော့ ခြောက်ခုရှိတာတွေ့ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုအရှေ့မှာ အရည်အသွေးမြင့်မားတဲ့ နည်းပညာရပ်တွေ၊ သက်မွေးမှုပညာရပ်တွေ၊ လေ့ကျင့်ရေးနှင့် စွမ်းရည်

ပြည့်ဝတဲ့ ကျွမ်းကျင်လုပ်သားတွေပေါ်ထွက်ရေးအတွက်ကို မူဝါဒတွေချမှတ်ဆောင်ရွက်နေတာ တွေ့ရပါတယ်။ လာမယ့်ကာလတွေမှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စွမ်းအင်၊ လျှပ်စစ်၊ ဆောက်လုပ်ရေး၊ ကုန်ထုတ်လုပ်ရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးအတွက် ကျွမ်းကျင်တဲ့လုပ်သားတွေ အများအပြား လိုအပ်လာမှာပဲ ဖြစ်ပါတယ်။ အဲဒီလို လိုအပ်လာမယ့်ကျွမ်းကျင်လုပ်သားတွေ မွေးထုတ်နိုင်ဖို့အတွက် ကို ပဲခူးတိုင်းဒေသကြီးလို လူဦးရေထူထပ်များပြားတဲ့မြို့မှာ စက်မှုလက်မှုသိပ္ပံကျောင်းဖွင့်လှစ်ပေးရန် အမြန်ဆုံးလိုအပ်နေတာဖြစ်ပါတယ်။ ဒီကျောင်းကိုအခြေခံပြီးတော့ Vocational Training သင်တန်း တွေကို ကာလတို၊ ကာလရှည်သင်ပေးပြီးတော့ အရည်အသွေးမြင့် ကျွမ်းကျင်လုပ်သားတွေကို ပြုစုပျိုးထောင်မွေးထုတ်ရမှာဖြစ်ပါတယ်။ ဒါမှသာ အလုပ်အကိုင်အခွင့်အလမ်း၊ ဆင်းရဲမှုလျှော့ချရေး နှင့် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွေ ဖြစ်ထွန်းလာမှာပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ နိုင်ငံတော်အစိုးရက အခမဲ့ပညာရေးစနစ်ကိုဖော်ဆောင်နေပြီးတော့ ချို့တဲ့ကျောင်းသားတွေကို ထောက်ပံ့ပေးတာ၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး ဆောင်ရွက်နေတာတွေနဲ့ ကျောင်းများတိုးချဲ့ဖွင့်လှစ်ကာ ကျောင်းအဆင့်များ တိုးမြှင့်ဆောင်ရွက်နေတာ တွေကြောင့် ဆရာဆရာမ လိုအပ်ချက်မြင့်မားလာပြီးတော့ သင်ရိုးနှင့် ပညာရေးစနစ်ပြုပြင်ပြောင်းလဲ တာတွေကြောင့်လည်း ဆရာဆရာမတွေကို စဉ်ဆက်မပြတ်လေ့ကျင့်သင်ကြားမှုတွေ ပြုနေရတာ တွေ့ရပါတယ်။ အဲဒီလို လိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်ဖို့ရာအတွက်လည်း ပဲခူးမြို့မှာ ပညာရေး ကောလိပ်တစ်ခုဖွင့်လှစ်ပေးရန် အမြန်လိုအပ်နေတာ တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုတာကတော့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့မှာ အစိုးရစက်မှုလက်မှုသိပ္ပံ(AGTI) သင်တန်းကျောင်းနှင့် ပညာရေးကောလိပ်တစ်ခုဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ပဲခူးတိုင်း ဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်ဦး၏ မေးခွန်းဖြစ်သော ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့တွင် အစိုးရစက်မှုလက်မှုသိပ္ပံ(AGTI)သင်တန်းကျောင်းနှင့် ဆရာအတတ်သင်ပညာရေးကောလိပ်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြသွားပါ့မယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီး တင်ပြချက်အတိုင်း ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့မှာ အစိုးရစက်မှုလက်မှုသိပ္ပံ(AGTI)သင်တန်း

ကျောင်းနှင့် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော သက်မွေးပညာသင်တန်းများ၊ နည်းပညာရပ်နှင့် သက်ဆိုင်သော ကာလတိုသင်တန်းများဖွင့်လှစ်ပေးရန်အတွက် မြေနေရာရရှိရေးအတွက် ပညာရေး ဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ အဆင့်မြင့်ပညာဦးစီးဌာန ပဲခူးတက္ကသိုလ်၏ မြေဧရိယာအတွင်း အစိုးရစက်မှုလက်မှုသိပ္ပံ(ပဲခူး)အဖြစ် ဖွင့်လှစ်နိုင်ရန် မြေနေရာ လွှဲပြောင်းရရှိဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီအတွက် လိုအပ်သော အဆောက်အဦများ၊ စာသင်ခုံများ၊ ပရိဘောဂများနှင့် သင်ထောက်ကူပစ္စည်းများဖြည့်ဆည်းနိုင်ရေး အတွက် ဘဏ္ဍာငွေတင်ပြချက်ကို ၂၀၁၈-၂၀၁၉ (၁၂ လ) ဘတ်ဂျက်တွင် လျာထားဆောင်ရွက်ပြီး လည်းဖြစ်ပါတယ်။ ခွင့်ပြုချက်ရရှိပါက စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ပညာရေးဝန်ကြီးဌာနအနေနဲ့ ပဲခူးတိုင်းဒေသကြီးအတွင်း တောင်ငူနှင့် ပြည်မြို့မှာ ပညာရေးကောလိပ်များ အသီးသီးဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါပညာရေးကောလိပ်များမှာ လုပ်ငန်းခွင်အကြိုဆရာအတတ်သင်ပညာဒီပလိုမာသင်တန်း(DTEP)၊ လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း(PPTT)တို့ကို ဖွင့်လှစ်ဆောင်ရွက်နေပြီဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။ နှစ်စဉ် DTEP လက်မှတ်ရ ဆရာဆရာမ ၃၀၀၊ PPTT လက်မှတ်ရ ဆရာဆရာမ ၆၀၀ စုစုပေါင်း ၉၀၀ ဦးခန့် နှစ်စဉ်လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါကြောင်း တင်ပြအပ် တယ်။ ကိုယ်စားလှယ်တော်ကြီး ပဲခူးတိုင်းဒေသကြီးအတွင်း ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ် မူလတန်းအဆင့် ကျောင်းသားဆရာအချိုးမှာ ၁း၂၄ ခန့်ရှိပါကြောင်းနှင့် ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း မူလတန်းအဆင့် ဆရာနှင့်ကျောင်းသားအချိုးမှာ ၁း၁၉ ခန့်အထိ ရရှိနေပြီဖြစ် ပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး မူလတန်းအဆင့်ဆရာကျောင်းသားအချိုးအားလည်းကောင်း၊ ပဲခူးခရိုင်အတွင်း မူလတန်းအဆင့် ဆရာကျောင်းသားအချိုးအားလည်းကောင်း မူလတန်းပြဆရာ ခန့်ထားနိုင်မှုသည် လုံလောက်မှုရှိပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ပဲခူးခရိုင်၊ ပဲခူးမြို့တွင် ပညာရေးကောလိပ်တစ်ခု ထပ်မံတိုးချဲ့ဖွင့်လှစ်ရန် လတ်တလောအစီအစဉ်မရှိသေးပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**မန်တုံမြို့နယ် ပညာရေးမှူးရုံး၊ ရုံးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးဖြစ်ပြီး ယနေ့ ကျင်းပတဲ့အစည်းအဝေးမှာ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ Power Point နှင့်တကွ တင်ပြခွင့်ပြုပါရှင်။ ဥက္ကဋ္ဌကြီးရှင့်။ Power Point တွင်ဖော်ပြထားသည့်အတိုင်းပါပဲ။ ကျွန်မမြို့နယ်မှာ မြို့နယ်ပညာရေးမှူးရုံးတွင်တာဝန်ထမ်းဆောင်တဲ့ဝန်ထမ်း ၁၄ ဦးရှိသည့်အနက်

သုံးဦးမှာအိမ်ငှားနဲ့နေရပြီး ကျန်တဲ့သုံးဦးက နတလဆောင်မှာနေရပါတယ်။ တစ်ဦးကသာ မြို့နယ်ပညာရေးမှူးရုံးဝန်ထမ်းအိမ်ရာမှာ နေထိုင်လို့ရပါတယ်။ အချို့ဝန်ထမ်းများမှာ ဒေသခံဖြစ်သည့်အတွက် အဆင်ပြေပေမဲ့ အခြားမြို့နယ်မှလာရောက်တာဝန်ထမ်းဆောင်ရသော ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်မှချီးမြှင့်သည့်လစာစရိတ်ဖြင့် အိမ်ငှားနေထိုင်ရခြင်းသည် ယခု လက်ရှိကုန်ဈေးနှုန်းကြီးမြင့်ခြင်းကြောင့် ဝန်ထမ်းမိသားစုများဘဝရပ်တည်ရေးနှင့် ပုံမှာမြင်တွေ့ရတဲ့အတိုင်း စုတ်ချာလွန်းတဲ့အိမ်အဆင့်တောင်မရှိသည့် ထန်းရုံကာတဲများသည် နိုင်ငံ့သားကောင်းရတနာများ မွေးထုတ်ပေးသည့်အဓိကမိခင်ဌာနဖြစ်သည့် ဝန်ထမ်များ၏ဘဝလုံခြုံမှုကို မပေးနိုင်ပါဘူး။ အထူးသဖြင့် ကျွန်မတို့မြို့နယ်လိုမအေးချမ်းသည့်ဒေသများမှာဆိုရင် ပညာရေးဝန်ထမ်းများအတွက်သာမက ဌာနဆိုင်ရာဝန်ထမ်များအားလုံးအတွက် လုံခြုံတဲ့အိမ်ရာအဆောက်အဦများကို စီမံချက်တစ်ခုချမှတ်ပြီးတည်ဆောက်ပေးစေလိုပါတယ်။ ဒေသမငြိမ်းချမ်းခြင်း၊ လုံခြုံသည့်အိမ်ရာအဆောက်အဦမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း စသည့်အဘက်ဘက်မှအဆင်မပြေမှုများကြောင့် ကျွန်မတို့ဒေသမှာ မည်သည့်ဝန်ထမ်းကမှ လာရောက်တာဝန်ထမ်းဆောင်လိုစိတ်မရှိကြပါဘူး။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)တွင် နိုင်ငံသားများတန်းတူအခွင့်အရေးများ ရပိုင်ခွင့်ကို အကျယ်တဝင့်အတိအကျပြဋ္ဌာန်းထားပေမဲ့လည်း ကျွန်မတို့တောင်ပေါ်ဒေသ၊ တိုင်းရင်းသားဒေသများမှာ ပုံမှာမြင်တွေ့ရတဲ့အတိုင်းပါပဲ။ ယခုအချိန်ထိ တန်းတူညီမျှမှုမရှိသေးဘူးဆိုတာကို ဘယ်သူမှငြင်းလို့မရပါဘူး။ ဒါကြောင့် ဝန်ကြီးဌာနအနေဖြင့် တောင်ပေါ်မြေပြန့် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် တောင်ပေါ်ဒေသတွင်လိုအပ်နေသော ဝန်ထမ်းအိမ်ရာများအား ဆောက်လုပ်ပေးရန်အတွက် တောင်းဆိုရင်း ကျွန်မမြို့နယ်တွင် အမှန်တကယ်လိုအပ်နေသော ဝန်ထမ်းအိမ်ရာအား စံနမူနာထားပြီး မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုက်ခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရှမ်းပြည်နယ်၊ မန်တုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်နန်းမိုး၏ မေးခွန်းဖြစ်သော ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်တွင် ပညာရေးမှူးရုံး ရုံးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုခြင်းနဲ့စပ်လျဉ်းတဲ့ မေးခွန်းအား ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန်တုံမြို့နယ် မြို့နယ်ပညာရေးမှူးရုံးမှာ မြို့နယ်ပညာရေးမှူးတစ်ဦး၊ ဒုတိယမြို့နယ်ပညာရေးမှူးတစ်ဦး၊ လက်ထောက်မြို့နယ်ပညာရေးမှူးသုံးဦး၊ ဒုတိယဦးစီးမှူးတစ်ဦး၊ စာရေး(၃) အဆင့်(၃)တစ်ဦး၊ စာရေး(၁)အဆင့်သုံးဦး၊ ရုံးအကူတစ်ဦး၊ ဥယျာဉ်လုပ်သားတစ်ဦး၊ သန့်ရှင်းရေးတစ်ဦး၊ ရုံးစောင့်တစ်ဦး စုစုပေါင်းဝန်ထမ်းအင်အား ၁၄ ဦး တာဝန်ထမ်းဆောင်နေပါကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါဝန်ထမ်းအင်အား ၁၄ ဦးနဲ့ ရပ်ဝေးမှ

လာရောက်၍ တာဝန်ထမ်းဆောင်သူကိုးဦးရှိပြီး မန်တုံမြို့နယ် ပညာရေးမှူးရုံးရှိ (၁၈ ပေ × ၁၅ ပေ) သွပ်မိုး၊ ပျဉ်ကာဝန်ထမ်းအိမ်ရာဆောင်၊ မန်တုံမြို့ နတလဆောင်၊ မန်တုံမြို့အခြေခံပညာအထက်တန်းကျောင်း ဝန်ထမ်းအိမ်ရာတို့မှာ ခြောက်ဦးနေထိုင်ပြီး ကျန်ဝန်ထမ်းသုံးဦးသည် မန်တုံမြို့ပေါ်၌ အိမ်ငှား၍နေထိုင်ရသည်ကို စိစစ်တွေ့ရှိရပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းတည်ဆောက်ရေး လျာထားချက်များဆောင်ရွက်ရာမှာ အသစ်တည်ဆောက်ရန် လိုအပ်သောကျောင်းများ၊ အန္တရာယ်ရှိကျောင်းဆောင်များ၊ ကျောင်းသားဦးရေအရ တိုးချဲ့ဆောက်လုပ်ရန်လိုအပ်သောကျောင်းများ၊ သိပ္ပံဆောင်လိုအပ်သောကျောင်းများ၊ သဘာဝဘေးဒဏ်ကြောင့် နေရာရွှေ့ပြောင်းရမည့်ကျောင်းများ စသဖြင့်လုပ်ငန်းများခွဲခြားပြီး ဦးစားပေးအဆင့်အလိုက် စနစ်တကျလျာထားဆောင်ရွက်ခဲ့ရာမှာ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်မြေအတွက် ၂၀၁၈-၂၀၁၉ ခုနှစ် ခြောက်လဘတ်ဂျက်အတွင်း အခြေခံပညာကျောင်းဆောင်များ လုပ်ငန်းသစ်ခြောက်ခုကို မြို့နယ်ဦးစားပေးအစီအစဉ်ဖြင့် ထည့်သွင်းလျာထားခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ၁၂ လ ဘတ်ဂျက်လျာထားရာမှာ ပြီးခဲ့တဲ့ ခြောက်လဘတ်ဂျက်မှ ရာနှုန်းပြည့်ပြီးစီးမှုမရှိတဲ့လုပ်ငန်းများကို ဦးစားပေးပြီး ရာနှုန်းပြည့်ပြည့်မီအောင် ဦးစားပေးဆောင်ရွက်ရတဲ့အတွက် လုပ်ငန်းသစ်များတိုးချဲ့လျာထားဆောင်ရွက်ခဲ့ရာမှာ အခက်အခဲများစွာရှိပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန်တုံမြို့နယ် မြို့နယ်ပညာရေးမှူးရုံး ရုံးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရမည့် အခြေအနေထက် ပိုမိုဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သော အန္တရာယ်ရှိကျောင်းများ၊ ကျောင်းသားဦးရေအရ တိုးချဲ့ဆောင်ရွက်ရသည့် ဆောက်လုပ်ရေးလုပ်ငန်းများလိုအပ်ချက်များရှိနေတဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ ဦးစားပေးလုပ်ငန်းအနေဖြင့် လျာထားခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်သို့ရောက်ရှိမှသာ အဆိုပါဘဏ္ဍာရေးနှစ်ရဲ့ ငွေလုံးငွေရင်းရန်ပုံငွေ ခေါင်းစဉ်အောက်မှ ခွဲဝေရရှိမည့်ရန်ပုံငွေအခြေအနေပေါ်တွင်မူတည်၍ ဦးစားပေးအဆင့်အလိုက်သတ်မှတ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**အခြေခံပညာရေးကဏ္ဍတွင် အမျိုးသားဆရာဦးရေ သိသာစွာကျဆင်းနေသည့်အတွက် အမျိုးသားဆရာဦးရေတိုးချဲ့ခန့်ထားရန် သင့်လျော်သော အစီအစဉ်များဆောင်ရွက်ထားခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော်ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းလိုတာကတော့ အခြေခံပညာရေးကဏ္ဍမှာ ကျောင်းဆရာဦးရေ သိသာစွာလျော့နည်းကျဆင်းနေခြင်းကို သိရှိပါသလား။ သိရှိတယ်ဆိုရင် ဒီလိုလျော့နည်းကျဆင်းလာခြင်းကို မည်ကဲ့သို့ကုစားဆောင်ရွက်ပေးမည်ဆိုတာကို သိရှိလိုခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းမေးမြန်းရခြင်း အကြောင်း

အရင်းကို ကြောင်ကျိုးဖော်ပြပါမယ်။ အမျိုးသမီးတန်းတူအခွင့်အရေး ဦးဆောင်တတ်ကြွသူများက အဆင့်မြင့်ရာထူးနေရာတွေမှာ အမျိုးသမီးများကို အမျိုးသားများနည်းတူ၊ တန်းတူ အခွင့်အရေးပေးဖို့ တင်ပြတောင်းဆိုကြပါတယ်။ ဒါပေမယ့်လို့ ပညာရေးကဏ္ဍမှာတော့ ပြောင်းပြန်ကြီးဖြစ်နေပါတယ်။ ပညာရေးကဏ္ဍရဲ့ အဆင့်မြင့်ပညာရေးကဏ္ဍနဲ့ အခြေခံပညာကဏ္ဍနှစ်မျိုးလုံးမှာ အမျိုးသမီးဦးရေက ၈၀ ရာခိုင်နှုန်း၊ အမျိုးသားကျောင်းဆရာဦးရေက ၂၀ ရာခိုင်နှုန်းခန့်တောင် မရှိတော့ဘဲ သိသာစွာ လျော့နည်းလာနေပါပြီ။ ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ အခြေခံပညာအထက်တန်းအဆင့်မှာ ကျောင်းဆရာဦးရေ ၁၇.၃ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်မှာ ၁၀.၁ ရာခိုင်နှုန်း၊ မူလတန်းအဆင့်မှာ ၁၈ ရာခိုင်နှုန်းသာ ရှိပါတော့တယ်။ တက္ကသိုလ်၊ ကောလိပ်အဆင့်မှာလည်း နည်းပြ၊ ကထိက၊ ပါမောက္ခ၊ ရာထူးနေရာတွေမှာ အမျိုးသမီးဦးရေက အမျိုးသားဦးရေထက်များပြားပြီးတော့ အမျိုးသား ဦးရေက သိသာစွာလျော့နည်းလာနေတာကို တွေ့ရပါတယ်။ ဒါကြောင့် ဂျာနယ်တစ်ခုကဆိုရင် ‘ဆ’ဆရာ ပြတိုက်မှာဆိုပြီး သရော်တဲ့ဆောင်းပါးတစ်ခု ရေးသားထောက်ပြဝေဖန်သွားခဲ့ဖူးပါတယ်။ ပြီးခဲ့တဲ့ နွေကာလက မြောင်းမြမြို့မှာ ကျင်းပခဲ့တဲ့ ငြိမ်းချမ်းရေးစကားဝိုင်းမှာလည်းပဲ ကျောင်းဆရာတစ်ဦး ပါဝင်လာခဲ့တော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျောင်းဆရာဆိုတာ ရှားပါးပစ္စည်းနော်။ အခု ကျွန်မတို့နိုင်ငံမှာ ကျောင်းဆရာတွေနည်းနေတယ်။ အဲဒါအားလုံးသတိပြုကြပါလို့ သတိပေးဝေဖန် ထောက်ပြသွားခဲ့ပါတယ်။ ဒီလိုကျောင်းဆရာဦးရေနည်းပါးလာခြင်းရဲ့ ဆိုးကျိုးဟာ သိသာမြင်သာတဲ့ ကိစ္စမဟုတ်ဘဲနဲ့ တငွေ့ငွေ့လိုက်ပြီးတော့ လောင်နေတဲ့ဖွဲမီးလို မမြင်သာပါဘူး။ မမြင်ရတဲ့မီးပါ။ ဆိုကျိုး များစွာထဲက တစ်ခုကို ကျွန်တော်ဥပမာပေး ထောက်ပြချင်ပါတယ်။ ဒီကနေ့ ကျောင်းသားတွေဟာ ပျော့ညံ့လာနေတာ တွေ့ရပါတယ်။ ရဲရင့်မှု၊ သတ္တိရှိမှု၊ ပြတ်သားမှုနည်းပါးလာပါတယ်။ ဒါစာသင်ခန်း ထဲကစတာလို့ ကျွန်တော်ယူဆပါတယ်။ ကျောင်းသားတွေမှာ အတုယူစရာ ဆရာရှားပါးလာလို့ပါ။ ကျောင်းသူဆိုတာ ဆရာမတွေကိုအတုယူပါတယ်။ ကျောင်းသားဆိုတာ ဆရာတွေကို အတုယူပါတယ်။ ဒါပညာရေးစိတ်ပညာအရပါ။ ဒီလိုကျောင်းဆရာဦးရေ မသိမသာ လျော့ပါးလာတာဟာ ၁၉၈၈ ခုနှစ် နောက်ပိုင်းကာလတွေမှာ ပိုမိုဆိုးရွားလာခဲ့ပါတယ်။ ကျောင်းဆရာလောကကိုစိတ်နာပြီး ပညာရေး လောကကို ကျောခိုင်းထွက်ခွာသွားခဲ့ကြတဲ့ ဆရာဦးရေများပြားစွာရှိပါတယ်။ အခုအခြေအနေမှာလည်း ပညာရေးကောလိပ်၊ ပညာရေးတက္ကသိုလ်များကို လျှောက်ထားသင်ယူကြတဲ့ကျောင်းသားဆိုတာ တကယ်ရှားပါးပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်ရတဲ့ ကျောင်းသားတစ်ယောက်ကို မင်းပညာရေး တက္ကသိုလ်လျှောက်မှာလား၊ စစ်တက္ကသိုလ်လျှောက်မှာလား၊ စက်မှုတို့၊ ဆေးတို့လျှောက်မှာလားဆိုရင် အာဏာပါဝါ အသပြာမရှိတဲ့ ဆရာဘဝကို မမက်မောတော့ပါဘူး။ တပည့်မရှား တပြားမရှိ ပီတိကိုစား အားရှိဆိုတဲ့ ကဗျာလေးဟာ ဆရာတွေရဲ့ဘဝကို ထင်ဟပ်တာဖြစ်သော်လည်း ကျောင်းဆရာလုပ်ချင် တဲ့သူ ရှားပါးသွားအောင်တောင် ပြုနေပြီလားလို့ ခံစားရပါတယ်။ ဒါကြောင့် ပညာရေးစိတ်ပညာအရ ကျောင်းသားတို့ရဲ့ အတုယူစရာ ဆရာကောင်းတွေရှိရမှာပါ။ အနာဂတ်မှာယောကျ်ားပီသတဲ့၊ ပြတ်သားတိကျတဲ့၊ မတွေဝေတဲ့ စိတ်ထားခိုင်မာ ဖြူစင်တဲ့ယောကျ်ားကောင်းတွေပေါ်လာဖို့ အဲဒီယောကျ်ားကောင်းတွေကို မွေးထုတ်ပေးနိုင်ဖို့၊ ဆရာကောင်းတွေရှိဖို့ ပညာရေးဌာနမှာ အမျိုးသား ကျောင်းဆရာဦးရေ တိုးချဲ့ခန့်ထားပေးနိုင်ရန် မည်ကဲ့သို့ပညာရေးဝန်ကြီးဌာနက စီစဉ်ထားပါသလဲ ဆိုတာ သိရှိပါသောကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

မှုကြမ်း

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ -----------။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးခင်ဗျား။ ဒါက မေးခွန်းမေးမြန်းခြင်းဖြစ်ပါတယ်။ သူ့မေးခွန်းကို သူမေးမြန်းခဲ့တာ။ မဟုတ်ပါဘူး။ ဒီမှာလည်းပြောတာကိုလည်း။ လွှတ်တော်ကိုယ်စားလှယ် တင်ပြတဲ့ဟာကို ဒီကနေအကုန်နားထောင်ပါတယ်။ နားထောင်သလို ဒီကပြောတာလည်း နားထောင် ပေးပါ။ အဲ့ဒါကြောင့် အစောတုန်းက ပြောနေတာ။ ပြောနေတဲ့ကြားထဲက လွှတ်တော်ကိုယ်စားလှယ်က စကားမဆုံးသေးဘူး။ အဲ့မှာဖြတ်ပြီးပြောတာကို ပြောခြင်းဖြစ်ပါတယ်။ ဒါကို ဝန်ကြီးဌာနက ဖြေကြားပြီးတဲ့နောက်မှာ ကန့်ကွက်စရာရှိတယ်ဆိုရင်လည်း ကန့်ကွက်နိုင်ပါတယ်။ အခုအချိန်ကတော့ ဒါ Ongoing Process ဖြစ်နေပါတယ်။ ဝန်ကြီးဌာနက မဖြေကြားရသေးဘူး ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကြီး ဦးမင်းသိန်း၏ မေးခွန်းဖြစ်သော အခြေခံပညာရေးကဏ္ဍတွင် အမျိုးသားဆရာဦးရေ သိသာစွာ ကျဆင်းနေသည့်အတွက်ကြောင့် အမျိုးသားဆရာဦးရေ တိုးချဲ့ခန့်ထားရန် သင့်လျော်သောအစီအစဉ် များ ဆောင်ရွက်ထားခြင်းရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအား ဖြေကြားတင်ပြမှာ ဖြစ်ပါ တယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၁၉၉၈ ခုနှစ်မှစပြီး ပညာရေးကောလိပ်များတွင် လုပ်ငန်း ခွင်အကြို ဆရာအတတ်သင်ပညာ ဒီပလိုမာသင်တန်းများ နှစ်စဉ်တိုးချဲ့ဖွင့်လှစ်သင်ကြားပေးလျက် ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ ပညာရေးကောလိပ်များ ၂၅ ကျောင်းအထိ ဖွင့်လှစ် နိုင်ခဲ့ပြီး အဆိုပါပညာရေးကောလိပ်များသို့ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ဝင်ခွင့် လျှောက်လွှာများခေါ်ယူပြီး လျှောက်ထားသူများ၏ ရမှတ်အလိုက်ရွေးချယ်၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သက်ဆိုင်ရာပညာရေးကောလိပ်များတွင် တက်ရောက်သင်ကြားပေးလျက်ရှိပါ ကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးကောလိပ်များသို့ တက်ရောက်ခွင့်ပြုရေးအတွက် ရွေးချယ် ဆောင်ရွက်ရာမှာ ကျား/မခွဲခြား၍ ရွေးချယ်ခြင်းမျိုး မရှိပါကြောင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်များအလိုက် ကျောင်းသားအရေအတွက်အရလည်းကောင်း၊ မူလတန်းပြဆရာလိုအပ်ချက်အရ လည်းကောင်း၊ ပညာရေးတက္ကသိုလ်များ၏ ဝင်ဆံ့အင်အားအရလည်းကောင်း၊ ပညာရေးကောလိပ်များ သို့ တက်ရောက်ရန်လျှောက်ထားသည့် ဘာသာတွဲ၊ သိပ္ပံ၊ ဝိပ္ပံ၊ ဝိဇ္ဇာအလိုက် လျှောက်ထားသူဦးရေအရ သော်လည်းကောင်း ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန အောက်ရှိ ပညာရေးတက္ကသိုလ်များနှင့် ပညာ ရေးကောလိပ်များမှ ပညာရေးဘွဲ့ B.ed လုပ်ငန်းခွင်အကြို ဆရာအတတ်သင်ပညာသင်တန်း TTEP

လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာသင်တန်း PPTT သင်တန်းများကို ရွေးချယ်လေ့ကျင့်ပေးပြီး ၎င်းတက္ကသိုလ်၊ ကောလိပ်အသီးသီးမှ သင်တန်းဆင်းဆရာဆရာမများကို အခြေခံပညာဦးစီးဌာနမှ အခြေခံပညာကျောင်းများတွင် ခန့်ထားခြင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ စိစစ်တွေ့ရှိချက်များအရ ယခုအချိန်အထိ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်များသို့ လျှောက်ထားသူအများစုသည် အမျိုးသမီးများဖြစ်နေခြင်း၊ အချို့မြို့နယ်များတွင် လျှောက်ထားသည့်အမျိုးသားဦးရေ လုံးဝမရှိခြင်း၊ လျော့နည်းနေခြင်းတို့ကြောင့် အင်အားပြည့်သင်ကြားလေ့ကျင့်ပေးနိုင်ရန် မိန်းကလေးအင်အားကို တိုးမြှင့်ရွေးချယ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ထို့အပြင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ၊ ဘွဲ့ရသူအမျိုးသားများသည် ကျောင်းဆရာလုပ်ငန်းကို စိတ်ဝင်စားမှုအားနည်းခြင်း၊ မြန်မာအမျိုးသမီးများသည် ၎င်းတို့၏ အသိုင်းအဝိုင်းနှင့် ယဉ်ကျေးမှုအရ ယဉ်ကျေးသိမ်မွေ့နူးညံ့ပြီး ကုသိုလ်ရသော ဆရာမအသက်မွေးဝမ်းကျောင်းကို ပိုမိုနှစ်သက်ခြင်းကြောင့်လည်းကောင်း၊ အမျိုးသားဆရာအင်အားနည်းပါးပြီး အမျိုးသမီးဆရာအင်အားများပြားခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဆရာအတတ်ပညာသင်တန်းသားများရွေးချယ်ရာတွင် အမျိုးသားဦးရေပိုမိုကျောင်းဝင်ခွင့်ရရှိရေး စီစဉ်ပေးခြင်း၊ အစီအစဉ်အမျိုးမျိုးဖြင့် ဘွဲ့ရရှိပြီးသူများအား ကာလတိုဆရာအဖြစ်သင်တန်းများပေးခြင်း၊ ဆရာဆရာမများခန့်ထားသည့်အခါ ပန်းချီ၊ ဂီတ၊ အနုပညာ၊ အားကစား၊ ကွန်ပျူတာ၊ ဘွဲ့ရဆရာဆရာမများအဖြစ်ခန့်ထားခြင်းအစီအစဉ်များအပြင် ဆရာအင်အားများ တိုးတက်များပြားလာအောင် ရေတိုရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့ မေးခွန်းမေးမြန်းတဲ့အချိန်မှာသော်လည်းကောင်း၊ အဆိုတင်သွင်းတဲ့အခါမှာသော်လည်းကောင်း၊ ဆွေးနွေးတဲ့အခါမှာသော်လည်းကောင်း၊ စကားရပ်အသုံးအနှုန်းလေးတွေကို ဆင်ခြင်ဖို့ ပြောကြားလိုပါတယ်။ ဒီမှာ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေမှာလည်း ဘယ်လိုမူကျင့်ရမယ်၊ ဘယ်လိုကျင့်သုံးရမယ်၊ ဘယ်လိုပြောဆိုရမယ်ဆိုတာ အားလုံးပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ နောင်ကိုတော့ မိမိတို့မေးခွန်းမေးတဲ့အခါမှာသော်လည်းကောင်း၊ အဆိုများတင်သွင်းတဲ့အချိန်မှာသော်လည်းကောင်း၊ ဆွေးနွေးတဲ့အချိန်မှာသော်လည်းကောင်း စကားရပ်အသုံးအနှုန်းလေးကို အလေးထားပြီးဆောင်ရွက်ပေးဖို့ အသိပေးလိုပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ ------------။

**ဥက္ကဋ္ဌ**။ ။ နောက်မှပြောပါ။ Ongoing Process ရှိပါတယ်။ အဲ့ဒါတွေပြီးတဲ့အချိန်မှာ ဒီကနေ အချိန်ပေးပါမယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ လွှတ်တော်မှတ်တမ်းကနေ ပယ်ဖျက်ဖို့ ဆုံးဖြတ်ပါတယ်။

**၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲမေးခွန်းများ ပုံစံပြောင်းမေးမြန်းရန် စီစဉ်ထားခြင်းနှင့်ဆက်စပ်၍ မည်သည့်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ချက်ချင်းပြောင်းလဲရန်စီစဉ်ထား သည်ကို သိလိုခြင်းနှင့် အလေ့အကျင့်ရရှိစေရန် ယခုနှစ်တွင် နဝမတန်းမှသာ စတင်ပြောင်းလဲပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဦး(မိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်မေးမြန်းလိုတာကတော့ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲမေးခွန်ပုံစံပြောင်းမေးမြန်းရန် စီစဉ်ထားခြင်းနှင့်ဆက်စပ်၍ မည်သည့် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ချက်ချင်းပြောင်းလဲရန်စီစဉ်ထားသည်ကို သိလိုခြင်းနှင့် အလေ့အကျင့် ရရှိစေရန် ယခုနှစ်တွင် နဝမတန်းမှသာ စတင်ပြောင်းလဲပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ရန်အတွက် ကဏ္ဍပေါင်းစုံမှ ကြိုးပမ်းအားထုတ်လျက်ရှိရာ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း ပြုပြင်ပြောင်းလဲမှုများ ကို ဆောင်ရွက်လျက်ရှိနေပါတယ်။ မူအားဖြင့် မိဘများအားလုံးက လက်ခံထားကြပါတယ်။ ပညာရေး ကဏ္ဍအနေနဲ့ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)ကို အကောင်အထည်ဖော်တဲ့ နေရာမှာ နည်းပညာနှင့်အသက်မွေးဝမ်းကျောင်းပညာတွေကို အခြေခံပညာအထက်တန်းအဆင့်မှာ ထည့်သွင်းသင်ကြားဖို့လည်း မျှော်မှန်းထားကြပါတယ်။ သို့သော်ယခုလက်ရှိကာလမှာ အဆင်သင့် မဖြစ်သေးပါဘူးခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါ။ လွှတ်တော်သုတေသန ဌာနကနေပြီးတော့ စာရင်းပြုစုပေးထားတာဖြစ်ပါတယ်။ ခုနစ်နှစ်အတွင်း အခြေခံပညာအထက်တန်း အောင်မြင်မှုရာခိုင်နှုန်းကို ကြည့်မယ်ဆိုလို့ရှိရင် ၂၀၁၅ ခုနှစ်တစ်နှစ်တည်းသာ ၃၇.၆၀ ရာခိုင်နှုန်းနဲ့ အများဆုံးအောင်မြင်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်ကို ကြည့်မယ်ဆိုရင် ၃၂.၈၂ ရာခိုင်နှုန်းသာ အောင်မြင်ခဲ့ပါတယ်။ ဖြေဆိုသူပေါင်းအားလုံး ၇၈၀၀၀၀ ကျော်ရှိပြီးတော့ ၂၅၀၀၀၀ ကျော်သာ အောင်မြင်ခဲ့ပါတယ်။ ၅၃၀၀၀၀ ကျော်ဟာ ကျရှုံးခဲ့ပါတယ်။ အဆိုပါစာရင်းအရ နှစ်စဉ်သုံးပုံတစ်ပုံသာ အောင်မြင်ခဲ့ကြောင်း သိရှိရပါတယ်။ နှစ်ပုံကျရှုံးနေတာကို တွေ့ရှိရပါတယ်။ ပြည်နယ်အလိုက်ကို ကြည့်မယ်ဆိုရင် ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)က အောင်ချက်ရာခိုင်နှုန်းက အနည်းဆုံး ဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်နယ်ရဲ့အရှေ့က ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်ဖြစ်ပါတယ်။ ဒါဟာ ခုနစ်နှစ်အတွင်းမှာရှိတဲ့ အောင်ချက်ရာခိုင်နှုန်းဖြစ်ပါတယ်။ အဲဒီမှာကြည့်လို့ရှိရင် ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)က ဒုတိယအနည်းဆုံးဖြစ်ပြီး ကျွန်တော်တို့ထက်နည်းတာကတော့ ကချင် ပြည်နယ်ပါ။ ကျွန်တော်တို့ရဲ့ရှေ့မှာတော့ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ် ဖြစ်ပါတယ်။ ဒီရာခိုင်နှုန်း တွေကို ကျွန်တော်တို့စိစစ်ပြီးတော့ ဒီအောင်ချက်နည်းနည်းနဲ့ ပြည်နယ်တွေ ဘာကြောင့်နည်းရသလဲ ဆိုတာ ဦးစားပေးစိစစ်သင့်သလို နယ်မြေစုံ၊ ဒေသစုံကို ကွင်းဆင်းတဲ့အခါမှာလည်း ပညာရေးအဆင့်

အတန်းနိမ့်တဲ့ ဒေသအခက်အခဲနှင့် လိုအပ်ချက်တွေကို ပိုပြီးအလေးထားဂရုစိုက်ဖြည့်ဆည်းဆောင်ရွက်ပေးဖို့သင့်ပါတယ်။ နယ်က ကျောင်းသားမိဘတွေဟာ ကလေးတွေရဲ့ပညာရေးအတွက် အမြဲလိုပူပင်နေကြရပါတယ်။ တတ်နိုင်တဲ့မိဘတွေက ၁၀ တန်းအောင်ဖို့အတွက် ခုနစ်တန်း၊ ရှစ်တန်းကနေပြီး တစ်နှစ်ကို ရှစ်သိန်း၊ ၁၀ သိန်းကနေ ၁၀ တန်းရောက်တော့ ၁၅ သိန်း၊ သိန်း ၂၀၊ သိန်း ၃၀ အထိ အကုန်အကျခံပြီး မြို့ကျောင်းနဲ့ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းတွေကို ပို့ပြီးကျောင်းထားနေကြရပါတယ်။ မတတ်နိုင်တဲ့ကျောင်းသားမိဘတွေကလည်း ခြိုးခြံချွေတာအငတ်ခံ၊ ဒုက္ခခံ။ ကျူရှင်တို့၊ စာကျက်ဝိုင်းတို့မှာ သင်နိုင်အောင်လို့ လုပ်ပေးနေကြပါတယ်။ ဘာဖြစ်လို့ ဒီတက္ကသိုလ်ဝင်စာမေးပွဲကို စိတ်ပူနေကြရသလဲဆိုတာ သားသမီးရှိတဲ့မိဘတိုင်း သိပြီးဖြစ်မှာပါ။ ကလေးတွေရဲ့ဘဝအနာဂတ်ခရီးလှပဖို့အတွက် ဒီစာမေးပွဲက ဘဝတစ်ဆစ်ချိုးအပြောင်းအလဲတစ်ခုဖြစ်နေလို့ပါပဲ။ အောင်တဲ့သူက အနည်းစု၊ စာမေးပွဲကျတဲ့ အများစုကလေးမိဘတွေအချို့ဆိုလို့ရှိရင် ကလေးကို ကျောင်းထားချင်ပေမဲ့ ကျောင်းပြန်မထားနိုင်ကြတော့ပါဘူး။ ကျောင်းသားမိဘတွေအပေါ် ရိုက်ခတ်မှုက အလွန်ကြီးပါတယ်။ ယခုလက်ရှိတစ်နိုင်ငံလုံးအောင်ချက်ရာခိုင်နှုန်းနဲ့ စဉ်းစားကြည့်ရင် သုံးပုံနှစ်ပုံကျသွားတဲ့ကလေးတွေက ကျောင်းပြန်ဆက်တက်နိုင်တဲ့ကလေးရှိသလို လုပ်ငန်းခွင်ရောက်သွားတဲ့ကလေးလည်း ရှိပါတယ်။ ဟိုလိုလို၊ ဒီလိုလိုယောင်ခြောက်ဆယ်ဖြစ်သွားတဲ့ကလေးတွေလည်းရှိတဲ့အတွက် ကျွန်တော်တို့အစိုးရအနေနဲ့ ဒီကလေးတွေအတွက် ဘယ်လိုစဉ်းစားထားပြီလဲ။ ဘာတွေလုပ်ပေးနိုင်မလဲ။ တာဝန်ယူမှု၊ တာဝန်ခံမှုအတွက် ဦးစွာတာဝန်ကျေအောင် ဘယ်လိုလုပ်ပေးကြမလဲဆိုတာ ကြိုတင်စဉ်းစားထားဖို့လိုပါတယ်။ ကလေးတွေရဲ့ဘဝဆုံးရှုံးနစ်နာသလို နိုင်ငံတော်အတွက်လည်း နစ်နာလှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖြေဆိုတဲ့အခါ ကိုးတန်း၊ ၁၀ တန်း သင်ခန်းစာနှစ်ခုစလုံးကို ပေါင်းပြီးဖြေကြရတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသားမိဘတွေအပေါ် ရိုက်ခတ်မှုအင်မတန်ကြီးတဲ့ ၁၀ တန်းမှစပြီး မေးခွန်းပုံစံပြောင်းမယ့်အစား အလေ့အကျင့်ရအောင် နဝမတန်းမှ ဦးစွာမေးခွန်းပုံစံပြောင်းလဲမေးသင့်တယ်လို့ မြင်မိပါတယ်ခင်ဗျား။ အောင်ချက်ရာခိုင်နှုန်း ဒီထက်လျော့သွားပြီး အများနစ်နာသွားမှာစိုးရိမ်မိပါတယ်။ ဝန်ကြီးဌာနအနေနဲ့လည်း။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရှမ်းပြည်နယ်၊ မိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်ကျော်ဦး၏မေးခွန်းဖြစ်သော ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲမေးခွန်းများ ပုံစံပြောင်းမေးမြန်းရန် စီစဉ်ထားခြင်းနှင့်ဆက်စပ်၍ မည်သည့်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ချက်ချင်းပြောင်းလဲရန် စီစဉ်ထားသည်ကို သိရှိလိုခြင်း၊ အလေ့အကျင့်ရရှိစေရန် ယခုနှစ်တွင်

နဝမတန်းမှသာ စတင်ပြောင်းလဲပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲမေးခွန်းပုံစံ ပြောင်းလဲရခြင်းရဲ့ရည်ရွယ်ချက်များကို ဦးစွာတင်ပြအပ်ပါတယ်။ ပညာရေးအာမခံမှုရရှိစေရန်၊ ကျောင်းနှင့်ပညာရေးစနစ်တိုးတက်စေရန်၊ ကျောင်းသားများ၏သင်ယူမှုရလဒ်များ တိုးတက်စေရန်၊ တက္ကသိုလ်ဝင်တန်းကျောင်းသားကျောင်းသူများအတွက် အလွတ်ကျက်မှတ်ဖြေဆိုမှုလျော့နည်းစေရန်နှင့် စဉ်းစားတွေးခေါ်မှု အားပေးမြှင့်တင်ရန်ဆိုတဲ့ ရည်ရွယ်ချက်များထားရှိပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲမေးခွန်းပုံစံအသစ်တွင် အလွတ်ကျက်မှတ်မှုအတွက် ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုကို ဦးစားပေးသောမေးခွန်းများ ပိုမိုပါဝင်လာမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ မေးခွန်းလွှာမှာ ရွေးချယ်စရာမေးခွန်းအရေအတွက်များနေပါက သင်ခန်းစာအချို့ကို စာမေးပွဲတွင် မဖြေဆိုပဲ ရှောင်လွှဲခွင့်ရရှိနိုင်ခြင်းကြောင့် တတ်မြောက်မှုရာခိုင်နှုန်းအားနည်းနိုင်တဲ့အတွက် မေးခွန်းပုံစံအသစ်မှာ ရွေးချယ်စရာမေးခွန်းအရေအတွက်လျှော့ချထားခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ မေးခွန်းပုံစံတစ်ခုလုံး အသစ်ပြောင်းလဲသွားခြင်းမဟုတ်ဘဲ မေးခွန်းပုံစံအများစုကိုသာ ယခင်သမားရိုးကျမေးရိုးမေးစဉ်အတိုင်း ဆက်လက်ထည့်သွင်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီတက္ကသိုလ်ဝင်ခွင့်မေးခွန်းပုံစံ ပြောင်းလဲမှုရဲ့အရေးကြီးသောအချက်တွေမှာ မေးခွန်းပုံစံမှာ လုံးဝပြောင်းလဲသွားခြင်းမဟုတ်ဘဲ မေးခွန်းပုံစံသစ်မှာ မေးခွန်းပုံစံအဟောင်းကဲ့သို့ အလွတ်ကျက်မှတ်ရတဲ့မေးခွန်းများနှင့် ဆက်စပ်တွေးခေါ်ရသော မေးခွန်းများ ပေါင်းစပ်ပါဝင်မည်ဖြစ်သော်လည်း စဉ်းစားတွေးခေါ်ရသောမေးခွန်းများ ပိုမိုပါဝင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သင်ယူသူများအားလုံးအနေနဲ့ သင်ရိုးကုန်လေ့လာစေရန်ရည်ရွယ်ပြီး သင်ခန်းစာများအားလုံးကို လွှမ်းခြုံသည့်မေးခွန်းများအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ မေးခွန်းပုံစံမှာ အလွယ်၊ အသင့်၊ အခက် မျှတစွာပါဝင်ပြီး သင်ရိုးအားလုံးခြုံငုံလေ့လာထားသော ကျောင်းသားကျောင်းသူများသည် အခက်အခဲမရှိဖြေဆိုနိုင်မည့်မေးခွန်းမျိုးသာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲမေးခွန်းပုံစံပြောင်းလဲမှုအခြေအနေကို မေးခွန်းပုံစံနမူနာများအား တစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်ကျောင်းသားကျောင်းသူများ လေ့လာသိရှိရန်အတွက် နိုင်ငံပိုင်သတင်းစာများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနမှ အင်တာနက်ဝက်ဆိုက်များ၊ တက္ကသိုလ်အသီးသီးမှ အခြေခံပညာဆရာဆရာမများအား သင်တန်း၊ ဆွေးနွေးပွဲများဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ပေးနေပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်ကျော်ဦး(မိုင်းတုံမဲဆန္ဒနယ်)**။ ။ ဝန်ကြီးဖြေသွားတဲ့အထဲမှာ ကျွန်တော်မေးတဲ့မေးခွန်းမပါပါဘူးခင်ဗျား။ ကျွန်တော်မေးတာက နဝမတန်းကျောင်းသားကနေပြီးတော့၊ မေးခွန်းစပြီးတော့ ပြောင်းလဲဖို့ ကျွန်တော် မေးတာပါ။ ဒီဥစ္စာကိုဖြေကြားသွားခြင်းမရှိတဲ့အတွက် ကျွန်တော် ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းရပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးပါ။

မူကြမ်း

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့အနေနဲ့ ကြိုတင်ကြေညာ ထားပြီးတဲ့အစီအစဉ်အတိုင်းပဲ ဒသမတန်းတက္ကသိုလ်ဝင်စာမေးပွဲအတွက်သာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**တိုက်ကြီးမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ဖြိုဖျက်ပြီးသော မြို့မ(၁)အ.မ.က(မူလွန်)ကျောင်းကို ပြန်လည် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(တိုက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တိုက်ကြီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြင့် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ငလျင်ဒဏ်ကြောင့် ဖြိုဖျက်ပြီးတဲ့ မြို့မ(၁)အ.မ.က(မူလွန်)ကျောင်းကို ပြန်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့နှစ် ၂၀၁၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့မှာ တိုက်ကြီးမြို့ရဲ့ အနောက်ဘက် လေးမိုင်ခန့်အကွာ သော်လတီကျေးရွာကိုဗဟိုပြုပြီးတော့ ငလျင်ကြီးလှုပ်သွားပါတယ်။ အဲဒီငလျင်ကြီးဟာ ၅.၈ Richter စကေးရှိပါတယ်။ ည ၈ နာရီနဲ့ ၄၅ မိနစ်ခန့်မှာ လှုပ်သွားပါတယ်။ အဲဒီလိုလှုပ်သွားတဲ့အတွက် တိုက်ကြီးမြို့နယ်မှာရှိတဲ့ သာသနိကအဆောက်အအုံတွေရဲ့ အုတ်တံတိုင်း တွေပြိုကျသွားတယ်။ ဌာနဆိုင်ရာအဆောက်အအုံနှစ်ခုလည်း ပြိုဖို့နီးပါးအထိ ဖြစ်သွားပါတယ်။ အန္တရာယ်သိပ်ရှိသွားတယ်။ အဲဒီနှစ်ခုထဲမှာ နှစ်ထပ်အဆောင်တွေဖြစ်တဲ့ (လ.ဝ.က) ရုံးရယ်၊ နှစ်ထပ် အဆောင်ဖြစ်တဲ့ အ.မ.က(မူလွန်)ကျောင်းရယ်၊ အက်ကွဲပြီးတော့ ပြိုကျလုနီးပါးဖြစ်သွားပါတယ်။ အဲဒီအချိန်မှာ စာသင်ကျောင်းတွေဟာ စာမေးပွဲစစ်ပြီးလို့ ရပ်နားထားတဲ့အချိန်ဖြစ်ပါတယ်။ အဲဒီလို ရပ်နားထားတဲ့အချိန်မှာဖြစ်လို့ ပညာရေးနှစ်စတဲ့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှာ မူလတန်းလွန် ကျောင်းကို ပြည်လမ်းရဲ့တစ်ဖက်ကမ်းမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းမှာ၊ ရှမ်းကျောင်း ဘုန်းတော်ကြီး ကျောင်းမှာသွားပြီးစာသင်ခဲ့ရပါတယ်။ အဲဒီလို ဘုန်းတော်ကြီးကျောင်းမှာ သင်ခဲ့တယ်။ တစ်နှစ်ပြည့် သွားပါတယ်။ ဒီနေရာမှာ မြို့နယ်(လ.ဝ.က)ရုံးကို ပြန်ပြီးတော့ ဆောက်လုပ်ပေးပြီးသွားပြီ။ အခုအချိန်မှာ လုပ်ငန်းတွေပြန်လည်လုပ်ပြီးသွားပါပြီ။ ဒီမူလတန်းလွန်ကျောင်းကတော့ အခုထက်ထိ မပြီးခဲ့သေးပါဘူး။ ဘာလို့မပြီးသလဲဆိုတော့ ဒီကျောင်းကိုဖျက်ခွင့် တင်ဒါတွေတင်ရတယ်။ ဖျက်ရ တယ်။ ဖျက်ပြီးတော့မှ တစ်ခါဆောက်ခွင့်ပြန်တင်ရတယ်။ အဲဒီလိုတင်တဲ့ကာလမှာ အချိန်ဟာ နည်းနည်းလေးရွေ့သွားတယ်။ ရွေ့သွားတဲ့အခါကျတော့ ၂၀၁၇ ခုနှစ် မတ်လမှာပြီးတဲ့အတွက် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ သူကပါမသွားဘူး။ ပါမသွားတော့ RE မှာပါဖို့အတွက် ကျွန်တော်တို့က ကြိုးစား တယ်။ ကြိုးစားတဲ့အခါကျတော့ မူလွန်ကျောင်းရဲ့မြေပိုင်ဆိုင်မှု၊ အငြင်းပွားမှုက ဖြစ်လာတယ်။ အဲဒီ မြေပိုင်ဆိုင်မှု၊ အငြင်းပွားမှုကို ဖြေရှင်းတဲ့အခါကျတော့ ၁၀ လပိုင်းကျော်သွားတယ်။ ၁၀ လပိုင်းကျော် သွားတဲ့အခါကျတော့ နောက်ဘတ်ဂျက်ကြီးမှာ မပါပြန်ဘူးဖြစ်သွားတယ်။ နောက်ဘတ်ဂျက်ကလည်း ကြားဖြတ်ဘတ်ဂျက် ခြောက်လ၊ ဘတ်ဂျက်အကူးအပြောင်း အခုလက်ရှိကျင့်သုံးနေတဲ့ ဘတ်ဂျက်ထဲမှာ

လည်း သူကပါမသွားဘူးဖြစ်တယ်။ အဲဒီလိုပါမသွားတော့ ခြောက်လဘတ်ဂျက်မှာပါအောင်ဆိုပြီးတော့ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွေ၊ တိုင်းအစိုးရအဖွဲ့နဲ့တိုင်ပင်ပြီးတော့ လုပ်တဲ့အခါမှာ ပါလာပါတယ်။ ၁၅ ရာခိုင်နှုန်းပါလာတယ်။ အဲဒီ ၁၅ ရာခိုင်နှုန်းပါလာတဲ့အချိန်မှာ ဒီဘတ်ဂျက်ကြီးကို ပြန်ပြီးတော့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်ကြီးကို ပြန်ပြီးတော့ပါအောင် ကျွန်တော်တို့ ထပ်ကြိုးစားရတယ်။ အဲဒီလိုကြိုးစားတဲ့အခါကျတော့ ဒီကြားဖြတ်ဘတ်ဂျက်မှာမပါခဲ့လို့တဲ့။ အဲဒီ ကြားဖြတ်ဘတ်ဂျက်မှာ ပါခဲ့တဲ့ဟာက ၁၅ ရာခိုင်နှုန်းပဲပါတယ်။ နောက်ပြီးတော့ တန်ဖိုးကြီးလို့ ဒီဘတ်ဂျက်ရဲ့ အဲဒီအချိန်က စည်းမျဉ်းစည်းကမ်းအရ တန်ဖိုးကြီးလို့ဆိုပြီးတော့ အဲဒီ ၁၅ ရာခိုင်နှုန်းကို သူတို့မပေးခဲ့ပါဘူး။ အဲဒီလိုမပေးခဲ့တဲ့အခါကျတော့ အခု ၂၀၁၈-၂၀၁၉ ဘတ်ဂျက်ကြီးကျတော့ အဲဒီ ကြားဖြတ်ဘတ်ဂျက်က မပေးခဲ့လို့ပါတဲ့။ အခုနက ဒုတိယဝန်ကြီးလည်း ဖြေသွားတဲ့အထဲမှာ ပါပါတယ်။ အခုကျွန်တော်တို့ ဒီကလေးတွေဟာဆိုလို့ရှိရင် ပြည်လမ်းမကြီးကို ကျော်ပြီးတော့ အန္တရာယ်ရှိစွာနဲ့ ဘုန်းကြီးကျောင်းမှာ သွားသင်တယ်။ ဘုန်းကြီးကျောင်းဆိုတာကတော့ သာသနိကဘာသာရေးပွဲတွေ ရှိတယ်။ ဒါတွေကို အပျက်ခံပြီးတော့ မူလတန်းလွန်ကျောင်းကနေပြီးတော့ အတန်းတွေလည်း သင်ကြားနေရတယ်။ အဲဒီသင်ကြားနေတဲ့ဟာကို ကျွန်တော်က အခုဘတ်ဂျက်ကြီးမှာ မပါလို့ရှိရင် တစ်နည်းနည်းနဲ့ RE မှာ ပါပေးနိုင်အောင် ကြိုးစားဆောင်ရွက်ပေးပါလို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းလည်းတိုက်တွန်းချင်ပါတယ်။ အဲဒီအစီအစဉ်ရှိ/မရှိလည်း ကျွန်တော့်အနေနဲ့ မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်မြင့်၏မေးခွန်းဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ဖြိုဖျက်ပြီးသော မြို့မ(၁)အ.မ.က(မူလွန်)ကျောင်းကို အမြန်ဆုံးပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်းပဲ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေးရန်ပုံငွေများလျာထားပြုစုရာမှာ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ် မြို့မ(၁)အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် ၁၀၈ ပေ x ၃၀ ပေ L ပုံစံ RCC သုံးထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် ၂၀၁၈ ခုနှစ် ခြောက်လဘတ်ဂျက်ငွေလုံးငွေရင်းတည်ဆောက်ရေးမူလလျာထားချက်မှာ ၁၅ ရာခိုင်နှုန်း လျာထားခဲ့ပါတယ်။ သို့သော် ကိုယ်စားလှယ်တော်ကြီး အမိန့်ရှိတဲ့အတိုင်းပဲ ဘတ်ဂျက်ပမာဏဟာ များတယ်။ အရွယ်အစားလည်း ကြီးတဲ့အတွက် ဒီကျောင်းကိုလည်း အခြားကျောင်းများကို ဘဏ္ဍာငွေလိုအပ်ချက်အရ ရန်ပုံငွေလျာထားချက် ဖြတ်တောက်လျှော့ချခြင်းသာပြုခဲ့ပါတယ်။ ယခု ၁၂ လ

ဘတ်ဂျက်လျာထားချက်မှာလည်း ၂၀၁၈ ခုနှစ် ခြောက်လဘတ်ဂျက်မှ ဆောင်ရွက်ဆဲလုပ်ငန်းများကို ဦးစားပေးလျာထားခဲ့ရတဲ့အတွက် ရာနှုန်းပြည့်အောင် ဆက်လက်လျာထားရတဲ့အတွက် လုပ်ငန်းသစ်များကို တိုးချဲ့လျာထားရန် ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်းလည်း တင်ပြအပ်ပါတယ်။ ဒါပေမဲ့ ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ မြို့မ(၁) အခြေခံပညာမူလတန်းလွန်ကျောင်း ၁၀၈ ပေ x ၃၀ ပေ L ပုံစံ RCC သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် လိုအပ်သောရန်ပုံငွေများကို ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနမှ ဖြည့်စွက်ရန်ပုံငွေတင်ပြတောင်းခံချိန်တွင် ထပ်မံထည့်သွင်းတင်ပြရန် စီစဉ်ပြီးဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**မုံရွာမြို့ အလုံရပ်ကွက်၊ မင်းဒေါင့်နယ်မြေ အ.မ.က(၄၂)ကျောင်းဝင်းဟောင်းမြေနေရာအား ကျောင်းပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညွန့်အောင်(မုံရွာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မုံရွာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင်ဖြစ်ပြီး အခု မုံရွာမြို့ အလုံရပ်ကွက်၊ မင်းဒေါင့်နယ်မြေမှာရှိတဲ့ အ.မ.က(၄၂) ကျောင်းဝင်းဟောင်းမြေနေရာမှာ ကျောင်းပြန်လည်ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ကျွန်တော်တို့ အ.မ.က ကျောင်းတွေကို ၁၉၉၀-၁၉၉၁ ခုနှစ်တွေမှာ ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီကျောင်းတွေဟာ ပညာရေးဌာနပိုင်အဖြစ် မြေစာရင်းပုံစံ (၁၀၅)(၁၀၆)ကို ၁၉၉၅-၁၉၉၆ ခုနှစ်မှာ ပြုလုပ်ပြီးဖြစ်ပါတယ်။ ဒီကျောင်းလေးကို အမှီပြုပြီးတော့ ပညာရည်နို့သောက်စို့နေတာတော့ မုံရွာမြို့မှာရှိတဲ့ မင်းဒေါင့်ဖောက်ခွဲရေးဝင်း၊ ရေအားလျှပ်စစ်ဝင်း နောက်ပြီးတော့ ရွှေစိတ်ကြည်ရပ်ကွက်မှ အခြေခံဝန်ထမ်းတွေနဲ့ အခြေခံလူထုတွေရဲ့ သားငယ်၊ သမီးငယ်တွေဖြစ်ကြပါတယ်ခင်ဗျား။ ဒီကျောင်းလေးဖွင့်လှစ်ပြီး ငါးနှစ်၊ ခြောက်နှစ်အကြာ ၂၀၀၁ ခုနှစ်ရောက်တဲ့အခါမှာတော့ ဟုမ္မလင်းမြို့နယ်အတွက် စစ်ဦးစီးစီမံချက်ဖြင့် လေယာဉ်ကွင်းဆောက်လုပ်ရန် ကျလာခဲ့ပါတယ်။ အမှတ်(၂)ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်၊ တောင်ငူမြို့တပ်မှူးမှ ကုန်းလမ်း၊ ရေလမ်းတို့မှ သွားလာရန်လွယ်ကူသည့် ယာယီအုပ်ချုပ်ရေးရုံး ဆောက်လုပ်ရေးပစ္စည်းများ ခေတ္တထားရန် ယာယီကြားစခန်းအတွက် အသုံးပြုရန် မြေနှစ်ဧကကို လုပ်ထုံးလုပ်နည်းနှင့်အညီ သုံးနှစ်ခန့် ခေတ္တယာယီအသုံးပြုရန် မြေနေရာတောင်းခံလာပါသဖြင့် ကျောင်းဝင်းမြေ ၁.၈ ဧကအား ချထားပေးခဲ့ကြောင်း သိရပါတယ်။ ကျောင်းကိုတော့ အလုံရပ်ကွက်၊ ဘဒဂုံနယ်မြေဘက်ကို ရွှေ့ပြောင်းပေးခဲ့ပါတယ်။ အခက်အခဲကတော့ ခြောက်နှစ်၊ ခုနစ်နှစ်အရွယ်ကလေးငယ်လေးတွေဟာ မုံရွာ-ပုသိမ်လမ်း၊ မုံရွာ-ပုလဲလမ်း၊ မုံရွာ-ယာကြီး-ကလေးဝလမ်းတွေကို ဆုံပြီးဖြစ်ပေါ်လာတဲ့အဝေးပြေးလမ်းမကြီးကို ဖြတ်ကူးပြီးတော့ ကျောင်းတက်နေရခြင်းဖြစ်ပါတယ်။ ဒါဟာ အင်မတန်အန္တရာယ်ကြီးပါတယ်ခင်ဗျား။ ယခုအခါ ကလေးငယ်တွေဟာဆိုလို့ရှိရင် ကလေးငယ် ၇၄ လေးဦးနဲ့ မိဘများ၊ ရပ်မိရပ်ဖများဟာ ရွှေစိတ်ကြည်ရပ်မှာနေပြီးတော့ သွားရေးလာရေးအခက်အခဲဖြစ်နေတဲ့အတွက် အင်မတန်စိတ်မချမ်းမသာဖြစ်နေရပါတယ်။ နိုင်ငံတော်မှာလည်း ပညာရေးအတွက် အားထုတ်ကြိုးပမ်းနေတဲ့အချိန်

ကျောင်းထွက်တဲ့ကလေးငယ်လျော့ပါးရေးအတွက် အားထုတ်နေတဲ့အချိန်မှာ အန္တရာယ်စက်ဝန်းလို ဖြစ်နေတဲ့ ကားလမ်းမကြီးကိုဖြတ်ပြီး ကျောင်းတက်နေရတဲ့အဖြစ်မျိုး မဖြစ်သင့်တော့ပါဘူး။ အခု လက်ရှိတွင် စစ်မှုထမ်းဟောင်းအဖွဲ့အစည်းက ခြံစည်းရိုးကာရံပြီး အုတ်ဘလောက်စက်ရုံ တည်ဆောက်ခဲ့သော်လည်းပဲ အခုရပ်တန့်သွားခဲ့ပြီဖြစ်ပါတယ်။ စစ်မှုထမ်းဟောင်းအဖွဲ့အစည်းက တိုင်းဒေသကြီးအစိုးရရဲ့ စီမံခန့်ခွဲမှုကိုလည်းပဲ နာခံမယ်လို့ အကြောင်းပြန်ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့တော့ အထက်ပါမေးခွန်းကို မဲဆန္ဒရှင်ပြည်သူတွေရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးညွန့်အောင်၏မေးခွန်းဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အလုံရပ်ကွက်၊ မင်းဒေါင့်နယ်မြေ အ.မ.က(၄၂)ကျောင်းဝင်းဟောင်းမြေနေရာအား ပညာရေးဝန်ကြီးဌာနမှ ကျောင်းပြန်လည်ဖွင့်လှစ် ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့်ပတ်သက်တဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါ တယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ တင်ပြပါ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အလုံရပ်ကွက်၊ မင်းဒေါင့်နယ်မြေ၊ အမှတ်(၄၂) အခြေခံပညာ မူလတန်းကျောင်းအား ၁၉၉၁ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ၁၉၉၆-၁၉၉၇ ပညာသင်နှစ်တွင် မုံရွာမြို့ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ သင်္ဘောဆိပ်ကမ်း ပြုလုပ်ခဲ့သဖြင့် အလုံမင်းဒေါင့်ရပ်ကွက်ရှိ မင်းဒေါင့်အခြေခံပညာမူလတန်းကျောင်းကို ကောင်းမှုတော် ကျောင်းတိုက်၏အရှေ့ဘက်၌ မူလတန်းကျောင်း မြေဧရိယာတစ်ဧကခန့်ဖြင့် ၁၉၉၇-၁၉၉၈ ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာဦးစီးဌာနမှ ခွင့်ပြုငွေကျပ် ၁၂ သိန်း၊ အများပြည်သူမှထည့်ဝင်ငွေ ကျပ် ၁၈ သိန်း စုစုပေါင်းကျပ် သိန်း ၃၀ ဖြင့် အဆိုပါနေရာတွင် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ၏ ၁၃-၁၂-၂၀၀၁ ရက်စွဲပါစာအမှတ်(၅/၄၃-၁၀)/ဦး ၆၊ ၃၂၆၄ ဖြင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေ ဟုမ္မလင်းမြို့နယ်တွင် စစ်ဦးစီးစီမံချက်ဖြင့် အမှတ်(၂)ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်မှ လေယာဉ်ကွင်းတည်ဆောက်ခဲ့ရာ လိုအပ်သောဆောက်လုပ်ရေးပစ္စည်းများကို ရေလမ်းမှသယ်ယူလာသည့်အခါ ခေတ္တသိုလှောင်သည့်ကြားစခန်းအဖြစ် မုံရွာမြို့၊ အလုံရပ်ကွက်၊ မင်းဒေါင့်လမ်း ၁(က)ရှိ မူလတန်းကျောင်းမြေနေရာအား အသုံးပြုရန်နှင့် မူလတန်းကျောင်းအား လက်ရှိဖွင့်လှစ်ထားသည့် အလုံရပ်ကွက်ရှိနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် ညွှန်ကြားဆောင်ရွက်ခဲ့ပါ ကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါ အမှတ်(၂) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်အနေဖြင့် လေယာဉ်ကွင်းတည်ဆောက်ပြီးသော်လည်း ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ အဆိုပါကျောင်း ဟောင်းမြေနေရာမှာ ၂၀၀၈-၂၀၀၉ ခုနှစ်အထိ ၎င်းတပ်မှ ဆက်လက်နေထိုင်အသုံးပြုတဲ့အပြင်

စစ်မှုထမ်းအိမ်ရာများဆောက်လုပ်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော ကွန်ကရစ်အုတ်များ ထုတ်လုပ်နိုင်ရန် ကွန်ကရစ်အုတ်ဘလောက်စက်ရုံများ တည်ဆောက်ခြင်းတို့ကို စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏နှုတ်မိန့်၊ စစ်ကိုင်းတိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ တာဝန်ပေးခဲ့သည့်အဖွဲ့၊ ၎င်းတို့အဖွဲ့ပိုင် ရေခဲစက်ကိုပါ တည်ဆောက်ထားကြောင်း တင်ပြအပ်ပါတယ်။ အမှတ်(၄၂) အခြေခံပညာမူလတန်းကျောင်းမြေအား ပညာရေးဝန်ကြီးဌာနပိုင်မြေဖြစ်ကြောင်း မြေစာရင်းပုံစံ(၁၀၅၊ ၁၀၆)ကျောင်းအဆောက်အဦဟောင်း မှတ်တမ်းများနှင့်အတူ ၁၉၉၅-၁၉၉၆ ခုနှစ်မှစတင်ထုတ်ပေးခဲ့ပြီး ကျောင်းမြေဂရန်မရရှိသေးပါကြောင်းနှင့် အဆိုပါနေရာတွင် လက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ပိုင်ကွန်ကရစ်အုတ်စက်နှင့် ရေခဲစက်တည်ဆောက်ထားသော်လည်း ပိုင်ဆိုင်မှုဂရန်မရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အလုံရပ်ကွက်၊ မင်းဒေါင့်ရပ်မှ ကျောင်းသူကျောင်းသားများနှင့် ဝန်ထမ်းသားသမီးများ၊ တံတားအထူးအဖွဲ့မှ ဝန်ထမ်းသားသမီးများသည် အမှတ်(၄၂)အခြေခံပညာမူလတန်းကျောင်းသို့သွားရာတွင် မုံရွာ-ကလေးဝလမ်းမကြီးအား ကျော်ဖြတ်သွားရောက်နေရပါသောကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် စိုးရိမ်ရသည့်အတွက် မင်းဒေါင့်ရပ်၊ အမှတ်(၄၂) အခြေခံပညာမူလတန်းကျောင်း၏ မူလကျောင်းဝင်းနေရာဟောင်း ၀.၉၂၄ ဧကအား ပညာရေးဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ပါရန် ကာကွယ်ရေးဝန်ကြီးဌာနသို့ ၅-၆-၂၀၁၈ ရက်နေ့တွင် ညှိနှိုင်းတင်ပြထားပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနမှ အဆိုပါမြေနေရာအား လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီထံသို့ ပြန်လည်လွှဲပြောင်းရန်လိုအပ်မည်ဖြစ်ပြီး ထိုသို့လွှဲပြောင်းပြီးမှသာ ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါကျောင်းဟောင်းမြေနေရာအား ပြန်လည်လွှဲပြောင်းရရှိရေးအတွက် တရားဝင်လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါမယ်။ ၁၁း၃၀ အချိန်မှာ အစည်းအဝေး ပြန်လည်စတင်မှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ရပ်စောက်မြို့နယ်နှင့် ပင်းတယမြို့နယ် ဆက်သွယ်သွားလာသော မြို့နယ်ချင်းဆက် ကျေးလက်လမ်းဖြစ်သည့် ကြာအင်း-မြောင်းတော်-သနပ်တောင်-ဝန်စို-ဖောင်းပြားလမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ် မန်ကျီးကုန်းကျေးရွာအုပ်စုအတွင်းမှာရှိသော ကျေးရွာများနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်းရှိ ဖောင်းပြားကျေးရွာနှင့် ဆက်သွယ်သွားလာရသော မြို့နယ်ချင်းဆက် ကျေးလက်မြေသားကျောက်ရောအမာခံလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့နယ် မန်ကျီးကုန်းကျေးရွာအုပ်စုအတွင်းရှိ ကြာအင်း-မြောင်းတော်-သနပ်တောင်-ဝန်စို-ဖောင်းပြားလမ်း အရှည် ၇ မိုင်သည် ရှေးယခင် ရှမ်းစော်ဘွားများလက်ထက်ကတည်းကပင် ဖောက်လုပ်ဆောင်ရွက်ခဲ့သော အမာခံကျောက်လမ်းဖြစ်ပါတယ်။ ယခုအချိန်တွင် နှစ်ကာလရှည်ကြာ၍သော်လည်းကောင်း၊ မိုးရေတိုက်စားမှုများကြောင့်သော်လည်းကောင်း၊ ပျက်စီးယိုယွင်း ချိုင့်ခွက်များဖြစ်ပေါ်နေပြီး သွားလာမှုခက်ခဲလာပြီဖြစ်ပါတယ်။ ၎င်းလမ်းသည် ကျေးရွာငါးရွာ၊ ဖြတ်သန်းဆက်သွယ်ထားပြီး အိမ်ခြေငါးရာကျော်နှင့် လူဦးရေ ၂၀၀၀ ကျော်အတွက် ပညာရေး၊ ကျန်းမာရေး စသည့် ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးပါသောလမ်းဖြစ်ပါတယ်။ ၎င်းအပြင် မန်ကျီးကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှပြည်သူများ၊ မြင်တောင်ကျေးရွာအတွင်းရှိ ကျေးရွာများမှပြည်သူများ၊ အမြဲတမ်းဆက်သွယ်သွားလာရေး၊ ဒေသထွက်ကုန်ပစ္စည်းများ သယ်ယူရောင်းချရာတွင်လည်း ကုန်ထုတ်လမ်းအဖြစ် အကျိုးရှိစွာအသုံးပြုနေသောလမ်းလည်း ဖြစ်ပါတယ်။ ဒေသအတွက် လွန်စွာအကျိုးရှိသော မြို့နယ်ချင်းဆက်ကျေးလက်လမ်းဖြစ်သောကြောင့် ဒေသကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်များ၏ မိန့်မှာကြားတောင်းဆိုချက်များ၊ ဒေသခံပြည်သူများမှလည်း ပြန်လည်ပြုပြင်၍ ကတ္တရာလမ်းအဖြစ် တည်ဆောက်ပေးရန် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံတိုင်း ပြောဆိုဆွေးနွေးခဲ့တာရှိပါတယ်။ သို့ဖြစ်ပါ၍ ရပ်စောက်မြို့နယ်နှင့် ပင်းတယမြို့နယ် ဆက်သွယ်သွားလာရသော မြို့နယ်ချင်းဆက် ကျေးလက်လမ်းဖြစ်သော ကြာအင်း-မြောင်းတော်-သနပ်တောင်-ဝန်စို-ဖောင်းပြားလမ်းကို ယခုဘဏ္ဍာရေးနှစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ဒေသခံပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးပါ။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီး ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်မြင့်မှ မေးမြန်းထားတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်နှင့် ပင်းတယမြို့နယ် ဆက်သွယ်သွားလာသော မြို့နယ်ချင်းဆက် ကျေးလက်လမ်းဖြစ်သည့် ကြာအင်း-မြောင်းတော်-သနပ်တောင်-ဝန်စို-ဖောင်းပြားလမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း အဖြစ် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ် နှင့် ပင်းတယမြို့နယ်တို့ကို ဆက်သွယ်ထားသော ကြာအင်း-မြောင်းတော်-သနပ်တောင်-ဝန်စို-ဖောင်းပြားလမ်းအရှည် ၇ မိုင်သည် ရပ်စောက်-ပင်းတယလမ်းမကြီးနှင့် ဆက်သွယ်ထားသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး လမ်းအဆင့်သတ်မှတ်ချက်အရ Class(A)ဖြစ်ပြီး အမာခံကျောက်ကြမ်းလမ်းဖြစ်ပါတယ်။ အဆိုပါလမ်း သည် ကျေးရွာငါးရွာ၊ အိမ်ခြေ ၃၇၇ အိမ်၊ လူဦးရေ ၁၉၀၀ တို့အား အကျိုးပြုလျက်ရှိသည့် လမ်းဖြစ်သဖြင့် လမ်းအဆင့်မြှင့်တင်နိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရ ရန်ပုံငွေတွင် ကတ္တရာလမ်း ၁ မိုင် ၂ ဖာလုံလျာထားပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့်လမ်း အရှည် ၅ မိုင် ၆ ဖာလုံနှင့် ပေ ၄၀ တံတားတစ်စင်း၊ ၅ ပေ Box Culvert ခုနစ်စင်းတို့ကို ဆက်လက်ပြီးတော့ အဆင့်မြှင့်တင်ပေးနိုင်ရေး အတွက် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေများ ဆက်လက်တင်ပြသွားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ကွမ်းလုံမြို့ရှိ သံလွင်မြစ်ကူးကြိုးတံတားကြီးနှင့်စပ်လျဉ်း၍ မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးယန်ကျင်းကန်(ကွမ်းလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကွမ်းလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယန်ကျင်းကန် ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကွမ်းလုံမြို့နယ်နှင့် ဆက်စပ်မြို့နယ်များတွင် နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားများနှင့် သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်းမကြီးအားအမှီပြု၍ အသက်မွေး ဝမ်းကျောင်းနေကြသူများကိုယ်စား ကွမ်းလုံမြို့ရှိ သံလွင်မြစ်ကူးကြိုးတံတားနှင့်စပ်လျဉ်း၍ မည်သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလို၍ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကွမ်းလုံကြိုးတံတားဟာ ၁၉၆၅ ခုနှစ်က တည်ဆောက်ပြီးစီးတာဖြစ်လို့ နှစ်ပေါင်း ၅၃ နှစ်ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီး ဌာနများရဲ့ တံတားသစ်တည်ဆောက်မည့်အစီအစဉ်များကို ထုတ်ပြန်သောသတင်းများအရ သိရှိရ သော်လည်း လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကြောင့် ဒေသခံများစိုးရိမ်ပူပန်မှုများ ဖြစ်ပေါ် နေသဖြင့် ဒေသခံပြည်သူများ၏ စိုးရိမ်ပူပန်မှုနှင့် မျှော်လင့်စောင့်စားနေမှုများကို ဖြေသိမ့်မှုရရှိစေခြင်း အလို့ငှာ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကွမ်းလုံကြိုးတံတားဟာ အရပ် မျက်နှာ အနောက်မှအရှေ့သို့စီးဆင်းနေတဲ့ သံလွင်မြစ်ကို တောင်မြောက်ဖြတ်သန်းတည်ဆောက် ထားပြီး ၎င်းဒေသတစ်ခွင်ရှိ ကွမ်းလုံ၊ လောက်ကိုင်၊ ချင်းရွှေဟော်၊ ဟိုပန်မြို့နေ တိုင်းရင်းသားပြည်သူ များ နေ့စဉ်အသုံးပြုနေကြသော၊ တစ်ခုတည်းသော မြစ်ကူးတံတားတစ်စင်းဖြစ်ပါတယ်။ ခေတ်စနစ် များကို ဖြတ်သန်းခဲ့ရပြီး အန္တရာယ်အကြိမ်ကြိမ်ကြုံတွေ့ခဲ့ရသော်လည်း ယခုထိတိုင် နိုင်ငံတော်နှင့် ပြည်သူများကို အကျိုးပြုဆဲ သမိုင်းဝင်တံတားတစ်စင်းလို့ မှတ်ယူလို့ရနိုင်ပါတယ်။ သို့သော် ယခုအခါ မြောင်းမြကြိုးတံတားဖြစ်စဉ်က တာဝန်ရှိသူများကို သတိပေးတပ်လှန့်သလိုဖြစ်ခဲ့ရပြီး နိုင်ငံတစ်ဝန်းလုံး ရှိ ကြိုးတံတားများ၏ခိုင်ခံ့မှုစစ်ဆေးခြင်း၊ ဖြတ်သန်းခွင့်တန်ချိန်လျှော့ချခြင်းများဆောင်ရွက်လျက် ရှိကြောင်း တွေ့ရှိရပါတယ်။ ဤသို့ဆောင်ရွက်ခြင်းသည် ဖြစ်လာမည့်ပြဿနာကို ယာယီဟန့်တား ဖြေရှင်းခြင်းသာဖြစ်သဖြင့် ရေရှည်တည်တံ့နိုင်မည့် စီမံမှုမျိုးကို လျာထားဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေ။ ဒေသတစ်ခုလုံးရဲ့ အဓိကအားထားဖြတ်သန်းနေရသည့် ကွမ်းလုံ ကြိုးတံတားဟာ တစ်ခုတည်းသောဆက်သွယ်မှုကွန်ရက်ကြိုးတံတားဖြစ်သဖြင့် ဒေသခံများ စိုးရိမ် ပူပန်မှုဖြစ်ရခြင်းဟာ အကဲပိုသောစိုးရိမ်ပူပန်မှုမျိုးမဟုတ်ပါဘူး။ အကယ်၍ မတွေ့ကြုံလိုသော မြောင်းမြကြိုးတံတားဖြစ်စဉ်မျိုးပေါ်ပေါက်လာပါက လူမှုစီးပွားအခက်အခဲမျိုးစုံ ကြုံတွေ့ရလာနိုင်ပြီး ဝမ်းစာဖူလုံရုံမျှရှိသော ဆင်းရဲနွမ်းပါးတိုင်းရင်းသားများအတွက် ဝန်ထုပ်ဝန်ပိုးများစွာကို ဖြစ်ပေါ် လာနိုင်စေပါတယ်။ ထို့အတူ ကုန်သွယ်မှုပမာဏတတိယအများဆုံးရှိ ချင်းရွှေဟော်နယ်စပ် ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုများလည်းပြတ်တောက်နှောင့်နှေးသွားနိုင်ပါသဖြင့် ကြုံတွေ့လာ နိုင်သည့် အခက်အခဲများစွာအတွက် ဒေသခံတိုင်းရင်းသားများအတွက် ကြိုတွေးပူပန်မှုများ ဖြစ်နေကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ သိန္နီ-ကွမ်းလုံ-ဟိုပန်-လောက်ကိုင်-ချင်းရွှေဟော်လမ်းမပေါ်ရှိ သံလွင်မြစ်ကူး ကွမ်းလုံကြိုးတံတား၏ လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများကို အသုံးပြုသူတိုင်းရင်းသားပြည်သူ များ စိုးရိမ်ပူပန်မှုဖြေလျှော့စေရေးအတွက် ကြိုးတံတားအားအန္တရာယ်ကင်းစွာအသုံးပြုနိုင်ရန် ပြင်ဆင် ထိန်းသိမ်းဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့် နောင်ဆောင်ရွက်မည့် စီမံကိန်းသစ်အလားအလာ များကို ဒေသခံများသိရှိနိုင်စေရေးအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးအထူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွမ်းလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယန်ကျင်းကန်မှ မေးမြန်းထားတဲ့ ကွမ်းလုံမြို့ရှိ သံလွင်မြစ်ကူးကြိုးတံတားကြီးနှင့်စပ်လျဉ်း၍ မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်း မိုင်တိုင်အမှတ် (၅၁/၇)နှင့် (၅၂/၁)ကြားတွင်တည်ရှိသည့် ကွမ်းလုံမြို့အဝင် တံတားအမှတ်(၁/၅၃)၊ ကွမ်းလုံကြိုးတံတားသည် အရှည် ၇၈၉ ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ၁၉ ပေ ၆ လက်မရှိတဲ့ သံမဏိကြိုးဆိုင်းတံတား (Suspension Bridge)ဖြစ်ပါတယ်။ ကွမ်းလုံကြိုးတံတားကို ၂၉-၂-၁၉၆၄ ရက်နေ့မှာ တရုတ်ပညာရှင်များရဲ့ အကူအညီများနဲ့တည်ဆောက်ခဲ့ပြီးတော့ ၁၉၆၅ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ တံတားရဲ့အသုံးပြုမှုသက်တမ်းမှာ နှစ်ပေါင်း ၅၀ ခန့်ကြာမြင့်ခဲ့ပြီးဖြစ်တဲ့အတွက် တံတားရဲ့ခံနိုင်ဝန်ဟာ လျော့ကျလာပါတယ်။ ကွမ်းလုံကြိုးတံတားရဲ့ကြံ့ခိုင်မှုအခြေအနေကို ၂-၆-၂၀၁၈ ရက်နေ့ကနေပြီးတော့ ၄-၆-၂၀၁၈ ရက်နေ့အထိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မြို့ပြအင်ဂျင်နီယာဌာနမှ ပညာရှင်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာပညာရှင်များပူးပေါင်း၍ စစ်ဆေးတိုင်းတာခဲ့ပြီးတော့ တံတားကြီးရဲ့အခြေအနေကို စစ်ဆေးခဲ့ကြပါတယ်။ စစ်ဆေးချက်အရ လိုအပ်တဲ့ သစ်သားကြမ်းခင်းအချို့ဆွေးမြေ့နေတဲ့နေရာတွေမှာ Decking ပြင်ဆင်ခြင်းကို အချိန်နှင့်တစ်ပြေးညီ အစားထိုးအသစ်လဲလှယ်တပ်ဆင်ခဲ့ပြီးဖြစ်ပါတယ်။ တံတားရဲ့ မူလခံနိုင်ဝန် တန် ၄၀ ထားခဲ့သော်လည်းပဲ ယခုအခါမှာ တံတားရဲ့ခံနိုင်ဝန်လျော့ကျလာမှုအတွက် (ကုန်+ယာဉ်) ၂၅ တန်သာဖြတ်သန်းဖို့ ကျွန်တော်တို့ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ ဤတံတားသည် ကျွန်တော်တို့က ချင်းရွှေဟော် နယ်စပ်ဂိတ်မှတစ်ဆင့် Lincang City ထိ ဆက်သွယ်ပြီးတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ရဲ့ နယ်စပ်ကုန်သွယ်ရေး ဒုတိယမြောက်နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းဖြစ်လာမယ့်လမ်းကြောင်းဖြစ်တဲ့အတွက် ဒီတံတားသည် အရေးပါတဲ့တံတားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကွမ်းလုံကြိုးတံတားနှစ်လမ်းသွားသံကူကွန်ကရစ်တံတားအသစ် တည်ဆောက်နိုင်ဖို့အတွက် လမ်းအူကြောင်းသုံးနေရာကို ရှာဖွေခဲ့ပါတယ်။

တံတားအူကြောင်း(၁)ကတော့ တံတားဟောင်းရဲ့အထက် ငါးမိုင်ခန့်အကွာမှာရှိပြီးတော့ မြစ်ရဲ့အကျယ်က ပေ ၄၂၀ လောက်ရှိပါတယ်။ သိန္နီ-ကွမ်းလုံလမ်း မိုင်တိုင်အမှတ်(၄၈/၄) နမ့်နင်းချောင်း ပေ ၂၀၀ ကိုဖြတ်ပြီးတော့ သံလွင်မြစ်ကမ်းတောင်ဘက်ကမ်းအထိ အရှည်နှစ်မိုင်ခန့် လမ်းကြောင်းအသစ်ဖောက်လုပ်ခြင်းနှင့် သံလွင်မြစ်ရဲ့မြောက်ဘက်ကမ်း အရှည်လေးမိုင်ခွဲခန့် မြို့ရှောင်လမ်းဖောက်လုပ်ရမှာ ဖြစ်ပါတယ်။ တံတားအူကြောင်း(၂)ကတော့ တံတားဟောင်းရဲ့အထက် လေးမိုင်ခန့်အကွာမှာရှိပြီးတော့ မြစ်ရဲ့အကျယ်ဟာ ၅၁၅ ပေရှိပါတယ်။ မြစ်ရဲ့တောင်ဘက်မှာ သိန္နီ-ကွမ်းလုံလမ်းနှင့်ကပ်ပြီးတော့ တည်ရှိပြီးတော့ မြောက်ခြမ်းမှာတော့ မြို့ရှောင်လမ်းငါးမိုင် ခြောက်ဖာလုံခန့် အသစ်ဖောက်လုပ်ရမှာဖြစ်ပါတယ်။ ယခင်တံတားဟောင်းမှ အချက်အလက်များအရ နွေအခါမှာ ရေအနက်

ပေ ၄၀ ရှိပြီးတော့ မိုးအခါမှာ ပေ ၅၀ ပေမှ ပေ ၉၀ ထိ ရှိနိုင်ပါတယ်။ တံတားအူကြောင်း(၃)ကတော့ တံတားဟောင်းရဲ့အထက်ဘက် သုံးမိုင် လေးဖာလုံမှာရှိပြီးတော့ သိန္နီ-ကွမ်းလုံလမ်းရဲ့ မိုင်တိုင်အမှတ် (၅၀)မှာရှိပါတယ်။ တောင်ဘက်ကမ်းမှ သိန္နီ-ကွမ်းလုံလမ်းနှင့် ကပ်လျက်ရှိပြီးတော့ မြောက်ဘက်ကမ်းမှာတော့ ခြောက်မိုင်ခန့် မြို့ရှောင်လမ်းဖောက်လုပ်ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကွမ်းလုံကြိုးတံတားအသစ်တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုပိုမိုတိုးတက်လာစေရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်အစိုးရ၏ China Grant Aid ရရှိရေးညှိနှိုင်းဆောင်ရွက်လျက်ပြီးတော့ Feasibility Study ဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ Memorandum of Understanding(MoU)ကို ၂၆-၁၀-၂၀၁၇ ရက်နေ့မှာ လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အကူအညီပေးရေးဆိုင်ရာစာလွှာ (Exchange Letter)လက်မှတ်ရေးထိုးခွင့်အား ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၅/၂၀၁၈)မှ သဘောတူခွင့်ပြုပြီးဖြစ်ပါသဖြင့် ၂၀-၃-၂၀၁၈ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။ ကွမ်းလုံတံတားအသစ်တည်ဆောက်နိုင်ရေးအတွက် အချိန်ကာလနှစ်နှစ်ကျော် ကြာမြင့်မည်ဖြစ်သဖြင့် လက်ရှိကွမ်းလုံကြိုးတံတားအား သတ်မှတ်ခံနိုင်ဝန်(Load Class)များသတ်မှတ်ပြီး မော်တော်ယာဉ်များအား သတ်မှတ်တန်ချိန်အတိုင်း ဖြတ်သန်းသွားလာခွင့်ပြုသွားမှာ ဖြစ်ပါတယ်။ တံတားအသစ်ကိုလည်း မကြာမီတည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် တံတားအသစ်တည်ဆောက်ပြီးစီးသွားပါက မော်တော်ယာဉ်များ (ကုန်+ယာဉ်) ၇၅ တန်အထိ ဖြတ်သန်းခွင့်ပြုသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အိမ်မဲမြို့နယ်အတွက် အဓိကကျေးလက်လမ်းဖြစ်သည့် မယ်ဇလီစာဖြူစု-မှန်ကုန်းလမ်းကို ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာဖြစ်ပြီး ကျွန်မမေးလိုတဲ့မေးခွန်းကတော့ အိမ်မဲမြို့နယ်အတွက် အဓိကကျေးလက်လမ်းဖြစ်တဲ့ မယ်ဇလီစာဖြူစု-မှန်ကုန်းလမ်းကို ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။ မေးမြန်းရတဲ့အကြောင်းရင်းကတော့ အိမ်မဲမြို့နယ်ဟာ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်အတွင်းမှာတည်ရှိပြီး စိုက်ပျိုးရေးကို အဓိကထားနေရတဲ့ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ မြို့လေးဖြစ်ပါတယ်။ ဆန်စပါးကိုအဓိကထားစိုက်ပျိုးပြီးတော့ ရေလမ်း၊ ကုန်းလမ်းမျှနေတဲ့အတွက်ကြောင့် သွားရေး၊ လာရေးလည်း အင်မတန်မှခက်ခဲနေဆဲလည်း ဖြစ်ပါတယ်။ ကျေးလက်လမ်းတော်တော်များများဟာ မြေသားလမ်းအဖြစ်သာရှိနေသေးပြီး တချို့

ကတော့ ကျောက်ကြမ်းလမ်းအဖြစ်တည်ရှိပါတယ်။ တချို့ကတော့ လမ်းခင်းစဉ်အချိန်က အားနည်းချက်ကြောင့်လည်းကောင်း၊ တင်ဒါအောင်ကုမ္ပဏီတွေက စာချုပ်ပါအတိုင်း နှစ်နှစ်အတွင်းပြန်လည်ပြင်ဆင်မှု အားနည်းခြင်းကြောင့်လည်းကောင်း၊ ကျောက်သယ်၊ အုတ်သယ်၊ နွားသယ်ယာဉ်များကြောင့်လည်းကောင်း ပျက်စီးနေပြီး မိုးရာသီမှာ မသွားနိုင်တော့တဲ့အခြေအနေဖြစ်ပါတယ်။ လမ်းရဲ့အခြေအနေကို တင်ပြလိုတဲ့အတွက် Power Point အသုံးပြုခွင့်ပြုပါရှင်။

ဒါဟာ ကျွန်မမေးခွန်းမှာပါတဲ့ မယ်ဇလီစာဖြူစု-မှန်ကုန်းလမ်းဖြစ်ပါတယ်။ ဒီလမ်းကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ခင်းပြီး အခုကာလ ပွင့်လင်းရာသီမှအပ ကျန်တဲ့ရာသီတွေမှာ မသွားလာနိုင်တော့ပါဘူး။ လမ်းအရှည်က ၁၂.၅ မိုင်ရှည်ပြီး ၁၂ ပေကျယ်တဲ့ Class(A)အဆင့် သတ်မှတ်ထားတဲ့လမ်းဖြစ်ပါတယ်။ ရန်ကုန်-မြောင်းမြကားလမ်းကို ဦးတိုက်ထားပါတယ်။ အကျိုးပြုကျေးရွာ ၅၂ ရွာဖြစ်ပြီး အိမ်ထောင်စု ၅၀၀၀ ကျော်၊ လူဦးရေ ၁၀၀၀၀ ကျော်ကို အကျိုးပြုနေတဲ့လမ်းဖြစ်ပါတယ်။ ဒီလမ်းဘေးဝဲ/ယာမှာရှိတဲ့ကျေးရွာတွေထဲမှာ ကျခတ်ကွေ့ကျေးရွာအုပ်စုဟာ အ.ထ.က(ခွဲ)ကျောင်း၊ ထန်းလန်းပင်ကျေးရွာအုပ်စုဟာ အ.လ.က(ခွဲ)ကျောင်း၊ ခြောက်အိမ်တန်းကျေးရွာအုပ်စုဟာ အ.ထ.က(ခွဲ)ကျောင်းတွေနဲ့ ကျောင်းသူကျောင်းသားအများဆုံး သွားလာတဲ့လမ်းလည်းဖြစ်ပါတယ်။ ဒီလမ်းဟာ မြောင်းမြခရိုင်၊ ကညင်ခဲကူးတို့ဆိပ်ကို အတိုဆုံးလမ်းနဲ့ရောက်သွားတဲ့ လမ်းလည်းဖြစ်ပါတယ်။ ဒီလမ်းဟာ လူကောင်းကျွန်းဇရပ်ချောင်း ချောင်းကူးတံတားထိုးပေးဖို့အတွက် လွှတ်တော်ကတိကဝတ်လည်းရှိပြီးသားဖြစ်နေတဲ့အတွက် အခုတင်ပြတဲ့လမ်းဟာ ထိုးပေးမယ့်ချောင်းကူးတံတားထိပ်ကိုသွားပြီးတော့ ဦးတိုက်မယ့်လမ်းဖြစ်တဲ့အတွက် အရေးပါတဲ့လမ်းတစ်လမ်းလည်း ဖြစ်လာပါတယ်။ ဒီလမ်းပေါ်မှာရှိတဲ့ ပေအရှည် ၇၀ ရှိတဲ့ ကွန်ကရစ်တံတားနှစ်စင်းရှိတယ်။ ပေအရှည် ၁၇၀ ရှိတဲ့ သစ်သားတံတားသုံးစင်း၊ ရေပွန်ရှစ်ခုရှိပါတယ်။ သစ်သားတံတားတွေရဲ့ အခြေအနေတွေဟာ ပုံပါအတိုင်းယိုယွင်းနေပါတယ်။ တချို့သစ်သားတံတားတွေဟာ သွားရေး၊ လာရေးမလွယ်ကူတော့ဘဲနဲ့ ဒိန်းဒေါင်းလိုယာဉ်မျိုးတောင် မောင်းဖို့အင်မတန်မှ ခဲယဉ်းနေပါတယ်။ ကျေးဇူးတင်ပါတယ်။ သစ်သားတံတားတွေယိုယွင်းနေပြီး ရေပွန်တွေနိမ့်ကျနေတဲ့အတွက် လမ်းခင်းစဉ်တစ်ဆက်တည်း ပြင်ဆင်လျှင် အဆင်ပြေမယ်ဖြစ်ပါတယ်။ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် အလွန်အရေးပါပြီး ကျန်းမာရေးအတွက်လည်း ရွာသစ်တိုက်နယ်ဆေးရုံကို လျင်မြန်စွာသွားလာနိုင်ရေးအပြင် ပညာရေးအတွက် အလွန်အထောက်အကူပြုနေတဲ့အတွက် ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် ၂၀၁၉-၂၀၂၀ ခုနှစ်လောက်မှာ ခင်းပေးနိုင်မယ်ဆိုရင်တော့ လျှပ်စစ်မီးရရှိပြီးဖြစ်နေတဲ့အတွက်၊ ကျေးရွာများလည်းရှိနေတဲ့အတွက် ကျေးလက်ဖွံ့ဖြိုးမှုမြန်ဆန်လာမှာဖြစ်လို့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာမှ မေးမြန်းထားသော အိမ်မဲမြို့နယ်အတွင်း အဓိကကျေးလက်လမ်းဖြစ်သည့်

မယ်ဇလီစာဖြူစု-မှန်ကုန်းလမ်းကို ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်အတွင်းရှိ မယ်ဇလီစာဖြူစု-မှန်ကုန်းလမ်းအရှည် ၁၂ မိုင် ၅ ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ သုံးနှစ်တာကာလအတွင်း ကွန်ကရစ်ရေပြွန်လေးစင်း၊ မယ်ဇလီရွာအဝင် ကွန်ကရစ်တံတား ၁၀ ပေ တစ်စင်း၊ ခြောက်အိမ်တန်းချောင်းကူးတံတား ၇၀ ပေတစ်စင်း၊ မှန်ကုန်းချောင်းကူးတံတား ၅၀ ပေ တစ်စင်းတို့အပြင် Box Culvert လေးစင်းတို့ကို ထည့်သွင်းဆောင်ရွက်ပေးခဲ့ပြီး ကျောက်ချောလမ်း အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါ အဆိုပါလမ်းပေါ်ရှိ လမ်းပိုင်းများမှာ ပျက်စီးလျက်ရှိပြီး သစ်သားကြမ်းခင်းတံတားများမှာလည်း ပြန်လည်ပြုပြင်ရန် လိုအပ်လျက်ရှိပါတယ်။ လမ်းပိုင်းအလိုက် ပျက်စီးမှုများနှင့် သစ်သားကြမ်းခင်းတံတားများအား ပြုပြင်ဆောင်ရွက်ပြီးပါက ကျေးရွာ ၂၈ ရွာ၊ အိမ်ခြေ ၂၇၉၄ အိမ်နဲ့ လူဦးရေ ၁၃၃၀၀ ခန့်အား တိုက်ရိုက်အကျိုးပြုမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မယ်ဇလီစာဖြူစု-မှန်ကုန်းလမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class-A ဦးစားပေးအဆင့်(၂)မှာ ပါဝင်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ ရန်ပုံငွေမပါသေးပေမယ့် ဒီ Power Point မှာတင်ပြထားတဲ့ ပျက်စီးနေတဲ့တံတားများ၊ လမ်းများကိုတော့ ပြည်သူလူထုသွားလာလို့ရအောင် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာတော့ ရန်ပုံငွေများတင်ပြသွားမှာဖြစ်ပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ရွှေကျင်မြို့နယ်၊ ရွှေကျင်-ဝင်းကံလမ်းပိုင်းရှိ ကွင်းဆိပ်-ကျုံချောင်း ၃ မိုင်ခွဲမြေသားတာဖို့လမ်းမကြီးပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောသလေးစောပါ။ ရွှေကျင်မြို့နယ်၊ ရွှေကျင်-ဝင်းကံလမ်းပေါ်မှာ တည်ဆောက် ထားတဲ့၊ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ မြေသားတာဖို့ခြင်းလုပ်ငန်း ၃ မိုင်ခွဲနဲ့ပတ်သက်တဲ့ စီမံကိန်း အကောင်အထည်ဖော်ရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနလုပ်ထုံးလုပ်နည်းတွေနဲ့ညီညွတ်စွာ ဆောင်ရွက်ထားခြင်းရှိ/မရှိရယ်၊ နောက်တစ်ချက်က မြေယာလျော်ကြေးတွေပေးလျော်တဲ့အခါမှာ ဘယ်လိုစံသတ်မှတ်ချက်တွေနဲ့ ပေးလျော်သလဲဆိုတဲ့ကိစ္စရပ်ကို ရှင်းရှင်းလင်းလင်းသိလို၍ ဒီမေးခွန်း ကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ရွှေကျင်ချောင်းကူးတံတားကို စတင်ပြီးတော့မှ ဘတ်ဂျက်ချပေးတာ အခုစတင်ပြီး အကောင်အထည်ဖော်နေပါပြီ။ ဒီအတွက်ကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရကို ကျေးဇူးတင်ကြောင်း ပြည်သူများရဲ့ကိုယ်စား ပြောကြားလိုပါတယ်။ အဲဒီတော့ ဒီတံတားကြီးပြီးသွားမယ်ဆိုလို့ရှိရင် ရွှေကျင်ကနေပြီးတော့မှ ဝင်းကံ၊ နောက်ပြီးတော့မှ သိမ်ဇရပ်၊ ကျိုက်ထိုအထိကို သွားလို့ရတဲ့မဟာဗျူဟာလမ်းဖြစ်ပါတယ်။ အဲဒီအတွက်ကို ကျွန်တော်တို့ နှစ်အလိုက် ရွှေကျင်တံတားကို ၂၀၁၇-၂၀၁၈ ဘတ်ဂျက်ကနေစပြီး အကောင်အထည်ဖော်တယ်။ လမ်းကိုတော့ ပြည်ထောင်စုဘတ်ဂျက်နဲ့ တံတားကိုအကောင်အထည်ဖော်တယ်။ လမ်းကိုတော့ တိုင်းဒေသကြီးဘတ်ဂျက်နဲ့ဆောင်ရွက်နေတယ်။ အဲဒီလမ်းအကောင်အထည်ဖော်တဲ့နေရာမှာ ခုနက ကျွန်တော်တင်ပြတဲ့ ကျုံချောင်းဆိုတဲ့ရွာကနေပြီးတော့မှ ကွင်းဆိပ်ဆိုတဲ့ရွာကို ဆက်သွယ်ထားတဲ့ ၃၅ မိုင်လမ်းကို အကောင်အထည်ဖော်နေတာရှိပါတယ်။ တန်ဖိုးပမာဏကြီးမားပါတယ်။ အဲဒီလမ်း မြေသားတာဖို့ခြင်းစီမံကိန်းကို အကောင်အထည်ဖော်တဲ့နေရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဦးစီးဆောင်ရွက်ပြီးတော့မှ ဆောင်ရွက်နေသလား၊ ဒါမှမဟုတ်လို့ရှိရင် ကုမ္ပဏီကို တင်ဒါပေးထားသလားဆိုတာ ကျွန်တော်တို့ ရှင်းရှင်းလင်းလင်းမသိရတဲ့အတွက်ကို၊ ဒါကိုလည်း ရှင်းရှင်းလင်းလင်းသိရဖို့အတွက် မေးချင်ပါတယ်။ (၁/၂၀၁၇)အရဆိုလို့ရှိရင် ကျွန်တော်တို့ သိန်း ၁၀၀ ကျော်တဲ့လုပ်ငန်းတွေဟာ တင်ဒါခေါ်ရမယ်ဆိုတဲ့ ညွှန်ကြားချက်ရှိတဲ့အတွက်ကို ဒီဟာနဲ့အညီ ဆောင်ရွက်ထားခြင်းရှိ/မရှိ။ နောက်တစ်ချက်က စီမံကိန်းအကောင်အထည်မဖော်ခင်မှာ လမ်းရွေးဖို့အတွက်ကို ပြည်သူလူထုဆန္ဒခံယူပွဲ ကျွန်တော်တို့ လုပ်ခဲ့ပါတယ်။ အခုဆောင်ရွက်တဲ့လမ်းက လမ်းကြောအသစ်။ အခုလက်ရှိသုံးနေတဲ့လမ်းကြောအဟောင်းကို ယူမလား/လမ်းကြောအသစ်ကို ယူမလား ပြည်သူလူထုဆန္ဒကို ခံယူစဉ်ကတည်းကနေပြီးမှ အခုအကောင်အထည်ဖော်မယ့်လမ်းကို ရွေးမယ်ဆိုရင်တော့ ရွာထဲကိုဖြတ်သွားမယ်။ အဲဒီအခါမှာ အိမ်တွေအနည်းနဲ့အများထိခိုက်မယ်။ အဲဒီအခါမှာ ပြည်သူတွေလက်ခံနိုင်လားဆိုပြီး သဘောထားယူစဉ်ကာလမှာတုန်းက ပြည်သူတွေက လက်ခံနိုင်တယ်ဆိုတဲ့အနေအထားမျိုး။ အဲဒီတော့ တကယ်အကောင်အထည်ဖော်တယ်။ အကောင်အထည်ဖော်တဲ့အခါမှာ မြေယာလျော်ကြေးတွေပေးလျော်တယ်။ အဲဒီအခါမှာ အပိုင်းနှစ်ပိုင်းရှိပါတယ်။ လယ်ကွက်တွေထဲကိုဖြတ်သွားတဲ့အခါမှာ လျော်တဲ့အပိုင်းနဲ့ ရွာတွင်းကိုဖြတ်သွားတဲ့အခါမှာ လျော်တဲ့အပိုင်း။ လယ်ကွက်ထဲကိုသွားတဲ့အခါ ဖြတ်သန်းပြီးတော့မှ ဖောက်လုပ်တဲ့အခါမှာ ပေးလျော်တဲ့လျော်ကြေးကိစ္စနှင့်ပတ်သက်ပြီးတော့မှ အငြင်းပွားတာမရှိပေမဲ့ ရွာတွင်းကိုဖြတ်သန်းသွားတဲ့နေရာမှာ ပေးလျော်တဲ့လျော်ကြေးနဲ့ပတ်သက်လို့ အငြင်းပွားတာတွေပေါ်ပေါက်ပါတယ်။ အဲဒီတော့ သေချာမေးကြည့်တဲ့အခါမှာကျတော့ ပထမတုန်းက ပြည်သူတွေနဲ့ကျွန်တော်တို့ညှိနှိုင်းစဉ်အခါတုန်းကတော့ ပြည်သူတွေက လက်ခံနိုင်တယ်လို့ပြောတယ်။ တကယ်တမ်း မြေယာလျော်ကြေးပေးတဲ့အခါမှာ လယ်ယာမြေတွေကိုပေးတယ်။ ရွာတွင်းကိုကျတော့ ဘယ်လိုပေးလဲလို့ ကျွန်တော်မေးတဲ့အခါမှာ ကျတော့ လယ်ကပေးလိုက်တဲ့ ပိုလို့ ပိုက်ဆံ ၇၅ သိန်းကို ထိုက်သင့်တဲ့အိမ်တွေကိုပေးလိုက်တယ်ဆိုပြီးတော့မှ ပြောတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ဘာတွေ့ရလဲဆိုတော့ သတ်သတ်မှတ်မှတ် သတ်မှတ်ထားတဲ့ တိတိကျကျသတ်မှတ်ထားတဲ့စံသတ်မှတ်ချက်နဲ့အညီ ပေးလျော်တာမျိုးမဟုတ်ဘဲနဲ့ ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိတဲ့ပုဂ္ဂိုလ်တစ်ယောက်ရဲ့ ဆုံးဖြတ်ချက်ပေါ်မှာမူတည်ပြီးတော့မှ ပေးလျော်တဲ့သဘော

မျိုးဖြစ်နေတဲ့အခါမှာ ဒီလိုမျိုးဆိုလို့ရှိရင် အငြင်းပွားစရာတွေ။ နောက်ဆုံး ကျွန်တော်တို့က ပြည်သူတွေအတွက် ပြန်ဖြေရှင်းရတဲ့အခါမှာ အငြင်းပွားမှုတွေဖြစ်ပါတယ်။ သူရတယ်။ ငါမရဘူးဆိုတဲ့ ပြဿနာဖြစ်ပါတယ်။ တကယ်လို့သာ စည်းစနစ်တစ်ခုအတိုင်းသာလုပ်မယ်။ မူဘောင်တစ်ခုအတိုင်းသာလုပ်မယ်ဆိုလို့ရှိရင် အငြင်းပွားတဲ့အခါမှာ ဒါကိုချပြလိုက်ရင်ပြီးပါပြီ။ အဲဒီအတွက်ကို ကျွန်တော်က ရှင်းရှင်းလင်းလင်းသိချင်တဲ့အတွက်ကို ဒီမေးခွန်းတင်ရခြင်းဖြစ်ပါတယ်။ အဲဒီတော့ မေးချင်တဲ့မေးခွန်းက ကွင်းဆိပ်-ကျုံချောင်းလမ်းပိုင်း ၃ မိုင်ခွဲ မြေသားတာဖို့ခြင်းလုပ်ငန်းအကောင်အထည်ဖော်ရာမှာ သမ္မတရုံး ကထုတ်ပြန်ထားတဲ့(၁/၂၀၁၇)နှင့်အညီ ဆောင်ရွက်ထားခြင်းရှိ/မရှိ၊ မရှိပါက မည်သည့်အတွက်ကြောင့် ခေါ်ယူခြင်းမရှိလဲနဲ့ မည်ကဲ့သို့အရေးယူဆောင်ရွက်သွားမည်လဲ။ နောက်တစ်ချက်က လယ်ယာမြေများနဲ့ ယာတွင်းဖောက်လုပ်ရာတွင် ပေးလျော်ခဲ့သည့်လျော်ကြေးများကို မည်သည့်မူများဖြင့် သတ်မှတ်ပေးချေခဲ့သည်လဲနှင့် အဘယ်ကြောင့်နစ်နာမှုများကို တစ်ပြေးညီပေးလျော်ခဲ့ခြင်းမရှိသည်လဲကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစောမှ မေးမြန်းထားတဲ့ ရွှေကျင်-ဝင်းကံလမ်းပေါ်ရှိ ကွင်းဆိပ်-ကျုံချောင်း ၃ မိုင်ခွဲ မြေသားတာဖို့လမ်းမကြီးပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အလယ်မြောင်-ကျောက်ကြီး-စစ်တောင်း-မုပလွင်လမ်း၏ ရွှေကျင်မြို့နယ်အပိုင်းရှိ ကျုံချောင်း-ကွင်းဆိပ်လမ်း မိုင်တိုင်အမှတ်(၁၁၀/၃)နှင့် (၁၁၄)ကြားရှိ မူလလမ်းဟောင်းသည် အတက်/အဆင်းများ၍ လမ်းကွေ့များပြီးတော့ လမ်းကျဉ်းမြောင်းပြီးတော့ Road Safety အရ ယာဉ်အန္တရာယ်ရှိနိုင်ခြင်း စသည့်အချက်များကြောင့် ကျုံချောင်းရွာနှင့် ကွင်းဆိပ်ရွာအကြား အတက်/အဆင်းနည်းပါးစွာဖြင့် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်မည့် လမ်းအူကြောင်းအသစ်ကို ဒေသခံပြည်သူများရဲ့သဘောတူညီချက်ဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၁၅/၂၀၁၇)ဆုံးဖြတ်ချက် အပိုဒ် ၇(ဃ)ပါ ခွင့်ပြုချက်တို့အရ လမ်းဦးစီးဌာနမှ ဖောက်လုပ်ခဲ့တာဖြစ်ပါတယ်။ အဆိုပါလမ်းအူကြောင်းအသစ်အား လမ်းဦးစီးဌာန၊ လမ်းလေယာဉ်ကွင်းဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲမှ အသေးစိတ်ကွင်းဆင်းတိုင်းတာပုံထုတ်ခဲ့ပြီးတော့ မူလလမ်းဟောင်းထက်(0.8 km) တိုတောင်းမှုရှိပါတယ်။

ကျုံချောင်းရွာနှင့် ကွင်းဆိပ်ရွာကြား မိုင်တိုင်အမှတ်(၁၁၁/၂)နှင့် (၁၁၄/၂)အကြား ၃ မိုင်အားတစ်ကြောင်းထိုးမြေသားလမ်းဖောက်လုပ်၍ ၄၀ ပေအကျယ် မြေသားတာဘောင်ဖို့ခြင်း၊ ရေထုတ်ပြွန်

များ ထည့်သွင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ လမ်းဦးစီးဌာန၊ ပဲခူးခရိုင်မှ လုပ်ငန်းတင်ဒါခေါ်ယူခဲ့ပြီးတော့ တင်ဒါရရှိသည့် ကန်ထရိုက်တာအား သတ်မှတ် Construction Sequence အတိုင်း စနစ်တကျဆောင်ရွက်စေခဲ့ပါတယ်။ သတ်မှတ်ထားသော CBR ပြည့်မီမှုရှိ/မရှိကို Third Party Inspection အဖွဲ့မှစစ်ဆေးပြီး သတ်မှတ်ထားသည့် CBR ရရှိမှသာ လုပ်ငန်းများဆက်လက်ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ငန်းတင်ဒါရွေးချယ်ရာတွင် နိုင်ငံတော်သမ္မတရုံးရဲ့ ညွှန်ကြားချက်အမှတ်(၁/၂၀၁၇)နှင့်အညီ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၁-၈-၂၀၁၇ ရက်စွဲပါ ရုံးအမိန့်စာအမှတ်(၁၈၁/၂၀၁၇) ဖြင့် ပဲခူးတိုင်းဒေသကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးမှ တင်ဒါကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အဖွဲ့ဝင်ကိုးဦးပါဝင်သော တင်ဒါကော်မတီဖြင့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင် ၇-၉-၂၀၁၇ ရက်နေ့၌ တင်ဒါရွေးချယ်ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ ဆောင်ရွက်ခြင်းမှာလည်း တင်ဒါစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ အဆိုပါလမ်းအူကြောင်းအသစ်ဖောက်လုပ်ရာတွင် ပါဝင်သွားသောလယ်ယာမြေများနှင့်ပတ်သက်၍ လျော်ကြေးငွေပေးချေနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ၆-၂-၂၀၁၈ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၀၂၈/၂၀၁၈)ဖြင့် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးမှ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် လမ်းဦးစီးဌာနမှ အင်ဂျင်နီယာများ ပါဝင်သော နစ်နာကြေးပေးအပ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ကော်မတီမှ အသေးစိတ်စိစစ်ခဲ့ပြီးတော့ စိစစ်ချက်အရ လမ်းအူကြောင်းအသစ်ဖောက်လုပ်ရာတွင်ပါဝင်သွားသော ကျုံပင-ကျောက်တန်းကျေးရွာအုပ်စုမှ တောင်သူ ၂၃ ဦး၏လယ်ယာမြေ ၈.၅ ဧကနှင့် ကွင်းဆိပ်ကျေးရွာမှ တောင်သူ ၂၅ ဦး၏လယ်ယာမြေ ၁၇.၆၁ ဧက စုစုပေါင်း ၂၅.၆၆ ဧကအတွက် တစ်ဧက လျှင် ၁၀ သိန်းနှုန်းဖြင့် လျော်ကြေးငွေ ၂၅၆၆၀၀၀၀ ကို ၁၀-၃-၂၀၁၈ ရက်နေ့တွင် ရွှေကျင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များရှေ့မှောက်တွင် သက်ဆိုင်ရာတောင်သူများထံသို့ စနစ်တကျ ပေးလျော်ခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် ၎င်းလမ်းပေါ်ရှိ သားပြတံတားချဉ်းကပ်လမ်းဖောက်လုပ်ရာမှာ ပါဝင်သွားသောအဆောက်အဦများအတွက် လျော်ကြေးငွေကျပ် ၇၅၇၅၀၀၀ ကို အဆောက်အအုံ ပိုင်ရှင်ငါးဦးမှ သဘောတူညီထားသည့်နှုန်းထားအတိုင်း တပေါင်းတည်းပေးလျော်ခဲ့ပြီးဖြစ်ပါသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနှင့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ ဖြေကြားသွားပေးတဲ့ဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျား။ ဝန်ကြီးဖြေကြားသွားတဲ့အထဲမှာ လျော်ကြေးစိစစ်ရေးထဲမှာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တွေက ပါဝင်ပြီးတော့မှ ပေးအပ်ခဲ့တယ်ဆိုတဲ့နေရာမှာ ရှင်းလင်းပြီးတော့မှ မေးမြန်းလိုတာက တိုင်းဒေသကြီးလမ်းပိုင်းက တိုင်းဒေသကြီး(၁)နယ်မြေထဲမှာပါဝင်တဲ့နေရာ။ အခုလျော်ကြေးငွေတွေနဲ့

ပတ်သက်လို့မေးမြန်းတဲ့အခါမှာ တိုင်းဒေသကြီးအမှတ်(၁)လွှတ်တော်ကိုယ်စားလှယ်က ဘယ်ဟာကို ဘယ်လောက်ပေးပြီးတော့မှ ဘယ်လိုစိစစ်ခဲ့လဲဆိုတာကို မသိခဲ့ပါဘူးဆိုတာကို ကျွန်တော့်ကိုပြောပြတဲ့အတွက် ဒီမေးခွန်းကိုလည်း မေးမြန်းရခြင်းဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့လည်း ခုနပြောတဲ့ရွာတွင်းမှာ ဘယ်သူ့ကိုပေးလျော်မလဲ။ ဘယ်လိုနစ်နာမှုအတိုင်းအတာကို ဘယ်လိုပေးလျော်မလဲဆိုတဲ့ဟာကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တွေက သဘောထားပေးခွင့်မရှိခဲ့ပါဘူး။ ခုနပြောတဲ့ လျော်ကြေးပေးစဉ်တုန်းက ပေးအပ်ပွဲမှာပါဝင်တာတော့မှန်ပါတယ်။ ခုနပြောတဲ့ ဘယ်လောက်နစ်နာမှုအတိုင်းအတာကို ပေးမလဲဆိုတဲ့သဘောထားမှတ်ချက်မျိုးမှာတော့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ပေးခွင့်မရှိခဲ့ပါဘူး။ အဲဒီအတွက်ကို ပြန်လည်ပြီးတော့မှ စိစစ်ဖို့အတွက် အစီအစဉ်ရှိ/မရှိရယ်၊ နောက်တစ်ချက် ကျွန်တော်မေးချင်တာက ခုနက လျော်ကြေးငွေကို ပေးအပ်တယ်ဆိုတဲ့နေရာမှာ ဘယ်လိုစံသတ်မှတ်ချက်မျိုး၊ ဘယ်လိုပျက်စီးမှုအတိုင်းအတာမျိုးကိုတော့ ကျွန်တော်တို့ပေးကြမယ်။ ဘယ်လိုပျက်စီးမှုအတိုင်းအတာကိုတော့ မပေးဘူးဆိုတာမျိုးကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့သတ်မှတ်ထားတာမျိုးရှိလား။ ဥပမာဆိုလို့ရှိရင် ကျွန်တော်တို့ မြေသိမ်းအက်ဥပဒေရှိပါတယ်။ အိုးအိမ်နဲ့ပတ်သက်တယ်ဆိုရင် အိုးအိမ်ဥပဒေထဲမှာ မြေသိမ်းဖို့အတွက်ကို စနစ်တကျ Procedure တွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဆောက်လုပ်ရေးမှာရော၊ အဲဒီ Procedure တွေရှိပြီးတော့မှ ခုနကပေးလျော်တဲ့ဟာတွေက အဲဒီ Procedure အတိုင်းလုပ်ခဲ့သလားဆိုတာကို ကျွန်တော် ဆက်စပ်မေးခွန်းမေးချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်သိမ်းတဲ့လယ်မြေလျော်ကြေးကော်မတီက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် ရက်စွဲနဲ့ ရုံးအမိန့်စာအမှတ်(၁၂၈)နဲ့ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအဖွဲ့ရဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဥက္ကဋ္ဌဖြစ်ပြီးတော့ အဲဒီထဲမှာ ဦးဝင်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ရွှေကျင်မြို့နယ်က အဖွဲ့ဝင်၊ ဒေါ်လှလှဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ရွှေကျင်မြို့နယ် အဖွဲ့ဝင်၊ ပဲခူးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်၊ ပဲခူးခရိုင် လယ်ယာမြေ(လယ်/စီ)စာရင်းအင်းအဖွဲ့ဝင်နှင့်ကျန်တဲ့အဖွဲ့ဝင်များပါဝင်တဲ့အဖွဲ့နဲ့ စိစစ်ပြီးတော့ လျော်ကြေးပေးခဲ့တာဖြစ်ပါတယ်။ ဒီနေရာမှာလည်းပဲ ကျွန်တော်တို့ ဝန်ကြီးဌာနကတော့ ဘယ်လယ်ယာကို ဘယ်လောက်လျော်ရမယ်ဆိုတာကို ကျွန်တော်တို့ဝန်ကြီးဌာနမှာ မသတ်မှတ်ပါဘူး။ ကျွန်တော်တို့က ဘယ်ကိုပဲ တင်ပြလဲဆိုရင် တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုပဲ တင်ပြရပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှာ (လယ်/စီ) သူ့ရဲ့အဖွဲ့အစည်းလေး တွေရှိပါတယ်။ လယ်ယာမြေစိစစ်ရေးအဖွဲ့။ အဲဒီအဖွဲ့ရဲ့ညွှန်ကြားချက်နှင့်အညီ ကျွန်တော်တို့က လျော်ကြေးပေးရပါတယ်ခင်ဗျား။ ရှင်းလင်းတင်ပြအပ်ပါတယ်။

**ရခိုင်ပြည်နယ်၏ စီးပွားရေးအချက်အချာကျသော အဓိကဝင်ပေါက်ဖြစ်သည့် မင်းဘူး-အမ်း-စစ်တွေ လမ်းမကြီးအား ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ်သို့ အထူးစီမံကိန်းတစ်ရပ်အသွင်ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ဒေါ်ခင်စောဝေပါ။ ရသေ့တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ မေးမြန်းချင်တဲ့မေးခွန်းကတော့ ရခိုင်ပြည်နယ်၏ စီးပွားရေးအချက်အချာကျသော အဓိကဝင်ပေါက်ဖြစ်တဲ့ မင်းဘူး-အမ်း-စစ်တွေ လမ်းမကြီးအား ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ်သို့ အထူးစီမံကိန်းတစ်ရပ်အသွင်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ မေးခွန်းပဲဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေဖြင့် ရခိုင်ပြည်နယ်ဟာ ပြည်မနှင့်ကုန်သွယ်မှုပြုရာမှာ ၁၉၉၀ ခုနှစ်မတိုင်မီ ပန်းတောင်း-တောင်ကုတ်လမ်းတစ်လမ်းတည်းသာရှိခဲ့ပြီးတော့ ယခုအခါမှာဆိုလို့ရှိရင် မင်းဘူးလမ်း-စစ်တွေလမ်းနှင့် ငသိုင်းချောင်း-ဂွလမ်းဆိုပြီးတော့ ဝင်ပေါက်လမ်းသုံးခု ပေါ်ပေါက်လာခဲ့တဲ့အတွက် ရခိုင်ပြည်နယ်အတွက် ကုန်သွယ်စီးဆင်းမှုပိုမိုမြန်ဆန်လာခဲ့ပါတယ်။ ဝင်ပေါက်သုံးခုအနက်မှ မင်းဘူး-အမ်း-စစ်တွေလမ်းမှာ အသုံးပြုသူအများဆုံးလမ်းကြောင်းဖြစ်ကြောင်းကိုလည်း တွေ့ရှိရပါတယ်။ တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင်တော့ ရခိုင်ပြည်နယ်၊ စီးပွားဖွံ့ဖြိုးရေးအတွက်ရော ပြည်သူများခရီးသွားလာရေးအတွက်ပါ အဓိကကျသော လမ်းဖြစ်ပါတယ်ရှင်။ လမ်းအသုံးပြုသွားလာသော ယာဉ်စီးရေမှာ ပစ်မှအားဖြင့် ၂၀၁၇-၂၀၁၈ စာရင်းများအရ မင်းဘူး-အမ်းပိုင်း ရခိုင်ပြည်နယ်အပိုင်းမှာဆိုလို့ရှိရင် မိုးတွင်းကာလတွင် ယာဉ်စီးရေ ၂၅၀ ခန့် ပွင့်လင်းရာသီတွင် ၃၅၀ ခန့်နဲ့ မြောက်ဦး-စစ်တွေအပိုင်းမှာ ယာဉ်စီးရေ ၄၀၀ ကျော်ခန့်သွားလာလို့ရှိပါတယ်။ သတ်မှတ်ထားသော လမ်းပေါ်မှာ သွားလာသောယာဉ်စီးရေနဲ့ယာဉ်သွားလမ်းအကျယ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ချက်မှာ ယာဉ်အစီးရေ ၅၀ အောက်ဆိုရင် ၁၂ ပေဖြစ်ပါတယ်။ ယာဉ်အစီး ၅၀၊ ၂၀၀ အထိဆိုရင် ၁၆ ပေဖြစ်ပါတယ်။ ၂၀၀၊ ၅၀၀ ထိဆိုလို့ရှိရင် ၁၈ ပေပါ။ အစီး ၅၀၀၊ ၁၀၀၀ ထိဆိုရင်တော့ ၂၂ ပေလို့ သတ်မှတ်ထားတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ မင်းဘူး-အမ်း-စစ်တွေလမ်းမှာ ယာဉ်သွားလမ်း ၁၈ ပေအကျယ် လိုအပ်နေကြောင်းကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါရှင်။

ဒါကတော့ ကျွန်မတို့ ဒီမင်းဘူး-အမ်း-စစ်တွေ လမ်းဖြစ်ပါတယ်။ အရှည်ကတော့ ၂၃၅ မိုင်ခန့်ရှိပါတယ်။ ဒီလမ်းကို ရမ်းဗြဲ-ကျောက်ဖြူ-အမ်း-မြေပုံ-မင်းပြား-ပေါက်တော-မြောက်ဦး-ကျောက်တော်-ပုဏ္ဏားကျွန်း-စစ်တွေ-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ၁၃ မြို့နယ်က အဓိကခရီးသွားလာတယ့် ကုန်သွယ်တွေပို့နေတဲ့လမ်းဖြစ်ပါတယ်။ ပြီးတော့ ဒါသည် အမ်းနဲ့ကြာအင်းတောင်မှာ ရှိပါတယ်။ အဲဒီတော့ ကျွန်မတို့ ဒီအပြာရောင်လေးနဲ့ ဖော်ပြထားတာကတော့ ၂၀ ပေအကျယ်ရှိတဲ့ ကတ္တရာလမ်းဖြစ်ပါတယ်။ အဝါရောင်နဲ့ပြထားတာကတော့ ၁၈ ပေအကျယ်ရှိတဲ့ ကတ္တရာလမ်းဖြစ်ပါတယ်။ ခရမ်းရောင်တစ်ခုလုံးနဲ့ အားလုံးပြထားတာကတော့ ၁၂ ပေအကျယ်ရှိတဲ့ ကတ္တရာလမ်းဖြစ်ပါတယ်။ နောက်တစ်ခါ ဒီဒုတိယပိုင်းမှာရှိတဲ့ ခဲရောင်လေးကတော့ ၂၀ ပေအကျယ်ရှိတဲ့ ကွန်ကရစ်လမ်း

ပဲဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့ မင်းဘူးလမ်း-စစ်တွေလမ်းပေါ်မှာရှိတဲ့ ကံမြင့်ကံနဲ့အမ်းအပိုင်းပဲ ဖြစ်ပါတယ်။ ဒီခရမ်းရောင်တစ်ခုလုံးကတော့ ဒါကျွန်မခုနကပြောခဲ့တဲ့ ၁၂ ပေအကျယ်လမ်းဖြစ်ပါ တယ်။ ဒီလမ်းဆိုလို့ရှိရင် ကျွန်မတို့ တောင်ကုန်းတွေ၊ တောင်တွေကို ဖောက်လုပ်ထားတဲ့လမ်းဖြစ်ပါ တယ်။ အဝါနဲ့ပြထားတာကတော့ ၁၈ ပေအကျယ် ဖြစ်ပါတယ်။ ဒီအပြာရောင်ကတော့ ၃၀ ပေ အကျယ် ကတ္တရာလမ်းဖြစ်ပါတယ်။ မူလ ၁၂ ပေအကျယ် ကတ္တရာလမ်းမှာ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခင်း ခြင်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ စတင်ဆောင်ရွက်ခဲ့ပြီးတော့ ယခု ၂၀၁၇-၂၀၁၈ နှစ်အထိမှာ တော့ ၁၁၆ မိုင် ၆ ဖာလုံဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့ လမ်းအကျယ်ကိုတိုးချဲ့ဖို့ မိုင် ၁၂၀ ခန့်ကျန်ရှိနေပါသေးတယ်။ ဒါကြောင့် ဒါတွေကတော့ ကျွန်မတို့ ဒီ ၁၂ ပေအကျယ်ကို တောင်ထိပ် ပေါ်မှာ လုပ်ထားတဲ့လမ်းတွေဖြစ်တဲ့အခါ တစ်စီးနှင့်တစ်စီးကတော့ လမ်းဘေးမှာခက်ခဲစွာ ရှောင်တိမ်း ပြီးတော့ သွားလာရတဲ့ဟာတွေကို ကျွန်မတို့ ပြထားတာဖြစ်ပါတယ်။ ဒီပုံတွေက။ ဒါကတော့ ကျွန်မတို့ ခုနက အမ်းအပိုင်းတွေမှာသွားတဲ့ ဒီဟာတွေကိုလည်း သွားလာရေးခက်ခဲတာ တစ်စီးနှင့်တစ်စီး ကျော် တက်ရတာတွေ ယာဉ်အန္တရာယ်ရှိတာတွေကို ဖော်ပြထားတာ ဖြစ်ပါတယ်။ ဒါတွေကလည်း အတူတူပါပဲ။ ခုနကအတိုင်းပါပဲ။ လမ်းကျဉ်းတဲ့အတွက် သွားလာရေးတွေ အန္တရာယ်ရှိတယ်။ ဒါကြောင့် သွားလာရေးကို ပိုမိုပြီးတော့ အချိန်ကိုကြန့်ကြာစေတယ်။ ကုန်စည်စီးဆင်းမှုများကိုလည်း နှေးကွေး စေပါတယ်။ တောင်တက်တောင်ဆင်းနေရာများမှာဆိုရင်လည်း ယာဉ်အန္တရာယ်ဖြစ်မှုများကိုလည်း မကြာခဏ ကြုံတွေ့နေကြရပါတယ်။ ဒီလိုအန္တရာယ်တွေရှိတဲ့အတွက်ကြောင့် ကျွန်မအနေနဲ့ အထက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေမှ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၏ စီးပွားရေး အချက်အချာကျသော အဓိကဝင်ပေါက်ဖြစ်သော မင်းဘူး-အမ်း-စစ်တွေလမ်းမကြီးအား ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ်သို့ အထူးစီမံကိန်းတစ်ရပ်အသွင်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိသိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ရခိုင်ပြည်နယ်အတွင်းရှိ မင်းဘူး-အမ်း-စစ်တွေလမ်း ၂၃၅ မိုင် ၅ ဖာလုံသည် လမ်းဦးစီးဌာန ပိုင် ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်း၏ ၃၁-၃-၂၀၁၈ ရက်နေ့အထိ အခြေအနေမှာ ၁၈ ပေအကျယ် ကွန်ကရစ်လမ်း ၉၁ မိုင်၊ ၁၈ ပေအကျယ်နှင့်အထက် ကတ္တရာလမ်း ၂၇ မိုင် ၇ ဖာလုံနဲ့ ၁၂ ပေအကျယ် ကတ္တရာလမ်း ၁၁၆ မိုင် ၆ ဖာလုံ ဖြစ်ပါတယ်။ မင်းဘူး-အမ်း-စစ်တွေလမ်း၏ အမ်း-စစ်တွေအပိုင်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကုန်အထိ ၁၈ ပေအကျယ် ကွန်ကရစ်လမ်း ၉၁ မိုင်ကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါ မင်းဘူး-အမ်း-စစ်တွေ လမ်းမကြီးတစ်လျှောက်လုံးအတွက် ၁၂ ပေအကျယ် ကတ္တရာလမ်း ၁၃၄ မိုင် ၆

ဖာလုံရှိပြီး မကွေးတိုင်းဒေသကြီးအပိုင်း ၁၈ မိုင်ရှိသည့်အနက် ၁၀ မိုင်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ကျန် ၈ မိုင်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ကုန်တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မင်းဘူး-အမ်း-စစ်တွေလမ်းမကြီးအပိုင်းအားလုံးဟာ ၁၈ ပေ အကျယ်ကတ္တရာလမ်းဖြစ်လာတော့မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အဲဒီနေရာမှာ ကြည့်လိုက်လို့ရှိရင် ရခိုင်ပြည်နယ်နှင့်မကွေးတိုင်းဆိုပြီးတော့ အဲဒီနှစ်ပိုင်းက ဆက်စပ်နေပါတယ်။ ဒီလမ်းမကြီးဟာ။ ဆက်စပ်နေတဲ့အပိုင်းမှာ ရခိုင်ပြည်နယ်မှာတော့ ကျွန်တော်တို့ ကတ္တရာလမ်းပိုင်းဟာ မိုင် ၁၁၂ မိုင်လောက်ထိ ၁၂ ပေလမ်းကျန်နေပါတယ်။ မကွေးတိုင်းဒေသကြီးအပိုင်းမှာတော့ သူ့အပိုင်းလိုက် အဆင့်မြှင့်လာတော့ ၁၈ မိုင်ပဲကျန်ပြီးတော့ အဲဒီ ၁၈ မိုင်စလုံးသည်လည်း ဒီနှစ်နှစ်အတွင်းမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရန်ပုံငွေနဲ့ အပြီးဆောင်ရွက်သွားမည်ဆိုပြီးတော့ တိုင်းဒေသကြီးအစိုးရ အဖွဲ့ရဲ့ Plan မှာ ပါပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့က မကွေးတိုင်းအပိုင်းကတော့ သေချာပေါက် နှစ်နှစ်အတွင်းမှာ ၁၈ ပေဖြစ်သွားမှာပါ။ ရခိုင်ပြည်နယ်အပိုင်းမှာတော့ ၁၁၂ မိုင်အထိ ကျန်တဲ့အတွက် ဒီအပိုင်းကို ကျွန်တော်တို့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ကူညီပြီးတော့ ရန်ပုံငွေများ ထည့်ဝင်ပြီးတော့ ကျွန်တော်တို့ ၁၈ ပေကို မြန်မြန်လေးရအောင် ဆောင်ရွက်သွားရအောင်ဆိုပြီး ကျွန်တော်တို့ တင်ပြထားပါတယ်။ ဒါမှလည်း ၁၈ ပေအကျယ် ပြည့်သွားမှပဲ မင်းဘူးကနေ အမ်း -စစ်တွေအထိ မိုင် ၂၀၀ ကျော်မှာ ဒီဟာလည်းပဲ အရင်တုန်းကတော့ ဒီမိုင် ၂၀၀ ကျော်ခရီးကို ၁၈ နာရီလောက်သွားရပါတယ်ခင်ဗျား။ အဲ့ဒါကို ဒီနှစ်နှစ်တာကာလအတွင်းမှာ ကျွန်တော်တို့ ကြိုးစားဆောင်ရွက်လိုက်တဲ့အတွက် ယခုဆိုရင်တော့ ၁၂ နာရီလောက်နဲ့ ရောက်ပါပြီ။ အဲ့ဒါကို နောက်ထပ်ကျွန်တော်တို့ ဆောင်ရွက်သွားမည့်အစီအစဉ်ကတော့ ဒီပေါ်မှာရှိတဲ့ တံတားတွေ ဘီလီတံတားတွေအားလုံး နှစ်လမ်းသွား သံကူကွန်ကရစ်တံတားတွေ အရင်ပြောင်းလိုက်ပါမယ်။ နောက် ၁၈ ပေအကျယ်တွေ ချဲ့ပါမယ်။ တစ်ချို့လမ်းအကွေ့တွေကို ကျွန်တော်တို့ ပြန်ပြီးတော့ ချဲ့တာမျိုးလုပ်နေမယ်ဆိုလို့ရှိရင်တော့ ဒီနောက်ထပ်နှစ်နှစ်တာ ဒီငါးနှစ်တာကာလ ပြီးဆုံးသွားရင်တော့ မင်းဘူးကနေ ကျွန်တော်တို့ စစ်တွေအထိကို ကိုးနာရီလောက်နဲ့ ယာဉ်မောင်းချိန်ရောက်ရှိအောင် ကျွန်တော်တို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်အပိုင်းမှာ ၁၂ ပေအကျယ် ကတ္တရာလမ်း ၁၁၆ မိုင် ၆ ဖာလုံ ကျန်ရှိနေမည်ဖြစ်ပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ၁၈ ပေအကျယ်ကွန်ကရစ်လမ်း ၂ မိုင် ၅ ဖာလုံ၊ ၁၈ ပေအကျယ်ကတ္တရာလမ်း ၂ မိုင်တို့ကို တိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် ၁၂ ပေအကျယ် ကတ္တရာလမ်း ၁၁၂ မိုင် ကျန်နေအုံးမှာဖြစ်ပါတယ်။ ကျန်လမ်းပိုင်းများကို ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် အမြန်ဆုံးအဆင့်မြှင့်တင်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနိုင်ပါရန် ညှိနှိုင်းထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ ကျွန်မတစ်ဆက်တစ်စပ်တည်း မေးခွန်းမေးချင်ပါတယ်ရှင်။ အခုလို ဝန်ကြီးကလည်း ပြည့်ပြည့်စုံစုံဖြေပေးသွားတဲ့အတွက်ကော အထူးကျေးဇူးတင်ရှိပါတယ်။ ခုန ကျွန်မတို့ကို ပြောသွားတာရှိပါတယ်။ ဒီရခိုင်ပြည်နယ်ဘတ်ဂျက်က ဖြည့်ဆည်းဖို့ဆိုပြီးပြောသွားတာရှိပါတယ်။ အခု ကျွန်မတို့ ရခိုင်ပြည်နယ် ဘတ်ဂျက်ကိုလေ့လာကြည့်မယ်ဆိုရင် အင်မတန်မှနည်းပါတယ်။ တကယ့်တကယ် ကျွန်မတို့ရခိုင်ပြည်နယ်မှာ မြို့နယ်ပေါင်း ၁၇ မြို့နယ်ရှိပါတယ်။ အကုန်လုံးလိုအပ်ချက်တွေအရ အများကြီးဖြစ်နေပါတယ်။ အဲဒီအတွက်ကြောင့် အခုဆိုလို့ရှိရင် ကျွန်မတို့ရခိုင်ပြည်နယ် လွှတ်တော်ဘတ်ဂျက်ကသာ လုပ်ရမယ်ဆိုရင်ကတော့ ဒီလမ်းပြီးဖို့အချိန်ဟာ တော်တော်လေးကို ကြန့်ကြာသွားမှာဖြစ်တဲ့အတွက် ကျွန်မအနေနဲ့တော့ ဒီလမ်းဟာ ပြည်ထောင်စုအစိုးရက သတ်မှတ်ထားတဲ့လမ်းလည်းဖြစ်တယ်။ ပြည်ထောင်စုအစိုးရကလုပ်ဆောင်နေတဲ့ လမ်းလည်းဖြစ်တဲ့အတွက်ကြောင့် ကျွန်မတို့ ပြည်နယ်ဘတ်ဂျက်ကမထည့်ဘဲနဲ့ပေါ့နော် နောင်လာမည့် ဘတ်ဂျက်တွေမှာပေါ့ ဒီလမ်းအမြန်ဆုံးပြီးအောင်အတွက် ပြည်ထောင်စုဘတ်ဂျက်ကလုပ်ပေးဖို့ အစီအစဉ်ရှိ/မရှိကို တစ်ဆက်တစ်စပ်တည်းမေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ၁၁၂ မိုင်လမ်းတွေကို ၁၈ ပေလမ်းဖြစ်ဖို့ အဲလောက်ထိကျန်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့အခု ထည့်နိုင်တဲ့လမ်းသည် တစ်နှစ်ကို ကွန်ကရစ်လမ်း ၂ မိုင်၊ ကတ္တရာလမ်း ၂ မိုင် တစ်နှစ်ကို ၄ မိုင်လောက်ပဲကျွန်တော်တို့က ရန်ပုံငွေထည့်နိုင်တဲ့အနေအထားရှိပါတယ်။ ရခိုင်ပြည်နယ်မှာလည်း ကျွန်တော်တို့ဦးစားပေးရမှာက ဒီဘူးသီးတောင်မောင်တောဒေသ လမ်းပန်းဆက်သွယ်ရေး နောက်တစ်ခါ မေယုတောင်ကို ကျွန်တော်တို့က တောင်ကျော်လမ်းတွေရှိပါတယ်။ အဲဒီဟာတွေကလည်း အင်မတန်မှ အရေးကြီးတဲ့လမ်းတွေဖြစ်ပါတယ်။ ကျွန်တော်တို့ လုံခြုံရေးအတွက် အဲဒီလမ်းတွေမှာလည်း ကျွန်တော်တို့က ဦးစားပေးဆောင်ရွက်နေတာရှိသလို ကျွန်တော်တို့ ရခိုင်ပြည်နယ်ကနေနောက်ထပ်ထွက်ပေါက်ကြီးတစ်ခုဖြစ်တဲ့ ချင်းပြည်နယ်ကတစ်ဆင့် ထွက်ပေါက်ရဖို့ဆိုရင် ကျွန်တော်တို့ ကျောက်တော်-ပလက်ဝလမ်း အဲဒီလမ်းကိုလည်း ကျွန်တော်တို့က အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ပြိုင်နက်တည်းမှာပဲ ကျွန်တော်တို့ ဒီရန်ကုန်ကနေပြီးတော့ ငပလီအထိ အရင်တုန်းကဆိုရင် ရန်ကုန်ကနေ ငပလီအထိက နာရီ ၂၀ ကျော်လောက်မောင်းရပါတယ်။ အဲဒါတွေ ဒီ ၂ နှစ်အတွင်းမှာ ကျွန်တော်တို့ ဆောင်ရွက်နိုင်တဲ့အတွက် အခုဆိုရင်တော့ ရန်ကုန်ကနေ ငပလီအထိ ၉ နာရီနဲ့ မောင်းချိန်ရောက်ရှိပါပြီ။ ဒါကိုလည်းပဲ နောက် ၂ နှစ်ခွဲအတွင်း မှာ ရန်ကုန်ကနေ ငပလီကို ၇ နာရီနဲ့ရောက်အောင် ကျွန်တော်တို့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီ အတွက်ကိုလည်း War Bank ကလည်း ဒေါ်လာသန်း ၂၀ ကူညီပေးပါတယ်။ အဲဒါကြောင့်မို့လို့ ဆိုလိုတာကတော့ ကျွန်တော်တို့အနေနဲ့ ဒီရခိုင်ပြည်နယ်ကို ဦးစားပေးဖြစ်ပါတယ်။ ဦးစားပေးအနေနဲ့ ဆောင်ရွက်ပေးသလို ရခိုင်ပြည်နယ်အစိုးရရဲ့ ဘတ်ဂျက်ပါ နည်းနည်းထည့်ပေးမယ်ဆိုရင်တော့ အချိန်တိုအတွင်းမှာ ဒီလမ်းကြီးဖြစ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ရှိ တုံးမဝ-ဘဲဒုံ မြေသားလမ်း (၁၁/-)မိုင်အနက် ကျန်ရှိသော (၂/၄)မိုင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိန်အောင်(ပလက်ဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်အောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ ပလက်ဝမြို့နယ်ဟာ ဧရိယာစတုရန်းမိုင်ပေါင်း ၃၁၂၀ ကျော်ကျယ်ဝန်းပြီးတော့ တောင်ကုန်း၊ တောင်တန်းတွေ၊ မြစ်တွေ၊ ချောင်းတွေ ပေါများတဲ့အတွက် တစ်နေရာနှင့်တစ်နေရာ၊ တစ်ရွာနှင့် တစ်ရွာ ဆက်သွယ်သွားလာတဲ့အခါမှာ အခက်အခဲများစွာနဲ့ကြုံတွေ့နေရဆဲ ဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ပလက်ဝမြို့နယ်ရဲ့အနောက်ဘက်ခြမ်းဖြစ်ပြီးတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ခြင်း ထိစပ်လျက်ရှိတဲ့ ပီချောင်းဒေသမှာ ကျေးရွာအုပ်စုကိုးအုပ်စု၊ ကျေးရွာပေါင်း ၂၇ ရွာရှိပြီး လူဦးရေ ၈၀၀၀ ကျော် နေထိုင်လျက်ရှိပါတယ်။ ဒေသခံပြည်သူများအနေဖြင့် တစ်နေရာမှ တစ်နေရာသို့ သွားလာတဲ့အခါမှာသော်လည်းကောင်း၊ အရေးကိစ္စအမျိုးမျိုးအတွက် ပလက်ဝမြို့ကိုလာရတဲ့အခါမှာ သော်လည်းကောင်း၊ မိမိတို့ရဲ့ပစ္စည်းတွေ၊ အထုပ်အပိုးတွေကို ထမ်းရွက်ပြီးတော့ တောင်အတက်အဆင်းများစွာနဲ့ တောလမ်းအတိုင်း ဒီနေ့အထိ ခက်ခက်ခဲခဲသွားလာနေရဆဲ ဖြစ်ပါတယ်။ ယခု ကျွန်တော့်ရဲ့ကြယ်ပွင့်ပြမေးခွန်းပါ တုံးမဝ-ဘဲဒုံလမ်းဟာ ကုလားတန်မြစ်ကမ်းဘေးမှာတည်ရှိတဲ့ တုံးမဝကျေးရွာနှင့် အနောက်ဘက်ခြမ်းဖြစ်တဲ့ ပီချောင်းဒေသ၊ ပီချောင်းကမ်းနံဘေးမှာတည်ရှိတဲ့ ဘဲဒုံရွာကို ဆက်သွယ်ပေးမယ့် ၁၈ ပေအကျယ်မြေသားလမ်း ၁၁ မိုင် ဖြစ်ပါတယ်။ ဒီလို ဒီလမ်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၈ မိုင် ၄ ဖာလုံအထိ ဖောက်လုပ်ပေးပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဆက်လက်ဖောက်လုပ်ခြင်းမရှိတဲ့အတွက် ယခု ၂ မိုင် ၄ ဖာလုံ ကျန်ရှိနေသေးတာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ တုံးမဝ-ဘဲဒုံ ၁၁ မိုင်လမ်းဟာ ဖောက်လုပ်ရန် ၂ မိုင် ၄ ဖာလုံ ကျန်ရစ်ပြီးတော့ လမ်းမပေါက်သေးတဲ့အတွက် ဒေသခံပြည်သူများဟာ စောစောက ကျွန်တော်ဖော်ပြခဲ့သလိုပဲ တောင်အတက်အဆင်းများစွာနဲ့ တောလမ်းအတိုင်းခက်ခဲစွာ သွားလာနေကြရဆဲ ဖြစ်ပါတယ်။ တချို့ကတော့ ပီချောင်းဒေသဘက်သို့ သွားလိုတဲ့အခါမှာ စက်လှေဖြင့် ကုလားတန်မြစ်ကျောင်းအတိုင်း စုန်ဆင်းပြီးတော့ တုံးမဝရွာမှ ရခိုင်ပြည်နယ် ကျောက်တော်မြို့အထိ မိုင် ၄၀ ကျော် ကွာဝေးတဲ့ ခရီးကိုလည်းကောင်း၊ နောက် စက်လှေဖြင့် ကျောက်တော်မှ ဘဲဒုံရွာအထိ မိုင် ၄၀ ကျော်ခရီးကို ပီချောင်းအတိုင်း ဆန်တက်ပြီးတော့သော်လည်းကောင်း တစ်ဆင့်ပြီးတစ်ဆင့် သွားလာကြရပါတယ်။ အလားတူ ပီချောင်းဘက်မှ ပလက်ဝကို လာလိုတဲ့အခါမှာ ဘဲဒုံမှ ကျောက်တော်၊ နောက် ကျောက်တော်မှ ပလက်ဝ စသည်ဖြင့် ပတ်၍လာရတဲ့အတွက်ကြောင့် ပြည်သူများအတွက် အခက်အခဲများစွာ ရင်ဆိုင်ရနေဆဲ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပလက်ဝမြို့နယ်၏အနောက်ဘက်ခြမ်းဒေသဖြစ်သော ပီချောင်းဒေသရှိမဲဆန္ဒရှင်ပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် တုံးမဝ-ဘဲဒုံ ၁၈ ပေအကျယ် မြေသားလမ်း ၁၁ မိုင်အနက် ကျန်ရှိနေသော ၂ မိုင် ၄ ဖာလုံလမ်းအား

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ သို့မဟုတ် မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးမည်ကို သိရှိလိုပါ၍ မဲဆန္ဒရှင် ပြည်သူများရဲ့ကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိန်အောင်မှ မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ရှိ တုံးမဝ-ဘဲဒုံ မြေသားလမ်း ၁၁ မိုင်အနက် ကျန်ရှိသော ၂ မိုင် ၄ ဖာလုံအား လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တွင် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ရှိ တုံးမဝ-ဘဲဒုံလမ်း သည် အရှည် ၁၂ မိုင်ရှိပြီး လောင်ကတူး-တန်းဆိပ်-မွန်ထောင့်-ချောင်းထဲ-ရီးမဝလမ်းမှတစ်ဆင့် ဘဲဒုံ သို့သွားသော ကုလားတန်မြစ်အနောက်ဘက်ခြမ်း ဆက်သွယ်ရေးလမ်းဖြစ်ပြီးတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တုံးမဝ-ဘဲဒုံ မြေသားလမ်းအကျယ် ၁၄ ပေ၊ လမ်းအကျယ် ၁၀ မိုင် ဖောက်လုပ်ခဲ့ပြီး ကျန်ရှိနေသော ၂ မိုင် ၄ ဖာလုံအား ဆက်လက်ဖောက်လုပ်ပြီးစီးလို့ရှိရင်တော့ ကျေးရွာပေါင်း ၃၇ ရွာနှင့် လူဦးရေ ၆၄၀၀ ကို တိုက်ရိုက်အကျိုးပြုမှာ ဖြစ်ပါတယ်။ အဆိုပါလမ်းအား ၂၄ ပေအကျယ် လမ်းတာချဲ့ဖို့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ မှာလည်းကောင်း၊ ဆက်လက်ဖောက်လုပ်ရန်ကျန်ရှိနေတဲ့ ၂ မိုင် ၄ ဖာလုံကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင်လည်းကောင်း ထည့်သွင်းတောင်းခံသွားပြီးတော့ ရန်ပုံငွေ ရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ထွက်ခွာလိုက ထွက်ခွာနိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်တကွ ပြဋ္ဌာန်းထားတဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတွေ ကို အထူးပြုပြီးမှ လိုက်နာစောင့်ထိန်းဖို့ တာဝန်ရှိပါတယ်။ ဒီလိုပြောကြားရခြင်းဟာလည်း မိမိ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ လွှတ်တော်မှာ၊ လွှတ်တော်အစည်းအဝေးတွေမှာ စည်းကမ်းသေဝပ်မှု ရှိစေရန် ပြောကြားခြင်းဖြစ်ပါတယ်။ အစည်းအဝေးဆောင်ရွက်တဲ့အချိန်မှာ လိုက်နာဆောင်ရွက်ရမယ့် စည်းကမ်းများကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အလားတူ မေးခွန်းမေးမြန်းတဲ့ကိစ္စတွေမှာလည်း ဘယ်လိုလိုက်နာဆောင်ရွက်ရမယ်ဆိုတာလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ရှောင်ရန်၊ ဆောင်ရန်

ကိစ္စများကိုလည်း အသေးစိတ်ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ နောင်ကျရင် မဆီလျော်တဲ့စကား၊ စကားလုံးအသုံးအနှုန်းတွေကို မသုံးမိဖို့ ဂရုပြုဖို့ သတိပေးလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က မြန်မာ့ပညာရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အဆင့်မြင့်ပညာကဏ္ဍတွင် သုတေသနရပ်ဝန်းကောင်းများ ဖော်ဆောင်ပေးပါရန်နှင့် သုတေသနဆောင်ရွက်သူ ပညာရှင်များအား သုတေသနရန်ပုံငွေ လုံလောက်စွာထောက်ပံ့ချီးမြှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာလှမိုးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသူများအားလုံး ရွှင်လန်းချမ်းမြေ့ပါစေ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်က ဒေါက်တာလှမိုးဖြစ်ပါတယ်။ ကျွန်တော်က ဒီနေ့ ပြည်သူ့လွှတ်တော်ကြီးမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပညာရေးနှင့်ပတ်သက်တဲ့အဆိုတစ်ခု တင်သွင်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ ကျွန်တော် တင်သွင်းမယ့် အဆိုရဲ့ခေါင်းစဉ်ကတော့ မြန်မာ့ပညာရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အဆင့်မြင့်ပညာကဏ္ဍမှာ သုတေသနရပ်ဝန်းကောင်းများ ဖော်ဆောင်ပေးပါရန်နှင့် သုတေသနဆောင်ရွက်သူပညာရှင်များအား သုတေသနရန်ပုံငွေလုံလောက်စွာ ထောက်ပံ့ချီးမြှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းသွားမှာဖြစ်ပါတယ်။ ဒီအဆိုကို တင်သွင်းရတဲ့ အဆိုရည်ရွယ်ချက်နှစ်ချက်ရှိပါတယ်။ အဆိုရည်ရွယ်ချက်(၁)ကတော့ မြန်မာ့ပညာရေးအားဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်တဲ့နေရာမှာ အဆင့်မြင့်ပညာကဏ္ဍသည် အလွန်အရေးကြီးသော အခန်းကဏ္ဍမှာပါဝင်လျက်ရှိပါတယ်။ အဆင့်မြင့်ပညာကဏ္ဍမှာပါတဲ့ တက္ကသိုလ်၊ ဒီဂရီကောလိပ်တွေရဲ့ အသက်သွေးကြောဟာ သုတေသနဖြစ်ပါတယ်။ ဒီသုတေသနမရှင်သန်ရင် တက္ကသိုလ်ပညာရေးဟာ အချည်းနှီးသာဖြစ်သောကြောင့် သုတေသနကိုအားပေးရန်၊ ရည်ရွယ်ချက်(၂)ကတော့ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်အတွက် ဦးတည်သော လက်တွေ့အသုံးချသုတေသနလုပ်ငန်းများအတွက် တက္ကသိုလ်တွေမှာ သုတေသနရပ်ဝန်းကောင်းတစ်ရပ် ဖော်ဆောင်မှုအားနည်းခဲ့ပါတယ်။ သုတေသနပညာရှင်များအားလည်း သုတေသနရန်ပုံငွေထောက်ပံ့မှုကလည်း အလွန်နည်းပါးခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ရရှိထားသော ပညာရေးဘတ်ဂျက်အတွင်းမှ မြှင့်တင်ပေးရန်ဆိုတဲ့ ရည်ရွယ်ချက်နှစ်ချက်နဲ့ တင်သွင်းခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခေတ်အဆက်ဆက် အဘက်ဘက်မှ နိမ့်ကျခဲ့တဲ့ မြန်မာ့ပညာရေးကို ဦးမော့လာစေရန်အတွက် ပြုပြင်ပြောင်းလဲမှုတွေဆောင်ရွက်နေတဲ့ ကာလဖြစ်ပါတယ်။ မြန်မာ့ပညာရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကအနေနဲ့ ပြုပြင်ပြောင်းလဲရမယ့် နယ်ပယ်ကြီးများကတော့ အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ သက်မွေးဝမ်းကျောင်းပညာသင်ကဏ္ဍနှင့် ဆရာအတတ်သင်ပညာသင်ကဏ္ဍတို့ပဲ ဖြစ်ပါတယ်။ အခြေခံပညာကဏ္ဍမှာဆိုရင်လည်း သင်ရိုးမာတိကာနှင့် သင်ရိုးညွှန်းတမ်း၊ သင်ကြားနည်းပုံစံ၊ သင်ကြား/သင်ယူမှုတတ်မြောက်ခြင်းစစ်ဆေးတဲ့ပုံစံ ဒီသုံးမျိုးစလုံးကို ခေတ်နှင့်လျော်ညီစွာ တစ်ပြိုင်နက်တည်းပြုပြင်ပြောင်းလဲတဲ့ KG + 12 အစီအစဉ်ကို အကောင်အထည်ဖော်နေတာ အရှိန်ရနေပါပြီ။ ၂၀၂၃ ပညာသင်နှစ်မှာ အားလုံးပြုပြင်ပြောင်းလဲမှုပြီးဆုံးသွားမှာဖြစ်ပါတယ်။ မြန်မာ့ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ အဆင့်မြင့်ပညာကဏ္ဍ တက္ကသိုလ်/ဒီဂရီကောလိပ်တွေရဲ့ အသက်သွေးကြောကတော့ သုတေသနဖြစ်ပါတယ်။ သုတေသနမရှင်သန်ရင် တက္ကသိုလ်ပညာရေးဟာ အချည်းနှီးသာ ဖြစ်ပါတယ်။ သုတေသနမဖွံ့ဖြိုးတဲ့ တက္ကသိုလ်ပညာရေးဟာ ကျောင်းသားရော၊ ဆရာရော၊ အစိုးရရော သုံးဦးစလုံးအတွက် ငွေဖြုန်း၊ အချိန်ဖြုန်းတဲ့ပညာရေးစနစ်သာ ဖြစ်ပါလိမ့်မယ်။ တိုင်းပြည်အတွက်လည်း ဘာမှထူးခြားလာမှာမဟုတ်ဘူးလို့ ယုံကြည်ပါတယ်။ သုတေသနကိုအားမပေးဘဲ၊ မမြှင့်တင်ဘဲ အဆင့်မြင့်ပညာကဏ္ဍကို တိုးတက်အောင်လုပ်ချင်ရင်တော့ လေထဲသဲအိမ်ဆောက်သလိုသာ ဖြစ်ပါလိမ့်မယ်။ အထူးသဖြင့် နိုင်ငံတော်နှင့် ဒေသတွင်းအကျိုးပြု လက်တွေ့အသုံးချသုတေသနနယ်ပယ်ကို အားပေးမြှင့်တင်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုမှာပါဝင်တဲ့ သုတေသနရပ်ဝန်းကောင်းဖော်ဆောင်ပေးရေးဆိုတဲ့နေရာမှာ အပိုင်းလေးပိုင်းပါဝင်မှာဖြစ်ပါတယ်။ (၁)ကတော့ သုတေသနပြုလုပ်ရာ အခြေခံအဆောက်အဦများနှင့် အထောက်အကူပြုပစ္စည်းများ ဖြည့်တင်းပေးရေး၊ (၂) သုတေသနရလဒ်များအတွက် ကိုးကားမှီငြမ်းရာ Up to Date References များနှင့် တက္ကသိုလ်စာကြည့်တိုက်များ ရှင်သန်စေရေး၊ (၃) သုတေသနကိုဦးဆောင်မယ့်ပညာရှင်များနှင့် စီမံကြီးကြပ်မယ့်သူများအား လူမှန်နေရာမှန် မှန်ကန်စွာတာဝန်ပေးအပ်ရေး၊ (၄) တက္ကသိုလ်အသီးသီးမှာ သုတေသနဦးဆောင်ကြီးကြပ်ရေးကော်မတီတစ်ရပ် ဖွဲ့စည်းရေးတို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သုတေသနရပ်ဝန်းကောင်းဖော်ဆောင်ပေးရေးဆိုတဲ့အဆိုအောက်မှာ အပိုင်း(၁)နှင့် (၂)အတွက် ဘဏ္ဍာငွေလိုအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ဘဏ္ဍာရေးနှစ်အသီးသီးမှာ ပညာရေးဘတ်ဂျက်တွေကို စုစုပေါင်းဘယ်လောက်ချပေးခဲ့သလဲ။ သာမန်နှင့်ငွေလုံးငွေရင်းအတွက် ဘယ်လောက်သုံးသလဲ။ အဆင့်မြင့်ပညာကဏ္ဍအတွက် ဘယ်လောက်သုံးခဲ့သလဲ။ သုတေသနစာကြည့်တိုက်ကဏ္ဍအတွက် ဘယ်လောက်သုံးစွဲခဲ့သလဲဆိုတာ ဆက်လက်တင်ပြလိုပါတယ်။ ဒီ Graph လေးကတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈ Mini Budget ဘဏ္ဍာရေးနှစ်အတွက် ပြထားခြင်းဖြစ်ပါတယ်။ အပြာရောင်လိုင်းကတော့ ပညာရေးဘတ်ဂျက်ဖြစ်ပါတယ်။ အနီရောင်လိုင်းကတော့ အခြေခံပညာအတွက် သုံးတာဖြစ်ပါတယ်။ အစိမ်းရောင်လိုင်းလေးကတော့ အဆင့်မြင့်ပညာအတွက် သုံးမှာဖြစ်ပြီး၊ ခရမ်းရောင်လိုင်းလေးကတော့

အဆင့်မြင့်ပညာမှာ ငွေလုံးငွေရင်းသုံးတာဖြစ်ပါတယ်။ အောက်ဆုံးက အပြာရောင်ပါးပါးလေးကတော့ သုတေသနနှင့် စာကြည့်တိုက်ဘတ်ဂျက်အတွက်ဖြစ်ပါတယ်။ အနှစ်ချုပ်အားဖြင့်ပြောမယ်ဆိုရင် ဒီသုတေသနနှင့် စာကြည့်တိုက်အတွက် ဘတ်ဂျက်သည် ပညာရေးဝန်ကြီးဌာန ဘတ်ဂျက်ကြီးတစ်ခုလုံးရဲ့ အပုံ ၂၅၀ ပုံ တစ်ပုံလောက်ပဲရှိပါတယ်။ အဲဒီထဲကမှ အဆင့်မြင့်ပညာဝန်ကြီးဌာနရဲ့ ဘတ်ဂျက်ထဲကမှ ပြန်ကြည့်မယ်ဆိုရင် အပုံ ၁၀၀ ပုံ တစ်ပုံလောက်ပဲရှိပါတယ်။ အဆင့်မြင့်ပညာဝန်ကြီးဌာနရဲ့ ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုထဲကကြည့်မယ်ဆိုလို့ရှိရင် ၂၅ ပုံ တစ်ပုံလောက်သာ သုံးစွဲတာ တွေ့ပါတယ်။ သုတေသနအတွက် သုံးစွဲတာ အလွန်အင်မတန်မှ နည်းပါးတဲ့အတွက်ကြောင့် ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သုတေသနရပ်ဝန်းကောင်းတစ်ရပ် ဖော်ဆောင်ပေးရေးအဆိုမှာ ပါဝင်တဲ့ ဒီ အချက်(၃)နဲ့ (၄)ဟာလည်း အလွန်အရေးကြီးပါတယ်။ လူမှန်နေရာမှန်ပေးရရေးနှင့် သုတေသနဦးဆောင်ကြီးကြပ်ရေးကော်မတီတစ်ရပ် မရှိခဲ့တဲ့အကျိုးအတွက် တက္ကသိုလ်အသီးသီးမှာ သုတေသနလုပ်ဆောင်ရန် အခြေခံအချက်တချို့ ဖြည့်ဆည်းပေးထားပေမဲ့ သုတေသနမလုပ်ဆောင်နိုင်တာကို တင်ပြပါ့မယ်။ ဒါ တက္ကသိုလ်အသီးသီးမှာရှိတဲ့ သုတေသနဓာတ်ခွဲခန်းလေးတွေကို ကျွန်တော် သွားပြီးတော့ မှတ်တမ်းတင်ထားခြင်းဖြစ်ပါတယ်။ သုတေသနဓာတ်ခွဲခန်းနှင့်တူလား/မတူလား။ သုတေသနလုပ်နေလား/မလုပ်နေလားဆိုတာ ပုံကြည့်ပြီး သိသာနိုင်ပါတယ်။ သုတေသနလုပ်နေလား/မလုပ်နေလားဆိုတာ မြင်ရတဲ့အတိုင်းပါပဲ။ နိုင်ငံတော်က အခြေခံအချက်အလက်အချို့နဲ့ ပစ္စည်းအချို့ ဖြည့်တင်းပေးထားပါတယ်။ ဒါပေမဲ့ မလုပ်နိုင်ပါဘူး။ အားလုံးဟာ ဖရိုဖရဲပါပဲ။ အားလုံးဟာ ကြမ်းပေါ်တစ်ချက်၊ ခုံပေါ်တစ်ချက်နဲ့ ဘာမှအလုပ်လုပ်နိုင်ခြင်းမရှိပါဘူး။ အားလုံးဟာတန်းစီပြီးတော့ပဲ ချထားခြင်းဖြစ်ပါတယ်။ ဒီပစ္စည်းတွေဟာ သူဟာနဲ့သူ အသုံးတည့်အောင် သုံးရမယ့်ဟာတွေဖြစ်ပါတယ်။ အားလုံးဟာ Packing တောင်မဖြည်ရသေးပါဘူး။ ဒါ သုတေသနဓာတ်ခွဲခန်းထဲမှာရှိတဲ့ပစ္စည်းတွေပါ။ သုတေသနဓာတ်ခွဲခန်းထဲပါ။ အားလုံးဟာ အစီအစဉ်တကျမရှိပါဘူး။ အလုပ်လုပ်လား။ မလုပ်လားဆိုတာ မြင့်တွေ့နိုင်ပါတယ်။ သော့တောင်မဖွင့်သေးပါဘူး။ လွန်ခဲ့သော နှစ်နှစ်လောက်ကတည်းက ရောက်တဲ့ပစ္စည်းပါ။ ဖုန်အလိမ်းလိမ်းနဲ့ ဓာတ်ခွဲခန်းဖြစ်ပါတယ်။ မြင်ရတဲ့အတိုင်းပါပဲ။ ဒါကြောင့်မို့လို့ ဒီဟာတွေဖြစ်ပေါ်နေရခြင်းဟာ သုတေသနအမှန်တကယ်လုပ်မယ့်သူများဟာ လူမှန်၊ နေရာမှန်မရှိခြင်းနှင့် သုတေသနကြီးကြပ်မှုကော်မတီမရှိတဲ့အတွက်ကြောင့် နိုင်ငံတော်က ဖြည့်ဆည်းပေးတာတောင်မှ မလုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယတစ်ပိုင်းဖြစ်တဲ့ သုတေသနဆောင်ရွက်နေသူများအား သုတေသနစရိတ်အတွက် သင့်တင့်လုံလောက်စွာထောက်ပံ့ပေးရေးအပိုင်းဖြစ်ပါတယ်။ သုတေသနရပ်ဝန်းကောင်းတစ်ရပ်မရှိတဲ့အထဲမှာ သုတေသနလုပ်ငန်းတစ်ခုကို တစ်နှစ်မှာ မြန်မာကျပ်ငွေ တစ်သိန်းကနေ နှစ်သိန်းလောက်သာ ထောက်ပံ့တဲ့ သုတေသနရဲ့ ရလဒ်ကတော့ မြင့်မားလာစရာအကြောင်းမရှိပါဘူးဆိုတာ လူတိုင်းမြင်နိုင်ပါတယ်။ သုတေသနအပေါ်မှာ ခံယူချက်အပြည့်နဲ့ ကိုယ်ရတဲ့လစာထဲမှ စိုက်ထုတ်ဆောင်ရွက်ပေးခဲ့ကြတဲ့ ဆရာဆရာမများကိုလည်း ချီးကျူးဂုဏ်ပြုလိုပါတယ်။ ဒီကြားထဲမှာမှ ခေတ်အဆက်ဆက် သုတေသနဆောင်ရွက်သူကို ချီးမြှင့်

မြှောက်စားမှုမရှိဘဲ လုပ်သက်တူ၊ ရာထူးတူစနစ်ကို ကျင့်သုံးခဲ့ခြင်းဟာလည်း သုတေသနလုပ်လိုသူတွေရဲ့စိတ်ဓာတ်ကို ရိုက်ချိုးသလိုဖြစ်ခဲ့ရပါတယ်။ အခုချိန်မှာတော့ ပညာရေးဝန်ကြီးဌာနက သုတေသနဆောင်ရွက်ခြင်းကို ရာထူးတိုးမြှင့်ခြင်းအတွက် ထည့်သွင်းစဉ်းစားအကောင်အထည်ဖော်ပေးနေခြင်းကို ဝမ်းမြောက်စွာကြိုဆိုပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆင့်မြင့်ကဏ္ဍမှာ တက္ကသိုလ်များသက်ဆိုင်ရာဘာသာရပ်နယ်ပယ်အသီးသီးအတွက် သုတေသနလုပ်ငန်းမှန်သမျှကို စိတ်ပါဝင်စားစွာဆောင်ရွက်လိုသော ဆရာဆရာမနဲ့ကျောင်းသားတွေ အမြောက်အများရှိပါတယ်။ ဘာမှမရှိတဲ့အခြေအနေတွေကြားထဲကကို ကြိုးစားပမ်းစားဆောင်ရွက်နေကြတယ်။ ဒါပေမဲ့ အချိန်ကြာလာတဲ့နဲ့အမျှ အဆင့်အတန်းရှိ လက်တွေ့အသုံးချနိုင်သော သုတေသနရလဒ်ကောင်းတစ်ခုရလာစေဖို့သင့်တင့်လုံလောက်တဲ့ စရိတ်ထောက်ပံ့ကြေးကလည်းမရှိ၊ အားပေးမြှင့်တင်ချီးမြှောက်ခြင်းကလည်းမရှိသည့်အခြေအနေမှာ ရင်ဆိုင်လာရသည့်နောက်ပိုင်း သုတေသနလုပ်ငန်းများကို ကျောခိုင်းသွားကြခြင်းဟာ အဆင့်မြင့်ပညာကဏ္ဍအတွက် အလွန်အင်မတန်မှ ဝမ်းနည်းစရာအခြေအနေ တွေ့ကြုံရခြင်းဖြစ်ပါတယ်။ အရည်အသွေးပြည့်ဝတဲ့ သုတေသနပညာရှင်တွေ မျှားပြားလာရမယ့်အစားအခုဆိုရင် မျိုးဆက်ပြတ်မလောက်တောင်ဖြစ်နေတာ အရှိတရားပါပဲ။ ဒီနေ့မြန်မာ့ပညာရေး အဆင့်မြင့်ပညာကဏ္ဍမှာ သုတေသနအခြေအနေကို အားလုံးသိကြပါတယ်။ ကျွန်တော်တို့တွေ အမှန်ကိုအမှန်တိုင်းသုံးသပ်ပြီး ပြင်ဆင်ပြောင်းလဲရမယ့် အချိန်ရောက်နေပါပြီ။ အရှိတရားကိုလက်ခံမှ မကွယ်မဝှက်ရှိမှ အောင်မြင်တဲ့လမ်းစပေါ်ကို ရောက်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့တက္ကသိုလ်အသီးသီးကဆောင်ရွက်နေတဲ့ သုတေသနရလဒ်တွေဟာ သက်ဆိုင်ရာဘာသာရပ်နယ်ပယ်အတွက်၊ သက်ဆိုင်ရာပညာရပ်အတွက်၊ သက်ဆိုင်ရာတက္ကသိုလ်အတွက်၊ နိုင်ငံတော်အတွက်၊ ဂုဏ်တင့်စေသလား၊ အကျိုးရှိစေသလား၊ နိုင်ငံတကာနဲ့ရင်ပေါင်တန်းနိုင်ပြီလားဆိုတာ ပညာရေးနဲ့မကင်းသူတိုင်း၊ ပညာရေးကိုလေ့လာနေသူတိုင်း နားလည်သဘောပေါက်ကြပါတယ်။

အဆင့်မြင့်ပညာကဏ္ဍမှာ ဆောင်ရွက်နေတဲ့ သုတေသနအများစုဟာ နိုင်ငံတော်နဲ့ ဒေသဖွံ့ဖြိုးရေးကို လက်တွေ့ကျကျဦးတည်တဲ့ သုတေသနတွေမဟုတ်ကြတာများပါတယ်။ နိုင်ငံတော်သုတေသနဂျာနယ်မှာလည်း ဖော်ပြထားတာ ဆယ်ဂဏန်းလောက်သာရှိပါတယ်။ ပြည်တွင်းသုတေသနဂျာနယ်မှာဖော်ပြပုံနှိပ်ထားတဲ့ သုတေသနစာတမ်းအများစုရဲ့ အရည်အသွေးကလည်း ဘယ်အခြေအနေရှိတယ်ဆိုတာ အဆင့်မြင့်ပညာကဏ္ဍနဲ့ မကင်းသူတိုင်းသိရှိနားလည်မှာပါ။ အရေအတွက်များတာကိုတင်းတိမ်ရောင့်ရဲနေရမယ့်အချိန်မဟုတ်တော့ပါဘူး။ ဘာကြောင့် သုတေသနလုပ်ငန်းတွေမအောင်မြင်ရသလဲ၊ မဖွံ့ဖြိုးရသလဲဆိုတာ ဆန်းစစ်ကြမယ်ဆိုရင် အဆင့်မြင့်ပညာကဏ္ဍတစ်ခုလုံးမှာသုတေသနရပ်ဝန်းကောင်းတစ်ရပ်မရှိခဲ့တာရယ်၊ သုတေသနဆောင်ရွက်နေတဲ့ သုတေသနပညာရှင်တွေကို သင့်တင့်လုံလောက်တဲ့စရိတ်ထောက်ပံ့မှုမရှိခဲ့လို့ဆိုတာ ငြင်းကွယ်လို့မရတဲ့ အမှန်တရားအဖြစ်လက်ခံရမှာပါ။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ပညာရေးတိုးတက်ပါမှနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပါ့မယ်။ အဆင့်မြင့်ပညာကဏ္ဍတိုးတက်စေချင်ရင် သုတေသနလုပ်ငန်းများ

အောင်မြင်ဖို့လိုအပ်ပါ့မယ်။ သုတေသနလုပ်ငန်းတွေ အောင်မြင်ရန်အတွက် ယခုတင်သွင်းတဲ့အဆိုမှာ ပါဝင်တဲ့အချက်တွေကို အကောင်အထည်ဖော်ဖို့ လိုအပ်ပါ့မယ်။ နှစ်စဉ်တိုးမြှင့်ချထားတဲ့ ပညာရေး ဘတ်ဂျက်အတွင်းမှ သုတေသနရပ်ဝန်းကောင်းများကို စီမံခန့်ခွဲမှုမှန်ကန်စွာဖြင့် အဆင့်လိုက်၊ အဆင့်လိုက် အကောင်အထည်ဖော်သွားရန်နှင့် သုတေသနပညာရှင်များအား သင့်တင့်လုံလောက်တဲ့ သုတေသနစရိတ်ပံ့ပိုးပေးမယ်၊ ချီးမြှင့်မြှောက်စားမယ်ဆိုရင်တော့ အဆင့်မြင့်ပညာကဏ္ဍဟာ မလွဲမသွေတိုးတက်လာမှာဖြစ်တဲ့အတွက် ယခုအဆိုအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကို တင်သွင်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာလှမိုး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးရည်မွန်(ခ)မောင်တင်သစ်(ပုဗ္ဗသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ပုဗ္ဗသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဆင့်မြင့်ပညာရေးမှာ သုတေသနကို အားပေးမြှင့်တင်ဖို့ တိုက်တွန်းထားတဲ့ ဒေါက်တာလှမိုးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားဖို့ ဖြစ်ပါတယ်။ အဆင့်မြင့်ပညာရေး တစ်နည်းအားဖြင့် တက္ကသိုလ်တွေအနေနဲ့ သုတေသနကို အားပေးမြှင့်တင်ဖို့ဆိုရင် တက္ကသိုလ်ဆိုတာဘာလဲ။ ကျွန်တော်တို့ အရင်ကြည့်ဖို့လိုပါလိမ့်မယ်။ တက္ကသိုလ်(University)ဆိုတာက (၁) Higher Education ပေးတဲ့နေရာ၊ (၂) Research လုပ်တဲ့နေရာ၊ (၃) Academic ဘွဲ့ဒီဂရီပေးတဲ့နေရာ ဒီလိုဆိုပါတယ်။ သုတေသနလုပ်ခြင်းကိုက တက္ကသိုလ်တစ်ခုရဲ့ အရေးကြီးဆုံးဂုဏ်အင်္ဂါဖြစ်တဲ့အတွက် သုတေသနဆိုတာမရှိရင် တက္ကသိုလ်လို့ကို မခေါ်နိုင်ဘူးလို့ ဆရာအစဉ်အဆက်ပြောခဲ့ကြတာကို ကျွန်တော်တို့ မှတ်သားခဲ့ရဘူးပါတယ်။ ဆက်ပြီးတော့ သုတေသနဆိုတာဘာလဲ ဆက်ကြည့်ချင်ပါတယ်။ ကွယ်လွန်သူ သမိုင်းပညာရှင် ဆရာကြီးဒေါက်တာသန်းထွန်းကတော့ သုတေသနဆိုတာက မှားနေတာကိုပြင်ဖို့၊ လိုနေတာကို ဖြည့်ဖို့လုပ်ရတဲ့ စူးစမ်းလေ့လာမှုလို့ ဒီလိုအဓိပ္ပာယ်ဖွင့်ပြခဲ့ဘူးပါတယ်။ ကျွန်တော်တို့မှာ သိထားတဲ့အသိတွေရှိတယ်။ သို့သော် အသိတချို့က မှားနေနိုင်တယ်။ ဒီအမှားတွေကို ပြင်ဖို့အတွက် သုတေသနကျွန်တော်တို့လုပ်ရတယ်။ ကျွန်တော်တို့သိထားတဲ့ အသိတွေက မပြည့်စုံသေးဘူး။ ထပ်ပြီးတော့ သိဖို့လိုနေတဲ့ အသိတွေရှိသေးတယ်။ လိုနေတာတွေကို ဖြည့်ဖို့အတွက် သုတေသနလုပ်ရတယ်။ ဒီလိုနားလည်ရပါတယ်။ အမေရိကန်နိုင်ငံမှာဆိုရင် သုတေသနအလုပ်အားလုံးရဲ့ ထက်ဝက်ကျော်ဟာ တက္ကသိုလ်နယ်မြေမှာ ဆောင်ရွက်ကြတယ်လို့ သိရပါတယ်။ Telegraph ခေါ်တဲ့ ကြေးနန်းတီထွင်မှုကစပြီးတော့ ဒီခေတ်အင်တာနက်အထိ ဆက်သွယ်ရေးနည်းပညာတွေဆိုတာက တက္ကသိုလ်နယ်မြေထဲကအစပြုခဲ့တာပါ။ AIDS ဆိုတဲ့ရောဂါဆိုရင်လည်း တက္ကသိုလ်နယ်မြေရဲ့ ဓာတ်ခွဲခန်းတစ်ခုမှာပဲ ရှာဖွေတွေ့ရှိခဲ့တာဖြစ်ပါတယ်။ ဇူကာဘက်ဆိုတဲ့ ဟားဗက်တက္ကသိုလ်က ကျောင်းသားတစ်ယောက်ကတော့ သူနေထိုင်တဲ့ Hostel အိပ်ခန်းထဲကနေပြီးတော့မှ Facebook ဆိုတဲ့ Social Media Website ကိုလွှင့်တင်ခဲ့တာ ဖြစ်ပါတယ်။ နောက် ဒေါက်တာရည်မွန်အေးဆိုတဲ့ မြန်မာအမျိုးသမီးငယ်တစ်ယောက်။ သူက Biochemistry ပညာရှင်ပါ။ အမေရိကန်နိုင်ငံက Cornell University မှာ

တွဲဖက်ပါမောက္ခလုပ်နေပါတယ်။ သူ့ရဲ့သုတေသနကနေပြီးတော့မှ ကင်ဆာကိုခေတ်မကင်ဘဲနဲ့ သက်သာပျောက်ကင်းနိုင်တဲ့ တခြားကုထုံးတစ်ခုကို ခြေရာခံမိထားတာရှိပါတယ်။ အဲဒီအတွက် သူ့ကို အထူးချွန်ဆုံးလူငယ်သိပ္ပံပညာရှင်တစ်ဦးအဖြစ် အသိအမှတ်ပြုခံထားရသလို သုတေသနဆက်ပြီးတော့ လုပ်နိုင်ဖို့အတွက် တစ်နှစ်ကိုဒေါ်လာနှစ်သိန်းနဲ့ သုံးနှစ်စာသုတေသနဆုတစ်ခုကိုလည်း မနှစ်က ချီးမြှင့်ခံထားရတယ်လို့ ကျွန်တော်တို့သိရပါတယ်။ ဒေါက်တာလှမိုးရဲ့စကားနဲ့ ပြောမယ်ဆိုရင် သုတေသနရပ်ဝန်းကောင်းတစ်ခုတည်းကိုသာ ရောက်ရှိသွားခဲ့မယ်ဆိုရင် ကျွန်တော်တို့ မြန်မာလူငယ် တွေထဲမှာလည်း ကမ္ဘာ့အဆင့်ရှိတဲ့ဉာဏ်ကြီးရှင်တွေ ပေါ်ထွက်လာနိုင်တယ်ဆိုတာ ဒါ ဒေါက်တာ ရည်မွန်အေးက သက်သေပြနေတာ။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအနေနဲ့ဆိုရင် သုတေသနက အရေးကြီးတယ်ဆိုပြီးတော့ နားလည်သဘောပေါက်ခဲ့တာ နှစ်အတန်ကြာပါပြီ။ ကိုလိုနီခေတ် ၁၉၁၀ ခုနှစ်။ အဲဒီမှာ ကျွန်တော်တို့ရန်ကုန်ကောလိပ်ကပညာရှင်တွေ၊ နောက် ကောလိပ်ပြင်ပက ပညာရှင် တွေပူးပေါင်းပြီးတော့မှ မြန်မာနိုင်ငံသုတေသနအသင်း(Burma Research Society)ဆိုတာ ဖွဲ့စည်းထူထောင်ခဲ့ကြပါတယ်။ အင်္ဂလိပ်ထဲက မစ္စတာဖာနီဗယ်လ်တို့၊ မြန်မာထဲကဆိုရင် ရခိုင်အမျိုးသားဦးမေအောင်တို့ ကမကထပြုပြီးတည်ထောင်ခဲ့တဲ့အသင်းကြီးပါ။ နှစ်ကာလအတော် ကြာအောင် ဒီအသင်းကြီးက ကျွန်တော်တို့နိုင်ငံမှာ ရှင်သန်တည်တံ့ခဲ့တယ်။ ဒီအသင်းကြီးက ထုတ်ဝေတဲ့ JBRS ဆိုတဲ့ သုတေသနစာစောင်ဆိုရင်လည်း နိုင်ငံတကာပညာလောကကကို အသိအမှတ်ပြုရတဲ့စာစောင်တစ်ခု ဖြစ်ခဲ့ပါတယ်။ သို့သော် ကျွန်တော်တို့နိုင်ငံအတွက် ဝမ်းနည်းစရာ ကောင်းတာကတော့ သုတေသနကို တန်ဖိုးထားရကောင်းမှန်းမသိတဲ့ကာလတစ်ခုမှာ ဒီအသင်းကြီးက ဖျက်သိမ်းခံရတာပဲ ဖြစ်ပါတယ်။ ဒီကနေ့ ဒီအချိန်မှာဆိုရင် ဘယ်လိုအသင်းမျိုးတွေပြန်ပြီးတော့ ပေါ်ပေါက်လာဖို့၊ အသင်းတွေကိုအားပေးမြှင့်တင်ဖို့ လိုအပ်နေတယ်လို့ မြင်ပါတယ်။ သုတေသန လုပ်တာတော့ဟုတ်ပြီ။ ရန်ပုံငွေ ဘယ်ကရမလဲ။ ဒေါက်တာလှမိုးကတော့ နိုင်ငံတော်ကနေ လုံလောက်အောင်ထောက်ပံ့ကူညီပေးပါလို့ အဆိုပြုထားပါတယ်။ မှန်ပါတယ်။ အဲဒီတော့ တက္ကသိုလ် နယ်မြေမှာ သုတေသနမဖွံ့ဖြိုးခင် တက္ကသိုလ်နယ်မြေထဲကို သုတေသနအလေ့အကျင့်ကောင်းတွေ ရောက်ရှိလာဖို့အတွက်ကတော့ နိုင်ငံတော်က ရှေ့ဆောင်ဖို့လိုအပ်ပါတယ်။ သို့သော် ဒီတက္ကသိုလ်နယ် မြေရဲ့သုတေသနလုပ်ငန်းတွေ အရှိန်ရလာပြီဆိုရင် ရလဒ်ကောင်းတွေကို ဒီသုတေသနကနေ ဖော်ထုတ်ပေးနိုင်တဲ့စွမ်းဆောင်မှုမျိုးရှိလာပြီဆိုရင်တော့ အပြင်က ပုဂ္ဂလိကကုမ္ပဏီတွေ၊ Foundation တွေ၊ အစိုးရအဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေ တက္ကသိုလ်ကိုဆက်သွယ်လာပါ လိမ့်မယ်။ သူတို့လုပ်ငန်းမှာလိုအပ်နေတဲ့ Process အသစ်တွေ၊ Product အသစ်တွေ၊ Technique အသစ်တွေ ဒါတွေကို တက္ကသိုလ်သုတေသနကနေပြီးတော့ ဖော်ထုတ်ပေးဖို့အတွက် ရန်ပုံငွေ ထောက်ပံ့ပြီးတော့မှ အလုပ်အပ်နှံလာတာတွေ ရှိလာပါလိမ့်မယ်။ ဒါဆိုရင် တက္ကသိုလ်ထဲကပညာနဲ့ ပြင်ပလောကနဲ့လည်း အချိတ်အဆက်မိလာမယ်။ တက္ကသိုလ်ထဲက ကျောင်းသူကျောင်းသားတွေ အတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပွင့်လာမှာဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ခုသတိပြု ရမှာက အမေရိကန်နိုင်ငံမှာ တက္ကသိုလ်ပေါင်း ၄၀၀၀ ကျော်ရှိပေမဲ့ တကယ့် Applied Research ပေါ့နော်။ အသုံးချသုတေသနကို စနစ်တကျဆောင်ရွက်နိုင်တဲ့တက္ကသိုလ်ကတော့ ၆၀ ကျော်လောက်ပဲ ရှိတယ်လို့ဆိုပါတယ်။ ကျန်တဲ့တက္ကသိုလ်တွေကတော့ Literature Review Research ခေါ်တဲ့

ရှိပြီးသားသုတေသနစာတမ်းတွေ၊ တွေ့ရှိချက်တွေအပေါ်မှာပဲ ပြန်သုံးသပ်ပြီးတော့မှ အသစ်စဉ်းစားကြတဲ့ သုတေသနတွေကများတယ်လို့ သိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း ဘယ်တက္ကသိုလ်တွေကို အဆင့်မြင့်သုတေသနဆောင်ရွက်တဲ့ တက္ကသိုလ်တွေဖြစ်အောင် ထူထောင်ပေးမလဲဆိုတာကိုလည်း ကျွန်တော်တို့ သေသေချာချာစဉ်းစားရွေးချယ်ဖို့လိုအပ်လာမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ကတော့ ဒါကျွန်တော်တို့နိုင်ငံရဲ့ပညာရေးဌာနမှာ အင်မတန်ထင်ရှားတဲ့ ဆောင်ပုဒ်ကြီးတစ်ခုရှိပါတယ်။ ပညာရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်အံ့။ အဲဒီတော့ ခေတ်နောက်ကျနေတဲ့ပညာရေးနဲ့ ခေတ်မီနိုင်ငံ ကျွန်တော်တို့ ထူထောင်နိုင်ပါ့မလား။ မေးစရာရှိပါတယ်။ တကယ်တော့ ခေတ်မီပညာရေးနဲ့သာလျှင် ခေတ်မီတဲ့နိုင်ငံကို ထူထောင်နိုင်မှာပါ။ အဲဒီတော့ ခေတ်မီပညာရေးဆိုတာကလည်း သုတေသနကိုအားပေးတဲ့ပညာရေး၊ လူငယ်တွေရဲ့ စူးစမ်းလေ့လာမှု၊ အသစ်တီထွင်ဖန်တီးမှုကို လမ်းဖွင့်ပေးတဲ့ပညာရေးကသာလျှင် ခေတ်မီနိုင်ငံထူထောင် ဖို့ အထောက်အပံ့ဖြစ်မှာဖြစ်တဲ့အတွက် ဒီကနေ့ ဒေါက်တာလှမိုးတင်သွင်းတဲ့အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးပေးပါလို့ပန်ကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးတင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဒေါက်တာလှမိုး တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က တင်သွင်းသော မြန်မာနိုင်ငံပညာရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အဆင့်မြင့်ပညာကဏ္ဍတွင် သုတေသနရပ်ဝန်းကောင်းများ ဖော်ဆောင်ပေးပါရန်နှင့် သုတေသနဆောင်ရွက်သူ ပညာရှင်များအား သုတေသနရန်ပုံငွေ လုံလောက်စွာထောက်ပံ့ချီးမြှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၅-၈-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော စာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေကြမ်းကို ၁၅-၂-၂၀၁၈ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ နည်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်စိန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ထားဝယ်မဲဆန္ဒနယ်မှ ကျွန်တော် ဦးအောင်စိန်က ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်
# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ- ဥပဒေကြမ်း) ၁/၂၀၁၈- ၃၂၆

ရက် စွဲ ၊ ၂၀၁၈ ခု နှစ်၊ ဩ ဂုတ် လ ၁၀ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၁၅-၂-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ- ၁) ၁/ ၂၀၁၈- ၁၁၈

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၈-၁-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၅-၂-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်းအား ပြည်ထောင်စုဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) စာပေအနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်ထုတ်လုပ်မှုများနှင့် ထုတ်လွှင့်ခြင်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် စာပေအနုပညာဆိုင်ရာ ထုတ်လုပ်မှု အဆင့်အတန်း မြင့်မားတိုးတက်စေရန်၊

(ခ) မူလလက်ရာရှင်နှင့် မူပိုင်ခွင့်ပိုင်ရှင်တို့၏ စာပေအနုပညာဆိုင်ရာ မူပိုင်ခွင့်များကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊

(ဂ) ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့်အဖွဲ့အစည်းတို့၏ မူပိုင်ခွင့်နှင့် ဆက်နွှယ်သည့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ဃ) ရိုးရာယဉ်ကျေးမှုဖော်ပြချက်များနှင့် ရိုးရာဓလေ့အမွေအနှစ်များကို ကာကွယ်မြှင့်တင် နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၀-၅-၂၀၁၈ ရက် ကြာသပတေးနေ့၊ ၃၀-၅-၂၀၁၈ ရက် ဗုဒ္ဓဟူးနေ့၊ ၆-၈-၂၀၁၈ ရက် တနင်္လာနေ့နှင့် ၇-၈-၂၀၁၈ ရက် အင်္ဂါနေ့တို့တွင်

ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေ ရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ် လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ချက်များအတွက် ကန့်လန့်ဖြတ်ဇယားကို လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက်ကြောင့် ဖတ်ကြားတင်ပြခြင်းမပြုတော့ပါ။

၄။ သို့ဖြစ်ပါ၍ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေး နိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့် အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ- ဥပဒေကြမ်း) ၁/၂၀၁၈- ၃၂၆

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ ဩ ဂုတ် လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၁၅-၂-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ- ၁) ၁/ ၂၀၁၈- ၁၁၈

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၈-၁-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၅-၂-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့ လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်းအား ပညာရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) စာပေအနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်ထုတ်လုပ်မှု များနှင့် ထုတ်လွှင့်ခြင်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် စာပေအနုပညာ ဆိုင်ရာ ထုတ်လုပ်မှု အဆင့်အတန်း မြင့်မားတိုးတက်စေရန်၊

( ခ) မူလလက်ရာရှင်နှင့် မူပိုင်ခွင့်ပိုင်ရှင်တို့၏ စာပေအနုပညာဆိုင်ရာ မူပိုင်ခွင့်များကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊

( ဂ) ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းတို့၏ မူပိုင်ခွင့်နှင့် ဆက်နွယ်သည့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ဃ) ရိုးရာယဉ်ကျေးမှုဖော်ပြချက်များနှင့် ရိုးရာဓလေ့အမွေအနှစ်များကို ကာကွယ် မြှင့်တင်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၀-၅-၂၀၁၈ ရက် ကြာသပတေးနေ့၊ ၃၀- ၅-၂၀၁၈ ရက် ဗုဒ္ဓဟူးနေ့၊ ၆-၈-၂၀၁၈ ရက် တနင်္လာနေ့နှင့်၊ ၇-၈-၂၀၁၈ ရက် အင်္ဂါနေ့ တို့တွင်

ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုး တိုးတက်ရေး ကော်မတီ၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေ ရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသား လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အခန်း (၂၃) ခန်းနှင့် အပိုဒ်ပေါင်း ၉၉ ပိုဒ် ပါရှိပါသည်။

(ခ) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင် အတည်ပြုချက်များအနက် အချက် (၁၄၁) ချက်ကို သဘောတူလက်ခံ ပါသည်။

(ဂ) ဥပဒေခေါင်းစီးရှိ ၁၃၇၉ ခုနှစ်ဆိုသည့် စကားရပ်ကို ၁၃၈၀ ပြည့်နှစ်ဟု ပြင်ဆင် ပါသည်။

(ဃ) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ဗဟိုကော်မတီဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ) နှင့်(င) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပြန်ကြားရေး ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန သို့မဟုတ် ပညာရေးဝန်ကြီးဌာနတို့ကို ဆိုသည်။

(င) အေဂျင်စီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ ကို ဆိုသည်။

(စ) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ) ရှိ မူပိုင်ခွင့်မှတ်ပုံ တင်ခြင်းဆိုင်ရာဆိုသည့်စကားရပ်ကို မူပိုင်ခွင့် မှတ်ပုံတင်ခြင်းဟု ပြင်ဆင်ပါသည်။

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ(ဇ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဇ) မူပိုင်ခွင့် (Intellectual Property Rights) ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ် ဖြင့်ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရ ပေးအပ်သည့် အခွင့်အရေးကိုဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့် အနုပညာ မူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ် တံဆိပ်မူပိုင်ခွင့်နှင့် အခြားသော မူပိုင်ခွင့် အမျိုးအစားများလည်း ပါဝင်သည်။

(ဇ) အပိုဒ် ၂ အပိုဒ်ခွဲ(ဈ) ရှိ စာပေနှင့်အနုပညာလက်ရာဆိုသည့်စကားရပ်ကို စာပေ သို့မဟုတ် အနုပညာလက်ရာ ဟုပြင်ဆင်၍ ယင်းဥပဒေကြမ်းရှိ စာပေနှင့် အနုပညာ လက်ရာဆိုသည့် စကားရပ်ကို စာပေ သို့မဟုတ် အနုပညာလက်ရာဟု အသီးသီး ပြင်ဆင်ပါသည်။

(ဈ) အပိုဒ် ၂ အပိုဒ်ခွဲ(ည) ရှိ ဆက်နွယ်သည့် အခွင့်အရေးများဆိုသည့်စကားရပ်ကို ဆက်နွယ်သည့် အခွင့်အရေး ဟု ပြင်ဆင်ပါသည်။

(ည) အပိုဒ် ၂ အပိုဒ်ခွဲ(ဠ) ရှိ ပုဒ်မ ၁၃ နှင့် ၁၅ တို့တွင် ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၂ နှင့် ၁၄ တို့တွင် ဟု ပြင်ဆင်ပါသည်။

( ဋ) အပိုဒ် ၂ အပိုဒ်ခွဲ(ဌ) ရှိ သို့မဟုတ် ဖန်တီးသည့်လူပုဂ္ဂိုလ်ကို ဆိုသည့်စကားရပ်ကို ဖန်တီးသည့် လူပုဂ္ဂိုလ်ကိုဟု ပြင်ဆင်ပါသည်။

( ဌ) အပိုဒ် ၂ အပိုဒ်ခွဲ(ဍ) ခြေဆင်းနှင့် အပိုဒ်ခွဲငယ်(၁) တို့ကို အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(ဍ) စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့်အခွင့် အရေးပိုင်ရှင် ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ် တစ်ဦးဦး၊ ထိုသူ၏ အမွေ ဆက်ခံသူ သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း တစ်ခုခုကို ဆိုသည် -

(၁) မူလလက်ရာရှင်၊

( ဍ) အပိုဒ် ၂ အပိုဒ်ခွဲ(တ) အပိုဒ်ခွဲငယ်(၃) ရှိ Phonogram ဆိုသည့်စကားရပ်ကို ပယ်ဖျက်၍ ယင်းဥပဒေကြမ်းရှိ Phonogram ဆိုသည့် စကားရပ်ကို အသီးသီး ပယ်ဖျက်ပါသည်။

( ဎ) အပိုဒ် ၂ အပိုဒ်ခွဲ(ထ) နှင့်(ဒ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ထ) ထုတ်လုပ်သူဆိုသည်မှာ အရုပ်အသံ လက်ရာကိုဖြစ်စေ၊ ရုပ်ရှင်ဖန်တီးမှု လက်ရာကိုဖြစ်စေပြုလုပ်သည့် သို့မဟုတ် ဖိုနိုဂရမ်ကို ပထမအကြိမ် အသံထည့်သွင်းသည့် သို့မဟုတ် ပထမအကြိမ် အသံထည့်သွင်းရန် ဦးဆောင် ပြုလုပ်သည့် လူပုဂ္ဂိုလ်ကိုသော်လည်းကောင်း၊ တရားဝင် တည်ထောင်ထား သော အဖွဲ့အစည်းကို သော်လည်းကောင်း ဆိုသည်။

(ဒ) လက်ရာများကို စုပေါင်းခြင်းဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာ လက်ရာများကို ရွေးချယ်ခြင်းနှင့် စီစဉ်ခြင်းဖြင့် စုပေါင်းခြင်းဖြစ်ပြီး ထိုသို့ ဆောင်ရွက်ရာတွင် ဖန်တီးမှုပါရှိသည့် စုပေါင်းခြင်းကို ဆိုသည်။

(ဏ) အပိုဒ် ၂ အပိုဒ်ခွဲ(န) ရှိ ရုပ်ပုံများ၏ လက်ရာကိုဆိုသည့်စကားရပ်ကို ရုပ်ပုံများ ပါဝင်သည့် လက်ရာကို ဟု ပြင်ဆင်ပါသည်။

မူကြမ်း

(တ) အပိုဒ် ၂ အပိုဒ်ခွဲ(ဖ) ရှိ အနုပညာ ဖန်တီးမှုကို ဆိုသည်ဆိုသည့်စကားရပ်ကို အနုပညာ ဖန်တီးမှုလက်ရာကို ဆိုသည် ဟု ပြင်ဆင်ပါသည်။

(ထ) အပိုဒ် ၂ အပိုဒ်ခွဲ(ရ) အပိုဒ်ခွဲငယ်(၄) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ရ)(၄) ထိတွေ့ကိုင်တွယ်၍ရသော ဖော်ပြချက်များ အနုပညာအရ သီးခြားဖန်တီး ထုတ်လုပ်ခြင်းများဖြစ်ကြသော ရေးဆွဲခြင်း၊ အလှဆင်ပြုလုပ်ထားသည့် ပုံစံလက်ရာ၊ ခန္ဓာကိုယ်ပေါ်တွင် ဆေးခြယ်ခြင်းအပါအဝင် ဆေးခြယ်ခြင်း၊ ပန်းပုထုခြင်း၊ ထုဆစ်သွန်းလုပ်ခြင်း၊ အိုးထိန်းအတတ်ပညာဖြင့် ပြုလုပ် သည့်လက်ရာ၊ ကြွေထည်၊ မြေထည်၊ ရောင်စုံဖန်မှန် သို့မဟုတ် ကျောက်မျက်ရတနာ စသည်တို့ဖြင့် စီခြယ်ခြင်း၊ သစ်သားဖြင့် ပြုလုပ်သည့် လက်ရာ၊ သတ္တုထည်၊ လက်ဝတ်ရတနာ၊ ကျောက်ပုံနှိပ်ခြင်း၊ ရက်လုပ်ခြင်း ပြုထားသည့် လက်ရာ၊ ဇာထိုးပန်းထိုးအတတ်ဖြင့် ပြုလုပ်သည့်လက်ရာ၊ အဝတ်အထည်များ၊ ဖန်ထည်များ၊ ကော်ဇောများ၊ ရှေးခေတ်ဝတ်စုံများ၊ လက်မှုပစ္စည်းများ၊ တူရိယာပစ္စည်းများနှင့် ဗိသုကာပုံစံများ၊ ရိုးရာအမွေ အနှစ် လက်ရေးစာများဖြစ်သော ပေစာ၊ ပုရပိုက်စာ၊ ကျောက်စာ၊ အုတ်ခွက်စာ၊ ခေါင်းလောင်းစာ၊ နံရံဆေးရေးမင်စာများ။

(ဒ) အပိုဒ် ၂ အပိုဒ်ခွဲ(လ) ရှိ သီးသန့်လုပ်ငန်း တစ်ရပ်ကိုဆိုသည့်စကားရပ်ကို သီးသန့် လုပ်ငန်းတစ်ရပ်ရပ်ကို ဟု ပြင်ဆင်ပါသည်။

(ဓ) အပိုဒ် ၂ အပိုဒ်ခွဲ(သ) ရှိ ပုံမှန် ဆောင်ရွက်ရာတွင် စီမံပြုလုပ်ထားသော နည်းပညာ၊ စက်ပစ္စည်းကိရိယာ သို့မဟုတ် ယင်း၏ဆိုသည့်စကားရပ်ကို ပုံမှန်အားဖြင့် စီမံ ပြုလုပ်ထားသော နည်းပညာ၊ စက်ပစ္စည်းကိရိယာ သို့မဟုတ် ၎င်း၏ဟု ပြင်ဆင် ပါသည်။

(န) အပိုဒ် ၂ အပိုဒ်ခွဲ(ဠ) ရှိ ဆက်သွယ်ရေး နည်းလမ်းတစ်ရပ်ရပ်ဖြင့်ဆိုသည့် စကားရပ် ရှေ့တွင် အင်တာနက်ဖြင့်ဖြစ်စေ၊ ဆိုသည့်စကားရပ်ကို ဖြည့်စွက်ပါသည်။

(ပ) အပိုဒ် ၂ အပိုဒ်ခွဲ(အ) ရှိ တင်သွင်းခြင်းနှင့် အများ ပြည်သူသို့ဆိုသည့် စကားရပ်ကို တင်သွင်းခြင်း၊ အင်တာနက်ပေါ်တွင် လွှင့်တင်ခြင်းနှင့် အများပြည်သူသို့ဟု ပြင်ဆင်ပါသည်။

(ဖ) အပိုဒ် ၂ အပိုဒ်ခွဲ(ကက) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ကက) ထုတ်ဝေသည့်လက်ရာဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာ ဖြစ်ပါက စာပေနှင့်အနု ပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် မူလလက်ရာရှင် ၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ အရုပ် အသံလက်ရာ၊ ရုပ်ရှင် ဖန်တီးမှုလက်ရာ သို့မဟုတ် ဖိုနိုဂရမ်ဖြစ်ပါက ထုတ်လုပ်သူ၏ သဘော

တူညီချက်ဖြင့်လည်းကောင်း မိတ္တူပွား၍ ထုတ်ဝေရန်အတွက် ဆောင်ရွက်သည့် လက်ရာကိုဆိုသည်။

( ဗ) အပိုဒ် ၂ အပိုဒ်ခွဲ(ခခ) အပိုဒ်ခွဲငယ်(၂)နှင့် (၃)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခခ)(၂) အမြင်အာရုံ၊ အသိဉာဏ်စွမ်းရည် သို့မဟုတ် ဖတ်နိုင်စွမ်းရည် ရှိသူများနှင့် တန်းတူ မြင်နိုင်စွမ်းရည် တိုးတက်လာခြင်း မရှိသော ကြောင့် ပုံနှိပ်စာလုံးများကို ဖတ်နိုင်ခြင်းမရှိသည့် ပုဂ္ဂိုလ်၊

(၃) ကိုယ်ခန္ဓာ မသန်စွမ်းမှုကြောင့် စာအုပ်ကို ဆုပ်ကိုင်နိုင်ခြင်း သို့မဟုတ် စာဖတ်ရန် ပုံမှန်လက်ခံနိုင်သော အကွာအဝေးအတွင်း မျက်လုံးကို စူးစိုက်ခြင်း သို့မဟုတ် ရွေ့လျားခြင်း မပြုနိုင်သောပုဂ္ဂိုလ်။

(ဘ) အပိုဒ် ၂ အပိုဒ်ခွဲ(ဂဂ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂဂ) တာဝန်ရှိ အဖွဲ့အစည်း ဆိုသည်မှာ အမြင်အာရုံ ချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များ အသုံးပြုနိုင်ရန် လိုက်လျောညီထွေဖြစ် အောင် ပြုပြင်ထားသော စာအုပ်စာပေများ သို့မဟုတ် သတင်းအချက်အလက်များ၊ ပညာပေးခြင်း၊ လေ့ကျင့်သင်ကြားခြင်းတို့ကို အကျိုးအမြတ်အတွက် မရည်ရွယ်ဘဲထောက်ပံ့ပေးရန် ဗဟိုကော်မတီက ခွင့်ပြုထားသည့် အဖွဲ့အစည်းကိုဆိုသည်။

( မ) အပိုဒ် ၂ အပိုဒ်ခွဲ(ဃဃ)ရှိ ဤဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရေးအား ဆောင်ရွက်နိုင်ရန် ဆိုသည့်စကားရပ်ကို ဤဥပဒေနှင့်အညီ အကာအကွယ် ပေးနိုင်ရန်ဟု ပြင်ဆင်ပါသည်။

(ယ) အခန်း(၃) အပိုဒ် ၄ အပိုဒ်ခွဲ(က) ခေါင်းစဉ်နှင့် အပိုဒ်ခွဲငယ်(၁)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ဒုတိယသမ္မတ ဥက္ကဋ္ဌ

( ရ) အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄) နှင့် (၅)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က)(၄) အခြားသင့်လျော်သည့် ဝန်ကြီးဌာနများမှ ဒုတိယ ဝန်ကြီးများ သို့မဟုတ် ညွှန်ကြား အဖွဲ့ဝင်

ရေးမှူးချုပ်များ

(၅) လေးဦးထက် မပိုသော မူပိုင်ခွင့်ဆိုင်ရာ အဖွဲ့ဝင် ပညာရှင်များ

(လ) အပိုဒ် ၅ အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် မူပိုင်ခွင့်ဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များချမှတ်ခြင်း၊

( ဝ) အပိုဒ် ၅ အပိုဒ်ခွဲ(င)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကောင်းစွာကျင့်သုံးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(သ) အပိုဒ် ၅ အပိုဒ်ခွဲ(ဆ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဆ) အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များအတွက် တာဝန်ရှိအဖွဲ့အစည်းဖွဲ့စည်းရန် လျှောက်ထားလာမှုကို စိစစ်ခွင့်ပြုပေးခြင်း၊

(ဟ) အခန်း(၄) ခေါင်းစဉ်ကို မူပိုင်ခွင့်ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များဟု ပြင်ဆင်ပါသည်။

( ဠ) အပိုဒ် ၆ အပိုဒ်ခွဲ(က)ရှိ မူပိုင်ခွင့်နှင့် နည်းပညာဆိုင်ရာ ဆိုသည့်စကားရပ်ကို မူပိုင်ခွင့်ဆိုင်ရာဟု ပြင်ဆင်ပါသည်။

(အ) အပိုဒ် ၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃) ကို အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(က)(၃) ရှစ်ဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာ အဖွဲ့ဝင် ပညာရှင်များ

( - ) အပိုဒ် ၈ ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၈။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

( - ) အပိုဒ် ၈ အပိုဒ်ခွဲ(စ) နှင့် (ဆ)တို့ရှိ အရေးယူဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ဆိုသည့် စကားရပ်ကို အရေးယူဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏သဘော တူညီချက်ဖြင့် လိုအပ်သောဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၈ အပိုဒ်ခွဲ(ဈ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဈ) ဤဥပဒေနှင့်အညီ ကောက်ခံရမည့် အခကြေးငွေများကို ဗဟိုကော်မတီ မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

( - ) အပိုဒ် ၈ အပိုဒ်ခွဲ(ဌ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဌ) စာပေနှင့်အနုပညာ မူပိုင်ခွင့်ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို ဗဟိုကော်မတီသို့ တင်ပြခြင်း၊

( - ) အခန်း(၅) အပိုဒ် ၉ ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၉။ ဦးစီးဌာန၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

( - ) အပိုဒ် ၉ အပိုဒ်ခွဲ(ဂ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဖွဲ့စည်းထူထောင်ထားသည့် ဌာနခွဲများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊

( - ) အခန်း(၆) ခေါင်းစဉ်ကို မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၆) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၀ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၁၁ အပိုဒ်ခွဲ(က) (ခ) (ဂ) နှင့် (ဃ) တို့ကို အပိုဒ် ၁၀ အပိုဒ်ခွဲ(က) (ခ) (ဂ) နှင့် (ဃ)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၀။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စာပေနှင့် အနုပညာမူပိုင်ခွင့်နှင့် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်ခြင်း လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) စာပေနှင့်အနုပညာမူပိုင်ခွင့်နှင့် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်ရန် လျှောက်ထားချက်များကို စစ်ဆေးခြင်း၊

(ဂ) စာပေနှင့်အနုပညာမူပိုင်ခွင့်နှင့် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သူများကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်း အထောက်အထားများ တောင်းခံခြင်း၊

(ဃ) စာပေနှင့် အနုပညာမူပိုင်ခွင့်နှင့် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်ခြင်းကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊

( - ) အပိုဒ် ၁၂ အပိုဒ်(က) အပိုဒ်ခွဲငယ်(၁)ကို အပိုဒ် ၁၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) (၁) ထုတ်ဝေသည်ဖြစ်စေ မထုတ်ဝေသည်ဖြစ်စေ နိုင်ငံသားဖြစ်သူ သို့မဟုတ် နိုင်ငံတော်တွင် အခြေစိုက်နေထိုင်သူ၏ မူလလက်ရာဖြစ်ခြင်း၊

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂) နှင့် (၃)တို့ကို အပိုဒ် ၁၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)နှင့်(၃) တို့အဖြစ်ပြင်ဆင်ပြီး အပိုဒ်ခွဲငယ်(၂)ရှိ နိုင်ငံတော်တွင်

အခြေပြုနေထိုင်သူ မဟုတ်စေကာမူ ဆိုသည့်စကားရပ်ကို နိုင်ငံတော်တွင် အခြေစိုက်နေထိုင်သူ မဟုတ်စေကာမူ ဟုလည်းကောင်း၊ အပိုဒ်ခွဲငယ်(၃)ရှိ နိုင်ငံတော်၌ ရုံးစိုက်သော သို့မဟုတ် အခြေပြုနေထိုင်သောဆိုသည့်စကားရပ်ကို နိုင်ငံတော်တွင် ရုံးစိုက်သော သို့မဟုတ် အခြေစိုက်နေထိုင်သော ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၂ အပိုဒ်(က) အပိုဒ်ခွဲငယ်(၄)ကို အပိုဒ် ၁၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲငယ်ရှိ နိုင်ငံတော်တွင် တည်ရှိသောအဆောက်အအုံ ဆိုသည့်စကားရပ်ကို နိုင်ငံတော်တွင် တည်ရှိသော အဆောက်အဦတစ်ခုဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၂ အပိုဒ်(ခ) အပိုဒ်ခွဲငယ်(၁) နှင့် အပိုဒ်ခွဲငယ်(၂) ခြေဆင်းတို့ကို အပိုဒ် ၁၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)နှင့် အပိုဒ်ခွဲငယ်(၂) ခြေဆင်းတို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ဖျော်ဖြေသူသည် -

(၁) နိုင်ငံသားဖြစ်ခြင်း သို့မဟုတ် နိုင်ငံတော်တွင် အခြေစိုက်နေထိုင်သူဖြစ်ခြင်း၊

(၂) နိုင်ငံသား သို့မဟုတ် နိုင်ငံတော်တွင် အခြေစိုက်နေထိုင်သူမဟုတ်စေကာမူ

( - ) အပိုဒ် ၁၂ အပိုဒ်(ခ) အပိုဒ်ခွဲငယ်(၂) အပိုဒ်ခွဲငယ်စိတ်(ခခ) ကို အပိုဒ် ၁၁ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂) အပိုဒ်ခွဲငယ်စိတ်(ခခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲငယ်စိတ်ရှိ ဤဥပဒေအရ အကာအကွယ်ပေးရန်အတွက် ဆိုသည့်စကားရပ်ကို ဤဥပဒေအရ အကာအကွယ်ပေးရန် ဟု ပြင်ဆင် ပါသည်။

( - ) အပိုဒ် ၁၂ အပိုဒ်(ဂ) ခြေဆင်းကို အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ) ခြေဆင်းအဖြစ်ပြင်ဆင်ပြီး ယင်းခြေဆင်းကို ဖိုနိုဂရမ်သည်- ဟုလည်းကောင်း၊ အပိုဒ်ခွဲငယ်(၃)ရှိ နိုင်ငံတော်တွင် အခြေပြု နေထိုင်သူ ဆိုသည့်စကားရပ်ကို နိုင်ငံတော်တွင် အခြေစိုက် နေထိုင်သူဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဃ) ခြေဆင်းကို အပိုဒ် ၁၁ အပိုဒ်ခွဲ(ဃ) အဖြစ်ပြင်ဆင်ပြီး ယင်းခြေဆင်းကို ထုတ်လွှင့်ခြင်းသည် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၂ အပိုဒ်(င)ကို အပိုဒ် ၁၁ အပိုဒ်ခွဲ(င) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ သို့မဟုတ် အဖွဲ့ဝင်ဖြစ်လာမည့် ဆိုသည့်စကားရပ်ကို ပယ်ဖျက်၍ သဘောတူညီချက်များနှင့်အညီ အကာအကွယ်ပေးရန်အတွက် ဆိုသည့်စကားရပ်ကို သဘောတူညီချက်များနှင့်အညီ အကာအကွယ်ပေးရန်ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၈) အပိုဒ် ၁၃ ခြေဆင်းကို အပိုဒ် ၁၂ ခြေဆင်းအဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၂။ မူလဖန်တီးမှုများဖြစ်သည့် စာပေ သို့မဟုတ် အနုပညာလက်ရာများကို အကာအကွယ်ပေးရမည်။ အဆိုပါလက်ရာများတွင် အောက်ဖော်ပြပါလက်ရာများ ပါဝင်သည်-

( - ) အပိုဒ် ၁၄ ကို အပိုဒ် ၁၃ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၁၃ ပါဆိုသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၁၅ ခြေဆင်းကို အပိုဒ် ၁၄ ခြေဆင်းအဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၄။ စာပေ သို့မဟုတ် အနုပညာလက်ရာများ၏ မူပိုင်ခွင့်ကိုမထိခိုက်စေဘဲ အောက်ဖော်ပြပါ ဆင့်ပွားလက်ရာများကို အကာအကွယ်ပေးရမည် -

( - ) အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ခ) ရိုးရာဓလေ့ အမွေအနှစ်များကို စုပေါင်းခြင်းအပါအဝင် စာပေ သို့မဟုတ် အနုပညာလက်ရာများကို စုပေါင်းခြင်း၊

( - ) အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၄ အပိုဒ်ခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) ရွေးချယ်ခြင်း သို့မဟုတ် စီစဉ်ခြင်းဖြင့် အချက်အလက်များကိုဖတ်၍ ရသည့် စက်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ စုပေါင်းခြင်းဖြစ်ပြီး ထိုသို့ စုပေါင်းရာတွင် ဖန်တီးမှုပါရှိခြင်း၊

ခြွင်းချက်။ ။ ပုဒ်မခွဲ(ခ) နှင့်(ဂ) တို့ပါ အကာအကွယ်ပေးရာတွင် စုပေါင်းရာ၌ ပါဝင်သည့် အချက်အလက်များနှင့် မသက်ဆိုင်စေရ။

( - ) အပိုဒ် ၁၆ ခြေဆင်းကို အပိုဒ် ၁၅ ခြေဆင်းအဖြစ်ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ ပုဒ်မ ၁၃၊ ၁၄ နှင့် ၁၅ တို့တွင် ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၃၊ ၁၄ နှင့် ၁၅ တို့တွင်ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဃ) (င) နှင့်(စ) တို့ကို အပိုဒ် ၁၅ အပိုဒ်ခွဲ(ဃ) (င) နှင့်(စ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဦးစီးဌာနများမှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ၊

(င) တရားရုံးစီရင်ချက်များနှင့် အမိန့်များ၊

(စ) ပုဒ်မခွဲ(ဂ) မှ (င)ပါ အချက်အလက်များအား အစိုးရမှတရားဝင် ဘာသာပြန်ဆိုခြင်းနှင့် စုပေါင်းခြင်း။

( - ) အခန်း(၉) အပိုဒ် ၁၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁) နှင့် (၂) တို့ကို အပိုဒ် ၁၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁) နှင့် (၂)တို့အဖြစ်ပြင်ဆင်ပြီး အပိုဒ်ခွဲငယ်များရှိ ကွယ်လွန်ပြီးသည့် နေ့ရက်မှ နှစ် ၅၀ဆိုသည့်စကားရပ်ကို ကွယ်လွန်ပြီးသည့်နှစ်မှ နှစ် ၅၀ ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃) (၄) (၅) နှင့် (၆) တို့ကို အပိုဒ် ၁၆ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ်(၃) (၄) (၅) နှင့် (၆) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က)(၃) အရုပ်အသံလက်ရာ သို့မဟုတ် ရုပ်ရှင်ဖန်တီးမှုလက်ရာဖြစ်ပါက မူလလက်ရာရှင်၏ ခွင့်ပြုချက်ဖြင့် အများပြည်သူ ရရှိခံစားနိုင်စေရန် ဆောင်ရွက်ပြီးသည့် နှစ်မှ နှစ် ၅၀ သို့မဟုတ် ထိုသို့ဆောင်ရွက်ခဲ့ခြင်း မရှိပါက လက်ရာကို ပြုလုပ်ပြီးသည့် နှစ်မှ နှစ် ၅၀၊

(၄) အမည်မဖော်ပြဘဲဖြစ်စေ၊ အမည်ဝှက်၊ အမည်ပွားဖြင့်ဖြစ်စေထုတ်ဝေပြီး ဖြစ်သည့် စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါက အများပြည်သူ ရရှိခံစားနိုင်ရန် တရားဝင် စတင်ဆောင်ရွက်ပြီးသည့် နှစ်မှ နှစ် ၅၀ သို့ရာတွင် အဆိုပါသက်တမ်းမကုန်ဆုံးမီ မူလလက်ရာရှင်သည် မည်သူမည်ဝါဖြစ်ကြောင်း ပေါ်ပေါက်လာပါက ပုဒ်မခွဲငယ်(၁) နှင့်(၂) တို့တွင် ဖော်ပြသည့်ကာလ၊

(၅) ပုဒ်မ ၁၅ ပါ အကာအကွယ်မရရှိသည့် ကိစ္စရပ်များမှအပ အစိုးရဌာန၊ အဖွဲ့အစည်း၏ စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါက ယင်းအစိုးရ ဌာန၊ အဖွဲ့အစည်းသည် ပထမမူပိုင်ခွင့်ပိုင်ရှင်အဖြစ် စာပေ သို့မဟုတ် အနုပညာလက်ရာကို ဖန်တီးပြုလုပ်ထားခြင်း၊ အများပြည်သူ ရရှိခံစားနိုင် ရန် တရားဝင်စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ပထမအကြိမ် ထုတ်ဝေ ခြင်း တစ်ရပ်ရပ်အနက် နောက်ကျရာနှစ်မှ နှစ် ၅၀၊

(၆) အသုံးချအနုပညာလက်ရာဖြစ်ပါက ယင်းလက်ရာပြုလုပ်ပြီးသည့် နှစ်မှ ၂၅ နှစ်၊

( - ) အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၆ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

(ခ)(၁) ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးအတွက် အကာအကွယ်ပေးမှု သက်တမ်းနှင့်စပ်လျဉ်း၍ မူလလက်ရာရှင်အဖြစ် ဖော်ပြခွင့် အခွင့်

အရေးသည် မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ကွယ်လွန်ပြီးသည်မှ အကန့်အသတ်မရှိ ကာလအထိဖြစ်သည်။

( - ) ၁၆ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ခ)(၂) သို့ရာတွင် မူလလက်ရာရှင်၏ ဂုဏ်သိက္ခာနှင့် ထင်ရှားကျော်ကြားမှုကို ထိခိုက်စေရန် တစ်နည်းနည်းဖြင့် လက်ရာကို ချို့ယွင်းစေခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပျက်စေခြင်းကိုသော် လည်းကောင်း၊ ယုတ် လျော့သေး သိမ်စေရန် အခြားတစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းကို သော်လည်းကောင်း ကန့်ကွက်ပိုင်ခွင့် အခွင့်အရေးသည် မူလလက်ရာရှင်၏ စီးပွားရေးဆိုင်ရာ အခွင့်အရေးများ ကုန်ဆုံးသည် အထိ ဖြစ်သည်။

( - ) အပိုဒ် ၁၇ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၁၆ အပိုဒ်ခွဲ(ဂ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) ပုဒ်မခွဲ(က)ပါ အကာအကွယ်ပေးမည့် သက်တမ်းအား ရေတွက်ရာတွင် မူလလက်ရာရှင် ကွယ်လွန်သည့် နှစ် သို့မဟုတ် လက်ရာကို ဖန်တီးပြုလုပ်ထားခြင်း၊ အများပြည်သူရရှိခံစားနိုင်ရန် တရားဝင်စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ပထမအကြိမ် ထုတ်ဝေခြင်းတို့ကို ပြုလုပ်သည့်နှစ်နှင့် တစ်ဆက်တည်းနှစ်၏ ဇန်နဝါရီလ (၁) ရက်နေ့မှ စတင်ရေတွက်ရမည်။

( - ) အခန်း(၁၀) အပိုဒ် ၁၈ ခြေဆင်းကို အပိုဒ် ၁၇ ခြေဆင်းအဖြစ်ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ ဤဥပဒေ၏ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၁၈ အပိုဒ်ခွဲ(ဂ) ခြွင်းချက်ကို အပိုဒ် ၁၇ အပိုဒ်ခွဲ(ဂ) ခြွင်းချက်အဖြစ် ပြင်ဆင်ပြီး ယင်းခြွင်းချက်ရှိ ၎င်း၏ ခွင့်ပြုချက်ဖြင့်ဆိုသည့် စကားရပ်ကို ယင်း၏ ခွင့်ပြုချက်ဖြင့်ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၇ အပိုဒ်ခွဲ(ဇ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဇ) မိမိဖန်တီးထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာများကို စုပေါင်းခြင်း။

( - ) အပိုဒ် ၂၀ ကို အပိုဒ် ၁၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၉။ မူလလက်ရာရှင်သည် စာပေ သို့မဟုတ် အနုပညာလက်ရာနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၇ ပါ အခွင့်အရေးများကို ပိုင်ဆိုင်ခြင်းမရှိစေကာမူ အောက်ဖော်ပြပါ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးများကို ရရှိစေရမည် -

(က) မူလလက်ရာရှင်ဖြစ်ကြောင်း တောင်းဆိုနိုင်သည့် အခွင့်အရေးနှင့် အများပြည်သူ အသုံးပြုသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ မိတ္တူများပေါ်တွင် မူလလက်ရာရှင်အဖြစ် မိမိ၏အမည်ကို ဖော်ပြခွင့်၊

(ခ) အများပြည်သူရရှိခံစားနိုင်ရန် တရားဝင်ပြုလုပ်ထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ မိတ္တူများပေါ်တွင် မူလက အမည်ဝှက်၊ အမည်ပွားဖြင့် ဖော်ပြထားပြီးဖြစ်လျှင် ယင်းအမည်ဝှက်၊ အမည်ပွား ဖော်ပြခွင့်၊

(ဂ) စာပေ သို့မဟုတ် အနုပညာလက်ရာနှင့်စပ်လျဉ်း၍ မိမိ၏ဂုဏ်သိက္ခာ နှင့်ထင်ရှားကျော်ကြားမှုကိုထိခိုက်စေရန် တစ်နည်းနည်းဖြင့် လက်ရာ ကို ချို့ယွင်းစေခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပျက်စေခြင်းကိုသော်လည်း ကောင်း၊ ယုတ်လျော့သေးသိမ်စေရန် အခြားတစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းကိုသော်လည်းကောင်း ကန့်ကွက်ပိုင်ခွင့်။

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂၁ အပိုဒ်ခွဲ(က)ကို ပယ်ဖျက် ပါသည်။

( - ) အပိုဒ် ၂၁ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၂၀ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(က) ကွယ်လွန်ပြီးဖြစ်ပါက သေတမ်းစာဖြင့် တရားဝင်အမွေဆက်ခံသူကဖြစ်စေ၊ မူလလက်ရာရှင်နှင့် သက်ဆိုင်သည့် ဥပဒေအရအမွေဆက်ခံသူကဖြစ်စေ၊ ယင်းမကွယ်လွန်မီက ဥပဒေအရ လွှဲအပ်ခြင်းခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထား အဖွဲ့အစည်းက ဖြစ်စေ ပုဒ်မ ၁၉ ပါ ကိုယ်ကျင့် သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးတစ်ရပ်ရပ်ကို ဆက်ခံပိုင်ခွင့်ရှိသည်။

( - ) အခန်း(၁၁) အပိုဒ် ၂၂ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂)ကို အပိုဒ် ၂၁ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ)(၂) အရုပ်အသံလက်ရာ သို့မဟုတ် ရုပ်ရှင်ဖန်တီးမှုလက်ရာကို ပြုလုပ်သည့် မူလလက်ရာရှင်၏ စီးပွားရေးဆိုင်ရာ အခွင့်အရေးများသည် အဆိုပါ အရုပ်အသံလက်ရာ သို့မဟုတ် ရုပ်ရှင်ဖန်တီးမှု လက်ရာကို ပြုလုပ်ရာတွင် မှီငြမ်းထားသော စာပေ သို့မဟုတ် အနုပညာလက်ရာကို ဖန်တီးခဲ့သည့် မူလလက်ရာရှင်၏ စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို ထိခိုက်စေခြင်း မရှိစေရ။

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂၂ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၃)ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၂၂ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၂၁ အပိုဒ်ခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(ဂ) လက်ရာများကို စုပေါင်းခြင်းနှင့်စပ်လျဉ်း၍ အခြားနည်းဖြင့် သဘောတူညီချက်မရှိလျှင် စာပေ သို့မဟုတ် အနုပညာလက်ရာကို စုပေါင်းရာတွင် ဦးစီးဦးဆောင်ပြုသည့် လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းသည် စီးပွားရေးဆိုင်ရာအခွင့်အရေး၏ မူလပိုင်ရှင်ဖြစ်ရမည်။

( - ) အပိုဒ် ၂၂ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၂) ကို အပိုဒ်၂၁ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၂) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ)(၂) ဓာတ်ပုံဆရာသည် အခြားတစ်စုံတစ် ယောက်၏စာဖြင့်ရေးသားထားသော သီးခြားသဘောတူညီချက်ဖြင့် အဖိုးအခယူ၍ ဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါသဘောတူညီချက်နှင့် ဆန့်ကျင်ကွဲလွဲမှုမရှိခဲ့လျှင် ဓာတ်ပုံလက်ရာကို ဖန်တီးရန်စေခိုင်းသူသည် စီးပွားရေးဆိုင်ရာ အခွင့်အရေးများ၏ မူလပိုင်ရှင်ဖြစ်ရမည်။

( - ) အခန်း(၁၂) အပိုဒ် ၂၄ ခေါင်းစဉ်ကို အပိုဒ် ၂၃ ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၃။ ပုဒ်မ ၁၇ ပုဒ်မခွဲ(က) တွင် မည်သို့ပင်ပါရှိစေကာမူ ပုဂ္ဂိုလ်တစ်ဦးသည် မိမိကိုယ်တိုင် အသုံးပြုရေးအတွက် ထုတ်ဝေပြီးသော စာပေ သို့မဟုတ် အနုပညာလက်ရာ၏ တစ်စိတ်တစ်ဒေကို အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်ရယူရန်မလိုဘဲ မူပွားခြင်းပြုနိုင်သည်။ ထိုသို့မူပွားခြင်းပြုရာတွင် သင့်လျော်မျှတသည့် အသုံးပြုမှုနှင့် ကိုက်ညီရမည့်ပြင် စာပေ သို့မဟုတ် အနုပညာလက်ရာကို သာမန်အသုံးပြုမှုနှင့် မဆန့်ကျင်စေမည့် သို့မဟုတ် အခွင့်အရေးရရှိသူတစ်ဦးဦး၏ တရားဝင်အကျိုးခံစားခွင့်ကို မလျော်ကန်သောနည်းဖြင့် ထိခိုက်ခြင်းမရှိသည့် မူပွားခြင်းဖြစ်ရမည်။ သို့ရာတွင် ဤကင်းလွတ်ချက်သည် အောက်ပါအချက် တစ်ရပ်ရပ်နှင့်သက်ဆိုင်ခြင်း မရှိစေရ -

( - ) အပိုဒ် ၂၄ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၂၃ အပိုဒ်ခွဲ(ဃ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၃၀ တွင် ဆိုသည့်စကားရပ်ကို ပုဒ်မ ၂၉ တွင် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၅ ခေါင်းစဉ်ကို အပိုဒ် ၂၄ ခေါင်းစဉ်အဖြစ် ပြင်ဆင်ပြီး ယင်းခေါင်းစဉ်ရှိ ပုဒ်မ ၁၈ ပုဒ်မခွဲ(က)တွင် ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၇ ပုဒ်မခွဲ(က)တွင် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၆ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၅ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ပုဒ်မ ၁၇ ပုဒ်မခွဲ(က) တွင် မည်သို့ပင်ပါရှိစေကာမူ ဥပဒေနှင့်အညီ အများပြည်သူရရှိခံစားနိုင်ရန် ထုတ်ဝေထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ၏ တစ်စိတ်တစ်ဒေသကို ကိုးကားသည့်အနေဖြင့် အခွင့်အရေးရရှိသူ၏ခွင့်ပြုချက် ရယူရန်မလိုဘဲ မူပွားခြင်းပြုနိုင်သည်။

( - ) အပိုဒ် ၂၇ ခေါင်းစဉ်နှင့် အပိုဒ်ခွဲ(က)တို့ကို အပိုဒ် ၂၆ ခေါင်းစဉ်နှင့် အပိုဒ်ခွဲ(က) တို့အဖြစ်ပြင်ဆင်ပြီး ခေါင်းစဉ်ရှိ ပုဒ်မ ၁၈ ပုဒ်မခွဲ(က)တွင် ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၇ ပုဒ်မခွဲ(က)တွင် ဟုလည်းကောင်း၊ အပိုဒ်ခွဲ(က)ရှိ ပညာသင်ကြားရန် ရည်ရွယ်ချက်အတွက် စာအရေးအသား၊ အသံ သို့မဟုတ် မြင်နိုင်သည့်မှတ်တမ်းဖြင့် မူပွားခြင်း၊ ဆိုသည့်စကားရပ်ကို ပညာသင်ကြားရန် ရည်ရွယ်ချက်အတွက် မူပွားခြင်း၊ ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂၇ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၂၇ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၂၆ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ပညာရေးဆိုင်ရာ အဖွဲ့အစည်းများက သင်ကြားပို့ချရာတွင် အသုံးပြုမည့် ပုံနှိပ်ထားသောသင်ရိုးများနှင့် အီလက်ထရောနစ် နည်းစနစ်ဖြင့် ပြုလုပ်ထားသော သင်ရိုးများတွင် ပုဒ်မခွဲ(က)အရ ပြုလုပ်ထားသော မိတ္တူများကို ထည့်သွင်းခြင်း။ (ထိုသို့အီလက်ထရောနစ်နည်းစနစ်ဖြင့် ပြုလုပ်ထားသော သင်ရိုးများကို အသုံးပြုခွင့်ရှိသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများမှသာ သုံးစွဲနိုင်သည့် လုံခြုံစိတ်ချရသော ကွန်ရက်တွင် ထားရှိရမည်။)

( - ) အပိုဒ် ၂၇ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၂၆ အပိုဒ်ခွဲ(ဂ)အဖြစ် ၎င်းတို့ကိုယ်ပိုင်အသုံးပြုရန် အတွက်လည်းကောင်း၊ ဆိုသည့်စကားရပ်ကို ယင်းတို့ ကိုယ်ပိုင်အသုံးပြုရန်အတွက် လည်းကောင်း၊ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၈ ခေါင်းစဉ်ကို အပိုဒ် ၂၇ ခေါင်းစဉ်အဖြစ် ပြင်ဆင်ပြီး ယင်းခေါင်းစဉ်ရှိ ပုဒ်မ ၁၈ ပုဒ်မခွဲ(က)တွင် ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၇ ပုဒ်မခွဲ(က)တွင် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၈ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၂၇ အပိုဒ်ခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ)စာကြည့်တိုက်များသည် စာတိုက်၊ ဖက်စ် သို့မဟုတ် လုံခြုံစိတ်ချရသော အီလက်ထရောနစ်နည်းဖြင့် ၎င်းတို့တွင်ရှိသည့်လက်ရာ၏ မိတ္တူကို အချင်းချင်း အပြန်အလှန်ထောက်ပံ့ပေးနိုင်သည်။ သို့ရာတွင် စာပေ သို့မဟုတ်

အနုပညာလက်ရာ၏ အီလက်ထရောနစ်ဖိုင် မိတ္တူကို စာရွက်မိတ္တူအဖြစ် ထုတ်ယူပြီးနောက် ယင်းအီလက်ထရောနစ်ဖိုင် မိတ္တူအား ချက်ချင်းဖျက်ပစ်ရမည်။ ထို့ပြင်လက်ခံရရှိသော စာကြည့်တိုက်သည် ယင်းစာကြည့်တိုက် အသုံးပြုသူအား စာရွက်မိတ္တူကို ထောက်ပံ့ပေးနိုင်သည်။ ယင်းကဲ့သို့ မူပွားမိတ္တူထုတ်လုပ်ခြင်းနှင့် ထောက်ပံ့ပေးသည့်လုပ်ငန်းစဉ်ကို ထပ်တလဲလဲ လုပ်ဆောင်ခြင်းမပြုရ။

( - ) အပိုဒ် ၂၈ အပိုဒ်ခွဲ(စ) ကို အပိုဒ် ၂၇ အပိုဒ်ခွဲ(စ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အများပြည်သူတို့အား သတင်းအချက်အလက်ပေးရန်အတွက် ဆိုသည့်စကားရပ်ကို အများပြည်သူတို့အား သတင်းအချက်အလက်ပေးရန် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၉ ခေါင်းစဉ်ကို အပိုဒ် ၂၈ ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

၂၈။ ပုဒ်မ ၁၇ ပုဒ်မခွဲ(က)၊ (စ) နှင့် (ဆ)တို့တွင် မည်သို့ပင်ပါရှိစေကာမူ စာပေ သို့မဟုတ် အနုပညာလက်ရာ၏ အထောက်အထားနှင့် မူလလက်ရာရှင်၏ အမည်ပါရှိလျှင် ယင်း၏ အမည်ကိုပါ ရည်ညွှန်းဖော်ပြပါက အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်ရယူရန်မလိုဘဲ အောက်ပါတို့ကို ပြုလုပ်နိုင်သည် -

( - ) အပိုဒ် ၂၉ အပိုဒ်ခွဲ(က) ခြွင်းချက်ကို အပိုဒ် ၂၈ အပိုဒ်ခွဲ(က) ခြွင်းချက်အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

ခြွင်းချက်။ ဤသို့ ပြုလုပ်ပိုင်ခွင့်သည် မူပွားခြင်းအတွက်သော်လည်းကောင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် အခြားနည်းဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း အတွက်သော်လည်းကောင်း အတိအလင်းတားမြစ်ထားပါက ထိုသို့မူပွားခြင်းမပြုရ။

( - ) အပိုဒ် ၃၀ အပိုဒ်ခွဲ(က) ခေါင်းစဉ်ကို အပိုဒ် ၂၉ အပိုဒ်ခွဲ(က) ခေါင်းစဉ်အဖြစ်ပြင်ဆင်ပြီး ယင်းခေါင်းစဉ်ရှိ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(က) နှင့်(ခ)တို့တွင် ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၇ ပုဒ်မခွဲ(က) နှင့်(ခ) တို့တွင် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၂ အပိုဒ်ခွဲ(က)ကို အပိုဒ် ၃၁ အပိုဒ်ခွဲ(က) အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(က) ပုဒ်မ ၁၇ ပုဒ်မခွဲ(က)တွင် မည်သို့ပင်ပါရှိစေကာမူ ထုတ်လွှင့်သည့် အဖွဲ့အစည်းသည် ကိုယ်ပိုင်အထောက်အကူ ပစ္စည်းကိရိယာများဖြင့် ကိုယ်ပိုင်ထုတ် လွှင့်ခြင်းအတွက် ခွင့်ပြုထားသည့်စာပေ သို့မဟုတ် အနုပညာလက်ရာတစ်ခုခု၏ ယာယီမှတ်တမ်းတင်ခြင်းကို ပြုလုပ်နိုင်သည်။

( - ) အပိုဒ် ၃၃ အပိုဒ်ခွဲ(က)ကို အပိုဒ် ၃၂ အပိုဒ်ခွဲ(က)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၁၈ ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၇ ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၁၃) အပိုဒ် ၃၄ အပိုဒ်ခွဲ(က)ကို အပိုဒ် ၃၃ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်သည် စီးပွားရေးဆိုင်ရာအခွင့်အရေးတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အခြားပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းအား လွှဲပြောင်းခြင်းပြုနိုင်သည် သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးနိုင်သည်။

( - ) အပိုဒ် ၃၆ ကို အပိုဒ် ၃၅ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၃၅ အရ ဆိုသည့် စကားရပ်ကို ပုဒ်မ ၃၄ အရ ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၁၄) အပိုဒ် ၃၇ ခေါင်းစဉ်ကို အပိုဒ် ၃၆ ခေါင်းစဉ်အဖြစ်ပြင်ဆင်ပြီး ယင်းခေါင်းစဉ်ရှိ သီးသန့်အခွင့်အရေးကို ရရှိစေရမည်- ဆိုသည့်စကားရပ်ကို စီးပွားရေးဆိုင်ရာ သီးသန့်အခွင့်အရေးကို ရရှိစေရမည် - ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁) နှင့်(၂) တို့ကို အပိုဒ် ၃၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁) နှင့်(၂) အဖြစ်ပြင်ဆင်ပြီး အပိုဒ်ခွဲငယ်(၁) ရှိ ပုဒ်မ ၄၁ ပါ ဆိုသည့်စကားရပ်ကို ပုဒ်မ ၄၀ ပါ ဟုလည်းကောင်း၊ အပိုဒ်ခွဲငယ်(၂)ရှိ ထပ်မံထုတ်လွှင့်ခြင်း၊ ဆိုသည့်စကားရပ်ကို ထုတ်လွှင့်ခြင်း၊ ဟုလည်းကောင်း ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၇ အပိုဒ်ခွဲ(င)ကို အပိုဒ် ၃၆ အပိုဒ်ခွဲ(င) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) မိမိ၏ ဖျော်ဖြေတင်ဆက်မှုအား အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းကိုဖြစ်စေ၊ ယင်း၏မိတ္တူများကိုဖြစ်စေ အများပြည်သူသို့ အခကြေးငွေဖြင့် ငှားရမ်းခြင်း

( - ) အပိုဒ် ၃၈ အပိုဒ်ခွဲ(က) နှင့်(ခ) တို့ကို အပိုဒ် ၃၇ အပိုဒ်ခွဲ(က) နှင့်(ခ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ဖျော်ဖြေသူသည် မိမိ၏စီးပွားရေးဆိုင်ရာအခွင့်အရေးများကို လွှဲပြောင်းပြီးစေကာမူမိမိ၏ တိုက်ရိုက်ဖျော်ဖြေတင်ဆက်မှုနှင့် အရုပ်အသံဆိုင်ရာ ကြားခံပစ္စည်းတစ်ခုခုတွင် အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းပြုသည့် ဖျော်ဖြေတင်ဆက်မှုနှင့်စပ်လျဉ်း၍ အသုံးပြုသည့်နည်းလမ်းအရ စည်းကမ်းချက်ဖြင့် ချန်လှပ်ထားချက်မှအပ မိမိမှာ ဖျော်ဖြေသူဖြစ်ကြောင်း တောင်းဆိုခွင့်ရှိသည်။ ထို့ပြင်ဖျော်ဖြေသူသည် မိမိ၏ဂုဏ်သိက္ခာနှင့် ထင်ရှားကျော်ကြားမှုကို

ထိခိုက်စေရန် တစ်နည်းနည်းဖြင့် မိမိ၏ဖျော်ဖြေတင်ဆက်မှုကို ချို့ယွင်းစေခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပျက်စေခြင်းကို ကန့်ကွက်ပိုင်ခွင့်ရှိသည်။

(ခ) ဤပုဒ်မအရ ဖျော်ဖြေသူများ၏ စီးပွားရေးဆိုင်ရာအခွင့်အရေးနှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးအား အကာအကွယ်ပေးရမည့်ကာလသည် ဖျော်ဖြေတင်ဆက်မှုကို အရုပ်အသံဆိုင်ရာ ကြားခံပစ္စည်းတစ်ခုခုတွင် အရုပ်အသံပေါင်း စပ်ထည့်သွင်းခြင်းပြုသည့် နှစ်နှင့် တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့် နေ့အထိသော်လည်းကောင်း၊ ထိုသို့ အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်း မပြုသည့်ကိစ္စတွင် ဖျော်ဖြေသည့်နှစ်ကုန်ဆုံးသည့် အချိန်မှစ၍ နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့်နေ့အထိသော်လည်းကောင်းဖြစ်ရမည်။

( - ) အပိုဒ် ၃၉ အပိုဒ်ခွဲ(က) ခြေဆင်းကို အပိုဒ် ၃၈ အပိုဒ်ခွဲ(က) ခြေဆင်းအဖြစ်ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ သီးသန့်အခွင့်အရေးများရရှိရမည်- ဆိုသည့်စကားရပ်ကို စီးပွားရေးဆိုင်ရာ သီးသန့်အခွင့်အရေးများ ရရှိရမည်- ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄) ကို အပိုဒ် ၃၈ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က)(၄)ဖိုနိုဂရမ်မိတ္တူများကို အများပြည်သူသို့ အခကြေးငွေဖြင့် ငှားရမ်းခြင်း၊

( - ) အပိုဒ် ၃၉ အပိုဒ်ခွဲ(ခ) ကို အပိုဒ် ၃၈ အပိုဒ်ခွဲ(ခ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းပြုသည့်နှစ်နှင့် ဆိုသည့်စကားရပ်ကို ပထမအကြိမ် အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းပြုသည့်နှစ်နှင့် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၀ အပိုဒ်ခွဲ(က) ခြေဆင်းကို အပိုဒ် ၃၉ အပိုဒ်ခွဲ(က) ခြေဆင်းအဖြစ်ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ သီးသန့်အခွင့်အရေးများကို ရရှိစေရမည်- ဆိုသည့်စကားရပ်ကို စီးပွားရေးဆိုင်ရာ သီးသန့်အခွင့်အရေးများကို ရရှိစေရမည်- ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၁ ခြေဆင်းကို အပိုဒ် ၄၀ ခြေဆင်းအဖြစ်ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ ပုဒ်မ ၃၇၊ ၃၈၊ ၃၉၊ ၄၀ နှင့် ၄၂ တို့ပါ ဆိုသည့်စကားရပ်ကို ပုဒ်မ ၃၆၊ ၃၇၊ ၃၈၊ ၃၉ နှင့် ၄၁ တို့ပါ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၀ အပိုဒ်ခွဲ(ဃ) ခြွင်းချက်အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

ခြွင်းချက်။ အဆိုပါပြုလုပ်မှုများသည် သာမန်အသုံးပြုမှုနှင့် မဆန့်ကျင်စေရမည့်အပြင် အခွင့်အရေးရရှိသူတစ်ဦးဦး၏ တရားဝင်အကျိုးခံစားခွင့်ကို မလျော်ကန်သောနည်းဖြင့် ထိခိုက်ခြင်းမရှိစေရ။

( - ) အပိုဒ် ၄၂ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၄၁ အပိုဒ်ခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) ဤပုဒ်မအရ ဖိုနိုဂရမ်အသုံးပြုမှုအတွက် ရရှိမည့် အခကြေးငွေဆိုင်ရာ အခွင့်အရေးများကို ဖိုနိုဂရမ်စတင်ထုတ်ဝေသည့်အချိန်မှစ၍ ထိုနှစ်နှင့် တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့်နေ့ရက်အထိ အကာအကွယ်ပေးရမည်။ အဆိုပါဖိုနိုဂရမ်ကိုမူ ပုဒ်မ ၃၉ ပုဒ်မခွဲ(ခ)အရ ဆက်လက်ကာကွယ်မှု ပေးမည်။

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၄၂ အပိုဒ်ခွဲ(င)ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၄၅ အပိုဒ်ခွဲ(က)ကို အပိုဒ် ၄၄ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ပုဒ်မ ၄၃ တွင် မည်သို့ပင်ဆိုစေကာမူ ပုဒ်မ ၂၆ ပုဒ်မခွဲ(က)၊ (ခ)၊ ပုဒ်မ ၂၇ ပုဒ်မခွဲ(ခ) နှင့် ပုဒ်မ ၃၂ ပါ အချက်များနှင့် ကိုက်ညီသော ကန့်သတ်ချက်နှင့် ကင်းလွတ်ချက်ကို ခံစားခွင့်ရှိသူများသည် နည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများဖြင့် ပြုလုပ်ထားသည့်လက်ရာကို အသုံးပြုနိုင်ရန်အတွက် အဆိုပါအစီအမံများမှ ရှောင်လွှဲနိုင်သည့်အခွင့်အရေးကို ခံစားခွင့်ရှိသည်။

( - ) အပိုဒ် ၄၉ ကို အပိုဒ် ၄၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၉။ ပုဒ်မ ၄၆ အရ အကြောင်းကြားစာလက်ခံရရှိသော်လည်း လျှောက်ထားသူက အကြောင်းကြား စာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လိုအပ်ချက်များကို ဆောင်ရွက်တင်ပြခြင်းမရှိလျှင် စာပေ သို့မဟုတ် အနုပညာလက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

( - ) အပိုဒ် ၅၀ အပိုဒ်ခွဲ(က)ကို အပိုဒ် ၄၉ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ပုဒ်မ ၁၂၊ ၁၃၊ ၁၄၊ ၁၅ ပါအချက်များနှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးပြီးနောက် မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( - ) အပိုဒ် ၅၁ အပိုဒ်ခွဲ(က)ကို အပိုဒ် ၅၀ အပိုဒ်ခွဲ(က) အဖြစ်အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) စာပေနှင့်အနုပညာ မူပိုင်ခွင့်ပိုင်ရှင်သည် ယင်း၏မှတ်ပုံတင်လက်မှတ် မူရင်းပျက်စီး သို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန် ထုတ်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

( - ) အပိုဒ် ၅၂ ကို အပိုဒ် ၅၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၁။ စာပေ နှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်သည် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှု

ကိုလည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်ထားသည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

( - ) အခန်း(၁၇) အပိုဒ် ၅၆ အပိုဒ်ခွဲ(က)ကို အပိုဒ် ၅၅ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၁၆ ပါ ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၅ ပါဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၇ ကို အပိုဒ် ၅၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၆။ မှတ်ပုံတင်အရာရှိသည် စာပေနှင့် အနုပညာမူပိုင်ခွင့်မှတ်ပုံတင်စာရင်း သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးပါက အဆိုပါ ပယ်ဖျက်ခြင်းကို မှတ်တမ်းတင်၍ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်ထံအကြောင်းကြားပြီး သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

( - ) အခန်း(၁၈) အပိုဒ် ၅၈ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၅၇ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ပုဒ်မခွဲ(က)အရ အယူခံမှုတွင် အေဂျင်စီသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

( - ) အပိုဒ် ၅၉ ကို အပိုဒ် ၅၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ဆိုသည့် စကားရပ်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၁၉) အပိုဒ် ၆၀ အပိုဒ်ခွဲ(က) နှင့်(ခ)တို့ကို အပိုဒ် ၅၉ အပိုဒ်ခွဲ(က)နှင့်(ခ) အဖြစ်ပြင်ဆင်ပြီး အပိုဒ်ခွဲ(က)ရှိ ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အတူ လျှောက်ထားရမည်။ ဆိုသည့်စကားရပ်ကို ဖွဲ့စည်းပုံ၊ စည်းမျဉ်းစည်းကမ်းနှင့်အတူ လျှောက်ထားရမည်။ ဟုလည်းကောင်း ပြင်ဆင်၍ အပိုဒ်ခွဲ(ခ)ရှိ မူလလက်ရာရှင်၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်၊ ဖျော်ဖြေသူ၊ ထုတ်လုပ်သူ၊ ထုတ်ဝေသူ၊ ဖြန့်ချိသူနှင့် ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၆၁ အပိုဒ်ခွဲ(က)ကို အပိုဒ် ၆၀ အပိုဒ်ခွဲ (က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၆၀ အရ ဆိုသည့်စကားရပ်ကို ပုဒ်မ ၅၉ အရဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၆၂ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၆၁ အပိုဒ်ခွဲ(ဃ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ မူလလက်ရာရှင် သို့မဟုတ် စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် ဆိုသည့်စကားရပ်ကို မူလလက်ရာရှင်၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် ဟု ပြင်ဆင်ပါသည်။

( - ) အခန်း (၂၁) အပိုဒ် ၆၄ ကို အပိုဒ် ၆၃ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ခိုင်လုံသော ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၆၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)နှင့် (၂)တို့ကို အပိုဒ် ၆၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)နှင့်(၂) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် -

(၁) ပုဒ်မ ၆၃ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ယင်းလျှောက်လွှာကို လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

(၂) လျှောက်ထားချက်ကိုစိစစ်ရန် လိုအပ်သော သတင်းအချက်အလက်များ မပြည့်စုံခဲ့လျှင် လျှောက်ထားသူမှ အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ၁၅ ရက်အတွင်း သတင်းအချက်အလက်များ ထပ်မံဖြည့်စွက်ပေးပို့နိုင်စေရန်အလို့ငှာ ယင်း၏ဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားစာပေးပို့၍ ရွှေ့ဆိုင်းရမည်။

( - ) အပိုဒ် ၆၅ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၆၄ အပိုဒ်ခွဲ(ခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အခွင့်အရေးရရှိသူသည် ဆိုသည့်စကားရပ်ကို လျှောက်ထားသူသည် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၆၆ အပိုဒ်ခွဲ(က)ကို အပိုဒ် ၆၅ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၆၅ အရ ဆိုသည့်စကားရပ်ကို ပုဒ်မ ၆၄ အရ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၆၇ ကို အပိုဒ် ၆၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၆။(က)လျှောက်ထားသူထံ ဆိုင်းငံ့မိန့်ကို အသိပေးအကြောင်းကြားပြီးနောက် ၁၅ ရက်အတွင်း လျှောက်ထားသူမှ အမှုကိစ္စအမှားအမှန်အပေါ် ဆုံးဖြတ်နိုင်ရန် အရေးယူဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်နေကြောင်း သို့မဟုတ် မူပိုင်ခွင့်တရားရုံးမှ ပစ္စည်းစီးဆင်းမှု ဆိုင်းငံ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များသည် ကြန့်ကြာနေကြောင်း အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားခဲ့ခြင်းမရှိလျှင် ယင်းပစ္စည်းကို ကင်းလွတ်ခွင့်ပြုရမည်။ သင့်လျော်သောကိစ္စရပ်များတွင် ထိုသတ်မှတ်ထားသော အချိန်ကာလကို ၁၅ ရက်မကုန်ဆုံးမီ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ဖြင့် ၁၅ ရက် ထပ်မံတိုးနိုင်သည်။

(ခ) ပျက်စီးလွယ်သောပစ္စည်းဖြစ်ပါက သတ်မှတ်ထားသောအချိန်ကာလကို ၁၀ ရက်မှ ၃ ရက်သို့ လျှော့ချရမည်။

( - ) အပိုဒ် ၆၈ ကို အပိုဒ် ၆၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၇။ ဆိုင်းငံ့မိန့်အကြောင်းကြားစာကို လက်ခံရရှိပြီးနောက် တင်သွင်းသူသည် ဆိုင်းငံ့မိန့်ကိုမကျေနပ်ပါက သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။ မူပိုင်ခွင့်တရားရုံးသည် ပြန်လည်စိစစ်ရန် အခွင့်အရေး တောင်းဆိုသည့် ရက်မှ ရက်ပေါင်း ၂၀ အတွင်း ဆိုင်းငံ့ကာလကို ပြင်ဆင်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုလုပ်ရမည်။

( - ) အခန်း(၂၂) အပိုဒ် ၇၃ အပိုဒ်ခွဲ(က)ကို အပိုဒ် ၇၂ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

(က) အခွင့်အရေးရရှိသူသည် ပုဒ်မ ၇၃ နှင့် ၇၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နစ်နာမှုအတွက် တရားမကြောင်းအရ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန် မူပိုင်ခွင့်တရားရုံးတွင် အထွေထွေမှုလျှောက်ထား နိုင်သည်။

( - ) အပိုဒ် ၇၄ အပိုဒ်ခွဲ(က)ကို အပိုဒ် ၇၃ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၇၃၊ ပုဒ်မခွဲ(က)အရ ဆိုသည့်စကားရပ်ကို ပုဒ်မ ၇၂၊ ပုဒ်မခွဲ(က)အရ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၇၄ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၇၃ အပိုဒ်ခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(ဃ) မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားသူ တောင်းဆိုခဲ့သည့် ယာယီအရေးယူ ဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ခဲ့သည့်နေ့မှစ၍ ထိခိုက်နစ်နာမှု အပေါ် အမှုကို အပြီးအပြတ်ဆုံးဖြတ်နိုင်ရန်အတွက် တရားမကြောင်းအရ တရားစွဲဆိုခြင်းကို မူပိုင်ခွင့်တရားရုံးက သတ်မှတ်ထားသည့်သင့်လျော်သော ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ယာယီအရေးယူဆောင်ရွက်ရန် အမိန့်ချမှတ်သည့်နေ့မှ ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ သို့မဟုတ် ပြက္ခဒိန် ရက်ပေါင်း ၃၁ တို့အနက် ပိုမိုကြာမြင့် သည့်အချိန်အတွင်း တရားစွဲဆိုမှုကို စတင်ဆောင်ရွက်ခဲ့ခြင်းမရှိလျှင် ပုဒ်မ ၇၄ ပုဒ်မခွဲ(ခ)ကို မထိခိုက်စေဘဲ ပုဒ်မ ၇၃ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၇၄ ပုဒ်မခွဲ (က)တို့အရ ချမှတ်ထားသော ယာယီအရေးယူဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

( - ) အပိုဒ် ၇၅ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၃)ကို အပိုဒ် ၇၄ အပိုဒ်ခွဲ(ဂ)အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

(ဂ) တစ်ဆင့်မြင့် မူပိုင်ခွင့်တရားရုံးသည် ယင်းယာယီအရေးယူ ဆောင်ရွက်ချက် များ အပေါ်ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့အား

ဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏ တောင်းဆိုချက်အရ နှစ်ဖက်ကြားနာ၍ ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို သင့်လျော်သည့်ကာလ အတွင်း ဆောင်ရွက်ရမည်။

( - ) အပိုဒ် ၇၆ အပိုဒ်ခွဲ(က) ခြေဆင်းနှင့် အပိုဒ်ခွဲငယ်(၁)တို့ကို အပိုဒ် ၇၅ အပိုဒ်ခွဲ(က) ခြေဆင်းနှင့် အပိုဒ်ခွဲငယ်(၁)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေး ထိပါး ချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားမဆိုင်ရာဥပဒေများနှင့် တရားမကျင့်ထုံး ဥပဒေတို့ကို မထိခိုက်စေဘဲ မူပိုင်ခွင့် တရားရုံးသည် ပုဒ်မ ၇၂ ပုဒ်မခွဲ(ခ) အရ စွဲဆိုမှုတွင် အောက်ပါအမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေ ချမှတ်နိုင်သည် -

(၁) အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန် အရပ်ရပ်ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီး တင်သွင်းလာမည့်စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးထိပါး ချိုးဖောက်ထားသည့် ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးခြင်းအပါအဝင် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေး ထိပါး ချိုးဖောက်မှုအတွက် တားမြစ်သည့်အမိန့်၊

( - ) အမျိုးသားလွှတ်တော်၏အတည်ပြုချက် အပိုဒ် ၈၁ ကို ပယ်ဖျက်ပါသည်။

( - ) အခန်း(၂၃) အပိုဒ် ၈၃ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄)ကို အပိုဒ် ၈၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲငယ်ရှိ ပုဒ်မ ၄၃ နှင့် ၄၄ ပါ ဆိုသည့် စကားရပ်ကို ပုဒ်မ ၄၂ နှင့် ၄၃ ပါ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၈၄ ကို အပိုဒ် ၈၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၈၂။ မည်သူမဆို ပုဒ်မ ၈၁ ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီး နောက်ယခင်ကျူးလွန်ခဲ့သည့် ပြစ်မှုမျိုးကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှအများဆုံးတစ်ဆယ် နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၅ဝ အောက်မနည်း သော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( - ) အမျိုးသားလွှတ်တော်၏အတည်ပြုချက် အပိုဒ် ၈၆ ကို ပယ်ဖျက်ပါသည်။

( - ) အခန်း(၂၄) အပိုဒ် ၈၈ ကို အပိုဒ် ၈၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၈၅။ ဤဥပဒေအရ အကာအကွယ်ပေးသည့် သက်တမ်းကုန်ဆုံးသွားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာသို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာလက်ရာ

ကို အများပြည်သူပိုင်ဟု မှတ်ယူရမည်။ ထိုအများပြည်သူပိုင်လက်ရာကို မည်သူမဆို မူလလက်ရာရှင်၊ စာပေနှင့် အနုပညာ မူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်၏ ခွင့်ပြုချက်မလိုဘဲ လွတ်လပ်စွာအသုံးပြုနိုင်သော်လည်း စာပေ သို့မဟုတ် အနုပညာလက်ရာကို အသုံးပြုသူသည် မူလလက်ရာရှင်၏အမည်နှင့် ဂုဏ်သိက္ခာဆိုင်ရာအခွင့်အရေးကို ထိခိုက်ခြင်းမရှိစေရ။

( - ) အပိုဒ် ၉၂ ကို အပိုဒ် ၈၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၈၉။ ဤဥပဒေအာဏာသက်ရောက်သည့် နေ့ရက်မတိုင်မီ စာပေနှင့် အနုပညာ မူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးပိုင်ရှင်၏ ခွင့်ပြုချက်မပါဘဲ အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ပြုလုပ်ထားသော မိတ္တူများကို ဥပဒေအာဏာသက်ရောက်သည့်နေ့မှ နှစ်နှစ်အတွင်း စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးပိုင်ရှင်၏ ခွင့်ပြုချက်မပါဘဲ ပြည်သူလူထုသို့ ဖြန့်ချိခွင့်ပြုနိုင်သည်။

( - ) အမျိုးသားလွှတ်တော်၏အတည်ပြုချက် အပိုဒ် ၉၄ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၉၅ ကို အပိုဒ် ၉၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၉၁။ မူပိုင်ခွင့်တရားရုံးသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေး ချိုးဖောက်ထားသော ပစ္စည်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သောကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန်၊ ဖျက်ဆီးစေရန် သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်စေရန် သင့်လျော်သည့် ထင်မြင်သည့်စီမံခန့်ခွဲမှု အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

( - ) အပိုဒ် ၉၆ ကို အပိုဒ် ၉၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၉၂။ ပုဒ်မ ၁၇ ပုဒ်မခွဲ(က)တွင် မည်သို့ပင်ပါရှိစေကာမူ စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာလက်ရာကို ပြည်သူလူထု၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ စာအုပ်စာတမ်းများ သို့မဟုတ် သင့်လျော်သောဆောင်ရွက်ချက်များအတွက် နိုင်ငံတော်မှ အသုံးပြုနိုင်သည်။

၄။ သို့ဖြစ်ပါ၍ စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၆-၈-၂၀၁၈ ရက်

(ကြာသပတေးနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမမပုံမှန်အစည်းအဝေး နဝမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် (သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၂း၄၅ နာရီ အချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ (၁၄.၈.၂၀၁၈) ရက်နေ့တွင်
## မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



U Win Maw Tun | U Myint Oo



U Win Maw Tun | Daw Nan Moe



U Win Maw Tun | U Min Thein



U Win Maw Tun | U Aung Kyaw Oo



U Win Maw Tun | U Kyaw Myint



U Win Maw Tun | U Nyunt Aung



U Kyaw Linn | U Khin Maung Myint



U Kyaw Linn | U Yan Kyin Kan




U Kyaw Linn Daw Thandar




U Kyaw Linn U Saw Thlay Saw




U Kyaw Linn Daw Khin Saw Wai




U Kyaw Linn U Sein Aung

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်